


# အလောင်းတော်ကဿပ

# သာသနာ့မော်ကွန်း

## စိုးဟိန်း

(ပန်း တက္ကသိုလ်)

ရေးသား ပြုစု ပူဇော်သည်

2009 . GRAPHIC DESIGN : KYAW MINN MOUNG

“နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

# အလောင်းတော်ကဿပ

# သာသနာ့မော်ကွန်း

စိုးဟိန်း(မန်းတက္ကသိုလ်)
ရေးသား ပြုစု ပူဇော်သည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၈၁၄
ရက်စွဲ ၁၇-၂-၁၂
သာသနာ့စာကြည့်တိုက်

ရန်ကုန်မြို့ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

ညွှန်ကြားရေးမှူး - ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂၄၀၅ မှ ထုတ်ဝေပြီး

သာသနာရေးဦးစီးဌာနအတွက်

ဦးနေမျိုး (၀၄၀၅၈)
(နေမျိုးစာပဒေသာ) ပုံနှိပ်တိုက်
အမှတ်-၁၊ သုမင်္ဂလာလမ်း ၅-ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့ မှ ရိုက်နှိပ်ပါသည်။

ဖြန့်ချိရေး

**စိုးနိုင်စာပေ**

ဆိုင်အမှတ်(၁၀၅)၊ ဗိုလ်ချုပ်ဈေးသစ်၊ ရန်ကုန်။
ဖုန်း-၃၇၉၄၇၅/၆/၇/၈/၉(လိုင်းခွဲ-၅၁၉)

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ သာသနာ့မော်ကွန်းစိုက်ထူရခြင်းစေတနာ | ၁ |
| ၂။ အလောင်းတော်ကဿပ သာသနာ့မော်ကွန်း | ၁၀ |
| ၃။ သာ့သနာ့လမ်းညွှန်ခရီး စတင်ထွက်ခွာခြင်း | ၂၂ |
| ၄။ ကပိုင်မှသည် စံကျောင်းဆီသို့ | ၃၀ |
| ၅။ ရှင်သူငယ်ထွက်ပေါက်မှ ဓမ္မအသိ | ၃၆ |
| ၆။ စံကျောင်းတော်နှင့် ရုပ်ပွားတော် | ၃၉ |
| ၇။ ကျောက်လှိုဏ်ဂူ ကျောက်တံခါးဆီသို့ | ၄၃ |
| ၈။ ရေးဘဝ ရသေ့ညီနောင် ကတိစကား | ၅၀ |
| ၉။ သာသနာထွန်းပ အလောင်းတော်ကဿပ | ၅၄ |
| ၁၀။ ပုပ္ပါး ဦးကုမာရ၏ သာသနာပြုခရီး | ၅၇ |
| ၁၁။ မထေရ်မြတ်သာသနာအတွက် ပုခုံးပြောင်းယူ | ၆၀ |
| ၁၂။ ရှင်မဟာကဿပ မထေရ်မြတ်ခြေတော်ရာ | ၆၂ |
| ၁၃။ ကဿပ မထေရ်မြတ် ကြွရာလမ်းခရီး | ၆၅ |
| ၁၄။ ဖိုလ်ဝင်တောင်ဆရာတော်၏ သာသနာပြု… | ၇၀ |
| ၁၅။ ဦးမောင်မောင်ဌေး၏ အကြောင်းတရား | ၇၅ |
| ၁၆။ အလောင်းတော်ကဿပ ဘုရားဖူးသွားလိုလျှင် | ၇၈ |
| ၁၇။ ကြေးစည်သံ တချွင်ချွင် | ၈၃ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၈။ ညီညွတ်ရေး ထမင်းပွဲ | ၈၆ |
| ၁၉။ ပိပ္ပလိလုလင်နှင့် မယ်ဘဒ္ဒါ | ၉၁ |
| ၂၀။ ပါရမီရှင်နှစ်ဦး၏ တောထွက်ခန်း | ၉၄ |
| ၂၁။ ဘုရားရှင်ထံ ရဟန်းခံခြင်း | ၉၅ |
| ၂၂။ ဘုရားရှင်နှင့် သင်္ကန်းလဲတော်မူခြင်း | ၉၈ |
| ၂၃။ တရားကျေးဇူးရှင်ကြီး ရှင်မဟာကဿပ | ၁၀၃ |
| ၂၄။ ပထမ သင်္ဂါယနာတင်ခြင်း | ၁၀၉ |
| ၂၅။ အဓိဋ္ဌာန်ပုတီး ကုသိုလ်ခရီး | ၁၁၁ |
| ၂၆။ သာသနာပြုမင်း အဇာတသတ် | ၁၂၃ |
| ၂၇။ ရှင်မဟာကဿပ ပရိနိဗ္ဗာန် စံဝင်ခန်း | ၁၂၆ |
| ၂၈။ အဇာတသတ်မင်း ရှာပုံတော် | ၁၂၈ |
| ၂၉။ ဝန်ဆောင်ဆရာတော်များ ရေသိမ်ဝင်ကြခြင်း | ၁၃၆ |
| ၃၀။ ဆန်းကြယ်ဂန္ထဝင် ဖြစ်ရပ်ဆန်း | ၁၄၀ |
| ၃၁။ ထွန်းလင်းဖြာဝေ သာသနာ့မြေ | ၁၄၆ |
| ၃၂။ သာသနာ့အောင်မြေမှ အပြန် | ၁၄၉ |
| ၃၃။ ကဿပရှင်းတမ်း | ၁၅၄ |



* * * *




အဇာတသတ်မင်း တည်ထားခဲ့သည့် လွမ်းစေတီ



ကျောက်လှိုဏ်ဂူ ကျောက်တံခါးရှေ့တွင် တပို့တွဲလပြည့်နေ့၌
ဝန်ဆောင်ဆရာတော်များ ရေသိမ်ဝင်နေကြစဉ်။


သစ္စာရေတွင်း



၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉-၂-၂၀၀၉)
နေ့(၁)နာရီခန့်တွင် ကျောက်ဂူတံခါး ဟသွားစဉ်။
ထွက်ပေါ်လာသော ဆန်းကြယ်သည့် ရောင်ခြည်အလင်း






အနောင်းတော်ကဿပ သာသနာပြု ဆရာတော်အစဉ်အဆက်


ကိုယ်စားရုပ်ပွားတော်မြတ်သတင်းသုံးရာ စံကျောင်းတော်



၁၃၇၀ခုနှစ်၊ တပို့တွဲလပြည့်နေ့(၉-၂-၂၀၀၉) ကျောက်ဂူတံခါးဟနေစဉ်
လှူဒါန်းပူဇော် ဆုတောင်းနေကြသူများ




၂၉·၁·၂၀၁၀ တပို့တွဲလပြည့်နေ့ ကျောက်လိုဏ်ဂူတော်တံခါး မဟာမီ ပကတိအနေအထားမြင်ကွင်း



၂၉-၁-၂၀၀၀ တပို့တွဲလပြည့်နေ့ ကျောက်လိုဏ်ဂူတော်ထူးခြားမှုဖြစ်ရပ်ကို လာရောက်ဖူးမြော်ကြသူများ တိုးတိုးဝှေ့ဝှေ့

ဒုဝ်ယဒုဂြိုၚ်ပါဂလိၚ်ဗြဲကွာ်ကွာ်ဗြဲပ္ဍဲဒဂၢ် ဍိုဝ်ဇၞောဝ်ကေၚ်ပ္ဍဲ ပ္ဍဲတဒပ်ဓရာဂွံပ္ဍဲပါၜဲဒ ဗ္ဒၚ်ကြူလဝ်တဂွံတေ ၀၀၀၇ ·၉·၁၇





၂၉-၁-၂၀၁၀ တပို့တွဲလပြည့်နေ့ ကျောက်လှိုဏ်ဂူတော်ကျောက်တံခါးရှေ့မှ ထူးခြားဆန်းကြယ်အလင်းရောင်ခြည်

# သာသနာ့မော်ကွန်း စိုက်ထူရခြင်း စေတနာ

မြန်မာနိုင်ငံတွင် ထူးခြားထင်ရှားသော တန်ခိုးကြီးဘုရားများစွာ ရှိကြပါသည်။ ရွှေတိဂုံ၊ မဟာမြတ်မုနိ၊ ကျိုက်ထီးရိုး၊ အင်းတော်ကြီး ရွှေမဥ္ဇူ စသည်. . . စသည်။ ထိုအထဲတွင် မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ကနီတွင်ရှိသော ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးကြား၌ ပရိနိဗ္ဗာန်ပြု စံမြန်းတော်မူသော ဘုရားရှင်လက်ထက်တတိယမဟာသာဝက ရှင်မဟာကဿပရဟန္တာမထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်တည်ရှိရာ အလောင်းတော်ကဿပလည်း အပါအဝင်။

ထိုကဲ့သို့ ထူးခြားထင်ရှားဆန်းကြယ်သည့် တန်ခိုးကြီးဘုရားပုထိုးစေတီများစွာရှိကြသော်လည်း အချို့ဘုရားများကားမှတ်တမ်းမှတ်ရာ သမိုင်းအထောက်အထား မှီငြမ်းကိုးကားဖတ်ရှုလေ့လာစရာ စာအုပ်စာတမ်းများမရှိ။ တစ်ချို့ရှိကြသည့်တိုင် နှစ်ပေါင်းများစွာကရေးသားခဲ့သော အရေးအသားနှင့် အ

ပြင်အဆင်။ လက်ရှိ တိုးတက်မှုနှင့်ကွာဟနေကြသည်။ ထို့အတူ ပါဠိစာများကြောင့် ဖတ်ရန်မဆိုထားဘိ၊ ကိုင်ပင်မကိုင်ကြ။ ယနေ့ခေတ်လူငယ်များကား မြန်မာစာပေအရေးအသား၌ပင် ချွတ်ယွင်းအားနည်းနေကြသည်။ ပါဠိဆိုလျှင် ဘာတွေမှန်း မသိဟုဆိုကာ မဖတ်ချင်ကြတော့။ မြန်မာစာပေရှေ့ရေး တွေးကြည့်လျှင် ရင်လေးစရာ။

× × × × ×

စင်စစ်ဘုရားများတွင် ဘုရားသမိုင်းစာအုပ်ရှိထားသင့်သည်။ သို့မှသာ ထိုဘုရား၏ သမိုင်းကြောင်းသည် စိတ်အာရုံတွင် ကသိုဏ်းထင်လာပြီး သဒ္ဓါတရား တိုးပွားလာနိုင်မည်။ ထိုသို့သဒ္ဓါတရား တိုးပွားလာနိုင်စေရန်လည်း ဘုရားသမိုင်းကြောင်းရေးသားရာ၌အဖြစ်မှန်ကို အရင်းအမြစ်တိုင်အောင် လိုက်၍ လေ့လာမှတ်သားပြီး ရိုသေလေးစားကြည်ညိုစိတ်ဖြင့် ရေးသားရပေမည်။ သို့မှသာ ဖတ်ရှုသူဘုရားဖူးအဆက်ဆက်လည်း ကုသိုလ်တရားပွားများရာ၌ အလေးအမြတ်ထား ကြည်ညိုရိုသေ ပူဇော်ကြပေလိမ့်မည်။

ထိုသို့မဟုတ်ဘဲ စာအုပ်ဖြစ်ပြီးရောသဘောနှင့် သာမာန်ကာ အပေါ်ယံအမြင်နှင့် အဖြစ်သဘောရေး၊ အဖြစ်သဘောလုပ်ပါက ကြည်ညိုလေးစားမှုမပါသော အဖြစ်သဘောဘုရားဖူးသာ လာကြပေတော့မည်။ တဖြည်းဖြည်းနှင့် ဘုရားလည်းချောက် လူလည်းပျောက်နှင့် ကြည်ညိုကိုးကွယ်ဆည်းကပ်မှုနည်းပါးသောအရပ်တွင် ဌာပနာထားသော ဓာတ်တော်များလည်း အရပ်တစ်ပါးသို့ ပြောင်းကြွသွားတတ်ကြသည်ဟု ကျွန်တော်ကြားသိဘူးပါသည်။

ထို့ကြောင့် ဘုရားသမိုင်းကို ရေးမည်ဆိုလျှင် ရေးသူရော ထုတ်ဝေသူပါ သာသနာပေါ်စေတနာထား၍ အကျိုးအမြတ် ထက် သဒ္ဓါအားကို ဦးထိပ်ပန်ဆင်ကြရပေမည်ဟု နားလည်ယုံကြည်ပါသည်။

× × × × ×

စင်စစ် ကျွန်တော်သည် စာပေမှမွေးဖွားလာပြီး ရုပ်ရှင်တွင် ကျင်လည်နေသော စာရေးဆရာဒါရိုက်တာတစ်ဦး ဖြစ်သည်။ စာပေ၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါးများစွာ ရေးသားခဲ့သလို အယ်ဒီတာအဖြစ်တာဝန်ယူခဲ့ရသော မဂ္ဂဇင်းလည်း များစွာ။ သို့သော် ယခုကဲ့သို့ ဘုရားသမိုင်းစာအုပ်ကိုမူ မရေးဖြစ်ခဲ့။ မရေးဖူးခဲ့။

စာပေမှသည် ရုပ်ရှင်နယ်သို့ ခြေဆန့်။ အနုပညာနယ်မြေ ချဲ့ထွင်။ ဒါရိုက်တာအဖြစ် ဇာတ်ကားများရိုက်နေရာမှ ၁၉၉၃ ခုနှစ်မှစ၍ ဘာသာရေးအခြေခံဇာတ်ကားများသာ ရိုက်ဖြစ်တော့သည်။ မြဝတီရုပ်သံအတွက် မဟာဗုဒ္ဓဝင် လေးတော်တင်ခန်း၊ ဗုဒ္ဓဝင်တောထွက်ခန်း၊ အဇာတသတ် သရဏဂုံတည်ခန်း စသည့် ဗုဒ္ဓဝင်ဇာတ်လမ်းများ ရိုက်ဖြစ်ခဲ့သလို နောက်ပိုင်းတွင် ပုလိပ်မြွေဘုရားသမိုင်း၊ ကံ့ကော်တစ်ထောင် သာသနာသမိုင်း နောက်ခံဇာတ်လမ်း၊ ဇာတ်ကြီးဆယ်ဘွဲ့နှင့် ဇာတ်တော်များ ရိုက်ဖြစ်ခဲ့သည်။

ထိုမှသည် မဟာဂန္ဓာရုံဆရာတော် ထေရုပ္ပတ္တိကို မြဝတီရုပ်သံအတွက် မောင်နှင်းမိုးနှင့် လက်တွဲရိုက်ပေးခဲ့ရပြန်သည်။ သို့ဖြင့် နောက်ပိုင်းတွင် ရွှေပေါ်ကျွန်းဆရာတော်ထေရုပ္ပတ္တိ ရွှေပေါ်ကျွန်းသာသနာ့မော်ကွန်း၊ အဘိုးသံထေရုပ္ပတ္တိ တောင်သုံးလုံး

သာသနာ့မော်ကွန်း၊ ကံ့ကော်တစ်ထောင်သာသနာ့မော်ကွန်း၊ မေတ္တာပို့တေးသီချင်းများ စုစည်းထားသည့် မေတ္တာမော်ကွန်း၊ မဟာမြတ်မုနိသမိုင်းဖြစ်သည့် မဟာမြတ်မုနိရုပ်ရှင်တော်မော်ကွန်း၊ ပြည်မြို့ ရွှေဖျိုင်းနားဆရာတော်ထေရုပ္ပတ္တိဖြစ်သည့် ကမ္ဘာ့ရွှေရင်အေး ရွှေဖျိုင်းနားသာသနာ့မော်ကွန်း၊ ပြည်မြို့ ဝေပုလ္လရာမဆရာတော်ထေရုပ္ပတ္တိဖြစ်သည့် ဝေပုလ္လာရာမ သာသနာ့မော်ကွန်း၊ အောင်စေလင်းစေပွင့်စေ ဓမ္မတေးသီချင်းများ၊ ကံကော်စေမယ့် နိမိတ်ကိုဆောင်အမည်ရှိ ဓမ္မတေးဗွီစီဒီ. . . ဘာသာရေးဆိုင်ရာ သာသနာ့မော်ကွန်းမှတ်တမ်းဗီစီဒီများ အဆက်မပြတ်ရိုက်ရင်း အနုပညာဖြင့် သာသနာပြုကာ ဂန္ဓာရီလမ်းလျှောက်လှမ်းလျက်ရှိသည်။

× × × × ×

ထို့ကြောင့်လည်း ၂၀၀၈ ခုနှစ် နှစ်ကုန်လောက်တွင် လက်တွဲဖော်ဒါရိုက်တာ ဆရာမောင်နှင်းမိုးနှင့် ဗိုလ်မှူး(ငြိမ်း) မောင်မောင်လှိုင်ဆိုသူတို့ရောက်လာကာ“အလောင်းတော်ကဿပ ထေရုပ္ပတ္တိ” ဇာတ်လမ်းရိုက်ရန်ရှိသည်ဟု ဆိုလာ ကြသည်။ ဇာတ်ညွှန်း ချစ်ဦးညိုဟုလည်း သိရသည်။ ငွေထုတ်ရိုက်မည့် ထုတ်လုပ်သူမှာ မုံရွာမှရတနာမြင့် ဗွီဒီယိုဦးလှမြင့် ဆိုသူဟုလည်း ပြောသည်။

သို့ဖြင့် အလောင်းတော်ကဿပဆိုင်ရာ မှတ်တမ်းမှတ်ရာ အချက်အလက်များကို ကျွန်တော်ရှာရ၊ မှတ်ရ၊ ရေးသားရနှင့် အားစိုက်ကြရသည်။ ဆရာချစ်(ချစ်ဦးညို) ကလည်း စာသမားချင်းပေမို့ အပြန်အလှန်လေးစားမှုဖြင့် ဆွေးဆွေးနွေးနွေး၊ ညှိညှိနှိုင်းနှိုင်း။ သရုပ်ဆောင်များ စဉ်းစား၊

ရိုက်ကွင်းနေရာ စဉ်းစား။ ရွှေစင်ရုပ်တုအတွက် ပုံစံတုပြုလုပ်ရန် ဖူးစုံကို ဓာတ်ပုံ ရိုက်ကြ။ ရန်အောင်၊ ဖူးစုံ၊ မင်းသူ၊ ဦးစောနိုင် (ရှမ်းပြည်)၊ ထူးသာ၊ ဒေါ်တင်တင်လှ။ သရုပ်ဆောင်များလည်း ပြောပြီးဆိုပြီး။ မောင်နှင်းမိုးနှင့် ကျွန်တော်လည်း ဇာတ်ဝင်အတွက် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း တစ်ဝိုက် ရိုက်ကွင်းများလိုက်ကြည့်။

ထိုသို့ စီစဉ်ကြိုးပမ်းခဲ့ကြသော်လည်း နောက်ပိုင်းတွင် ထုတ်လုပ်သူ ဦးလှမြင့်နှင့်တွေ့ဆုံကြပြီး ကုန်ကျစရိတ်ငွေတွက်ကြ၊ ရိုက်ကူးရေးများရေးဆွဲစီစဉ်ရင်း အကြောင်းကြောင်း များကြောင့် ရိုက်ကူးရေးအစီအစဉ်ကို ရပ်နားလိုက်ရသည်။ အဓိကက ငွေရေးကြေးရေး၊ ရိုက်ကူးရေးကုန်ကျစရိတ်များလွန်းနေခြင်း ပြဿနာ။

× × × × ×

စင်စစ် ဘာသာရေးနှင့်ပတ်သက်လျှင် စာအုပ်ပဲလုပ်လုပ်၊ ရုပ်ရှင်ပဲ ရိုက်ရိုက်၊ အဖြစ်မလုပ်လို။ နဂို ကြည်ညိုလေးစား ပူဇော်မှုရှိနေသော ဘုရားစေတီသမိုင်းသည် ကိုယ့်အနုပညာလုပ်ရပ်ကြောင့်ပို၍ သာကြည်ညိုလေးစားဘွယ်ရှိလာရပေမည်။ အကြည်ညိုမလျော့ပါးသွားစေရ။ အ,ဂါရဝ မဖြစ်စေလို။ ထိုအတွက် ပို၍အားစိုက်ရမည်။ ပို၍ စေတနာထားရမည်။ သဒ္ဓါတရားမလျော့စေရ။ စီးပွားရေးတွက်တွက်ကာ လုပ်မည်ဆိုလျှင် စီးပွားရေးဗွီဒီယို၊ စီးပွားရေးစာအုပ်သာ ဖြစ်ပေလိမ့်မည်။ ဘာသာရေးဗွီဒီယို၊ ဘာသာရေးစာအုပ်ဖြစ်မလာနိုင်။

× × × × ×

ယခုလည်း ဗေဒင်ကျမ်းစာအုပ်များ၊ ဆရာဦးမြင့်လွင် ရေး

သားတွက်ချက်ထားသည့် အောင်ခြင်းမင်္ဂလာ အခါပေးပေဒင် ပြက္ခဒိန်နှင့် အင်းဝပေဒင်စာအုပ်များ ရေးသားထုတ်ဝေနေသည့် စိုးနိုင်စာပေမှ ကိုစိုးနိုင်နှင့် စကားဝိုင်းဖွဲ့ကြရာမှ စာပေ လောက အနေအထား၊ ဈေးကွက်အခြေအနေ၊ စာဖတ်ပရိသတ်အပိုင်း ဆွေးနွေးဖြစ်ကြသည်။

"ဘာပဲဖြစ်ဖြစ်အခု ကျွန်တော် ဘာသာရေးစာပေလုပ် ကြည့်တော့ ရင်အေးစရာတွေခံစားလာရတယ်ဆရာ၊ စာပြင် ရင်းနဲ့ ဖတ်နေရတာကိုက တရားအတွေး၊ တရားအမြင်တွေ ပိုသိ မြင်လာတယ်။ ဒါ စာအုပ်မထွက်ခင် ပထမရလာတဲ့ အကျိုးကျေး ဇူးပဲ။ ဘာသာရေးကို စိတ်ထားသန့်သန့် သဒ္ဓါစိတ်နဲ့သာလုပ်ရင် အကျိုးမယုတ်ဘူးဆိုတာ ကျွန်တော်ယုံတယ်။ ကျွန်တော် ဘာ သာရေးဆိုင်ရာပဲ ဆက်လုပ်ဖြစ်မယ်။ ဆရာလည်း ဘာသာရေး ဆိုင်ရာတွေပဲ ရိုက်နေတာ။ ဗွီဒီယို၊ ဗွီစီဒီတင် မကဘူး။ စာနဲ့ပါ မော်ကွန်း ထပ်တင်ပါလားဆရာ၊ ဆရာလည်း စာရေးနေတာပဲ။ ကျွန်တော် ထုတ်မယ်။ အခု ဆရာရိုက်နေတာ ဘာလဲ"

"အလောင်းတော်ကဿပသာသနာ့မော်ကွန်း"

× × × × ×

တိတ်၊ စီဒီ၊ ဗွီဒီယို၊ ဗွီစီဒီတို့သည် အရုပ်၊ အသံ၊ မျက်စေ့ ပသာဒအရတွေ့မြင်နိုင်သော်လည်း ရေရှည်အထားမခံ၊ ပျက် စီးသွားကြသည်သာ။ သမိုင်းတွင် မကျန်ရစ်ကြ။ သို့အတွက် နောက်ပိုင်းတွင် ကိုးကားရည်ညွှန်းမှတ်တမ်းတစ်ရပ်အဖြစ် ရေရှည်ကျန်ရစ်နိုင်ရန် စာပေဖြင့်သာ ချန်ထား၍ရမည်ဟု ကျွန် တော်တွေးမိသည်။ နဂိုကတည်းက စာပေကမွေးထုတ်ပေးလာ သည့် စာရေးဆရာဖြစ်နေသည့်အတွက် အလောင်းတော်

ကဿပသမိုင်းစာအုပ်ထုတ်ဝေရေးကိစ္စ ကိုစိုးနိုင်ပြောဆိုမှုကို လက်ခံလိုက်သည်။

× × × × ×

အလောင်းတော်ကဿပနှင့် ပတ်သက်သည့် စာအုပ်များကား လက်ရှိလည်းရှိနေပါသည်။ ကနီဆရာတော်ဦးဝါယာမိန္ဒက လည်း၊ လှသိန်းဝင်း (ကနီ) ကလောင်အမည်ဖြင့် အခါအားလျော်စွာရေးသားစီစဉ်လျက်ရှိနေပါသည်။ သို့သော် ပြောင်းလဲတိုးတက်လာသော ခေတ်အခြေအနေနှင့် ယနေ့ခေတ်စာဖတ်သူတို့၏ ပြောင်း လဲလာသော အတွေးအမြင်နှင့်အညီခေတ်အမြင်ခေတ်အတွေး ခေတ်နှင့်လျော်ညီသော သမိုင်းစာအုပ်လိုအပ်နေသည်ဟု နားလည်လိုက်သဖြင့် အလောင်းတော်ကဿပ သမိုင်းစာအုပ်ကို အလောင်းတော်ကဿပသာသနာ့မော်ကွန်း အမည်ဖြင့်ပင် စာမော်ကွန်းတစ်ရပ်ကျွန်တော်ရေးထိုးမော်ကွန်းတင်လိုက်ပါသည်။

ဤမော်ကွန်းရေးထိုးနိုင်ရန်အတွက် ဗီဒီယိုရိုက်ကူးရေးဖြင့် အစပြုလာသော ဒါရိုက်တာမောင်နှင်းမိုး၊ အငြိမ်းစားဗိုလ်မှူးမောင်မောင်လှိုင်၊ ဦးလှမြင့်(ရတနာမြင့်ဗွီဒီယို)၊ စိုးနိုင်စာပေမှ ကိုစိုးနိုင်နှင့်အဖွဲ့၊ ဆရာတော်ဦးသုမန (ဖိုလ်ဝင်တောင် ဆရာတော်)၊ ဆရာတော် ဦးဝါယာမိန္ဒ (ကနီဆရာတော်)နှင့် ကူညီပံ့ပိုးပေးကြသော ဦးမောင်မောင်ဌေး (အကျိုးတော်ဆောင်)၊ ပန်းချီ ကျော်မင်းမောင်၊ နေလဂျာနယ်အယ်ဒီတာချုပ် နွယ်ဦးလှိုင်၊ ဥက္ကာ၊ စာမူများ ပရုဖတ်ပြင်ဆင်ပေးသော ဒေါ်ဥမ္မာလှိုင်နှင့် ကွန်ပျူတာ စာစီစာရိုက်၊ ပုံနှိပ်လုပ်သားများ၊ စာအုပ်ချုပ် အဖွဲ့ နှင့် ဖြန့်ချိရေးအင်အားများကိုလည်း ကျေးဇူးတင်ရပါမည်။

ဤမော်ကွန်းရေးသားရာတွင် ယနေ့ကာလအထိ ပြောင်း

လဲတိုးတက်လာသောအလောင်းတော်ကဿပသာသနာတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာသနာပြုဆရာတော်များ၏ သာသနာပြုဆောင်ရွက်မှုများကိုဖြည့်စွက်ကာ ဆရာတော်ဦးကဝိန္ဒ (ပုပ္ပါး) ၏ အလောင်းတော်ကဿပသမိုင်းသစ်၊ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ၏မဟာဗုဒ္ဓဝင်ကျမ်းများ၊ ကဿပသံယုတ် (မြန်မာပြန်) နဝဓုတင်္ဂါစာရ မထေရ်မြတ် ဘဒ္ဒန္တ ပညာသာရ (ဟသ်ာတမြို့) ရေးသားပြုစုသည့် ကမ္ဘာ့ဂန္ထဝင် သာသနာ့သင်ခန်းစာကျမ်းနှင့် ဆရာတော်ဦးသုမန၊ ဆရာတော်ဦးဝါယာမိန္ဒ တို့၏ မိန့်ကြားချက်များကို မှီငြမ်းကိုးကားရေးသားပူဇော်ရခြင်း ဖြစ်ပါသည်။

ပါဠိမြင်လျှင် မဖတ်ချင်ကြဘဲ ဘုရားသမိုင်းဆိုလျှင် ရွံ့နေကြသူများအတွက် ခေတ်အမြင်ခေတ်အတွေးနှင့် လျော်ညီစွာခေတ်နှင့်အညီ ရေးသားတင်ပြထားခြင်းသာဖြစ်ပါသည်။ အကယ်၍လိုအပ်မှုရှိသည်ဆိုပါက ကျွန်တော်၏ ကြိုးစားအားစိုက်မှု နည်းပါးခြင်းကိုသာ အပြစ်တင်ရပေတော့မည်သာ။

လေးစားလျက်
စိုးဟိန်း (မန်းတက္ကသိုလ်)

တစ်ဆင့် - စိုးနိုင်စာပေ
ဆိုင်အမှတ်(၁၀၅)ဗိုလ်ချုပ်ဈေးသစ်၊
ရန်ကုန်။
ဖုန်း-၀၁-၃၇၉၄၇၅/၆/၇/၈/၉
လိုင်းခွဲ(၅၁၉)

## 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

"အလောင်းတော်ကဿပ"

သည်အမည်ကို ၁၉၇၅ခုနှစ်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သလိုသည် အရပ်သည်ဌာနသို့လည်း သာသနာပြုဆရာတော်တစ်ပါးဖြစ်သော ခမုံဆရာတော်ကျေးဇူးကြောင့် ရောက်ခဲ့ဖူးသည်။ သို့သော် ထိုစဉ်ကအသက်နှစ်ဆယ်ကျော်လူငယ်အရွယ်။ အပျော်စိတ်ကဲနေသေးသောအချိန်ကာလ။ ဘာသာရေးအတွေးအမြင် နက်ရှိုင်းမှုမရှိသေး။ မရောက်ဖူးသေးသော အ ရပ်မို့ရောက်ဖူးလို၍ လိုက်ပါလာခဲ့ခြင်း။ သာမန်အတွေးအမြင်သာရှိသေးသည့် နုနယ်သောကာလ။

သည်တုန်းက သည်ခရီး သည်လမ်းကလည်း သည်လောက်ထိ မသာယာ၊ မဖွံ့ဖြိုးသေး။ သွားလာရေးခက်ခဲ၊ လူသိ မများလှ။ တော လမ်းခရီး၊ တောင်လမ်းအဆင့်ဆင့်၊ ကားလမ်းကလည်း



ယခင်က တောလမ်းခရီးအခြေအနေ

ကပိုင်အထိသာပေါက်သေးသည်။ ကပိုင်မှအလောင်းတော်ကဿပ တောင်ပေါ်ထိ ခြေလျင်ခရီးနှင်ရသောအချိန်။ ခရီးလမ်းကလည်း ကြမ်းလှဘိခြင်း။ တောတောင်တွင်ဖောက်ထားသော လူသွား လမ်းအတိုင်းသွားရခြင်း။ တစ်ဖက်ကတော၊ တစ်ဖက်မှာက ချောက်။ လမ်းခရီးတွင် ကျားရဲတိရစ္ဆာန်တောကောင်များက လည်းရှိနေသေးသည်။ ညနေငါးနာရီခန့်က စတင်ခဲ့သော ခြေ လျင်ခရီး၊ နောက်တစ်နေ့ ညနေလောက်မှ တောင်ပေါ်ရောက် သည်။ သည်အထိ ပင်ပန်းကြမ်းတမ်းသော ခရီးလမ်း။ သို့သော် ကဿပမထေရ်မြတ်ကြီး၏ သံဃာ့ဂုဏ်ကျေးဇူးကြောင့်ဟုပင် ဆိုရပေမည်။ အန္တရာယ်ကင်း၊ ဘေးကင်း။ သားကောင်များတွေ့ရ သည့်တိုင် အန္တရာယ်မပေးကြ။ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ် လျှောက်။ ခမုံဆရာတော်၏ မေတ္တာဓာတ်တွေလည်း ပါပေလိမ့် မည်ဟု ယခုတော့ တွေးမိလာသည်။

ယခု စာရေးချိန် ၂၀၀၉ခု နှစ်ဝက်တင်ဘာလ။ ကာလအား ဖြင့် အနှစ်၃၀ကျော်လာခဲ့ပြီ။ ဘ၀အတွေ့အကြုံတွေလည်းများစွာ

ဖြတ်သန်းလာခဲ့ရသည်။ ဘဝခရီးလည်း အဆင့်ဆင့်။ လောကအကြောင်း၊ဓမ္မအကြောင်းများ နားလည်သိရှိလာရုံသာမက ဝေဘူဆရာတော်၊ ခမုံဆရာတော်၊ ရွှေပေါက်ကျွန်းဆရာတော်၊ ရတနာမာန်အောင် ရွှေဗျိုင်းနားဆရာတော်၊ သာမညဆရာတော်၊ ကံ့ကော်တစ်ထောင်ဆရာတော်၊ မဟာဗောဓိမြိုင် ဆရာတော်၊ ရေတော်ဆရာတော်၊ မြကျောက်ဆရာတော်၊ ဝေပုလ္လာရာမဆရာတော်၊ ခမ္ဘသုခဆရာတော်. . .။

ဖူးတွေ့ခဲ့ရသော ဆရာတော်များထံမှကြားနာခဲ့ရသော ဓမ္မအရ ဓမ္မလမ်းကြောင်းပေါ် လျှောက် ဂန္ဓာရီခရီးသွားအရဟံပုတီးသမားဖြစ်လာခဲ့ပြီ။

အနုပညာအရကြည့်လျှင်လည်း ဆရာဦးသုခနှင့် မောင်နှင်းမိုး တို့ကိုအကြောင်းပြုကာ မဟာဂန္ဓာရုံဆရာတော် ထေရုပ္ပတ္တိကို မြဝတီရုပ်သံအတွက်ရိုက်ဖြစ်ရာမှ အနုပညာဖြင့် သာသနာပြုမှတ်တမ်းများစွာလည်းရိုက်ပေးလျက်ရှိသော သာသနာပြုအနုပညာရှင်။ ရိုက်ပြီးခဲ့သမျှ ဆရာတော်များ၏ဘဝထေရုပ္ပတ္တိ၊ဘုရားသမိုင်းမှတ်တမ်း ဗွီစီဒီတွေလည်းများစွာ။ အနုပညာဖြင့်သာသနာပြုနေသော ဒါရိုက်တာဘဝ။

ထို့ကြောင့်လည်း မုံရွာမြို့၊ ယင်းမာပင်မြို့နယ်၊ အလောင်းတော်ကဿပ သာသနာပြုဆရာတော်ဖြစ်သည့် ဖိုလ်ဝင်တောင်ဆရာတော်ဦးသုမနနှင့် ယင်းမာပင်မြို့နယ် ရွာသာယာ ဦးလှမြင့် (ရတနာမြင့်ဗွီဒီယိုရိုက်ကူးရေး)တို့က အလောင်းတော် ကဿပမှတ်တမ်းသမိုင်း ရိုက်ကူးပေးရန် ပြောဆိုလာကြသဖြင့် ဦးလှမြင့်စက်အဖွဲ့နှင့် ရိုက်ကူးရန် အလောင်းတော်ကဿပသို့ ဒုတိယအကြိမ်ရောက်ဖြစ်ရန် အကြောင်းကံက ဖန်လာခဲ့ပြီ။



စတင်စကားဆိုစဉ်က ခရီးသွားမှတ်တမ်းအဖြစ်ရိုက်ရာတွင် သူ၏ရိုက်ကူးရေးအားလိုက်၍ကူညီပေးရန်အတွက်သာ။ သို့သော် ကြည်ညိုဖွယ်ပြည့်စုံသည့်မှတ်တမ်းတစ်ခုအဖြစ် ပရိသတ်အတွက် စေတနာထားရိုက်ပေးရန် အကြံပေးလိုက်ရာက အလောင်းတော်ကဿပသာသနာ့မော်ကွန်းထေရုပ္ပတ္တိသမိုင်းမှတ်တမ်းဗီစီဒီဖြစ်ပေါ်လာစေရန်အစီအစဉ်ပြောင်းသွားခဲ့သည်။

ထို့ကြောင့်လည်း ယခုဒုတိယအကြိမ်သွားရမည့် အလောင်းတော်ကဿပခရီးက ဟိုးယခင် အနှစ်သုံးဆယ်ကနှယ် သာမန်ဘုရားဖူးဘဝ မဟုတ်တော့။ သာသနာ့တာဝန်က ပခုံးပေါ်တွင်ဆင့်လာသည်။ ကြည့်မိသူပရိသတ်များ ရှင်မဟာကဿပမထေရ်မြတ်ကြီး၏ ဂုဏ်ကျေးဇူးများကို ထဲထဲဝင်ဝင်သိရှိကာ ပို၍ကြည်ညိုလာစေချင်သည်။ သံဃာရတနာကိုပို၍ ရိုသေလေးစားစေလိုသည်။ သာသနာအတွက်ထားရှိသော စိုးဟိန်း၏ စေတနာနှင့်ဆန္ဒ။ သို့ဖြင့် သိလိုသမျှအချက်အလက်များကို လက်လှမ်းမီသမျှလေ့လာဖတ်ရှု။ ဖိုလ်ဝင်တော်ဆရာတော် ဦးသုမနကို မေးမြန်း

လျှောက်ထား။ မဟာဗုဒ္ဓဝင် ကျမ်းအစောင်စောင်ကိုဖတ်ရှု။ ရှင်မဟာကဿပမထေရ်မြတ်၏ ဘဝနှင့်သာသနာ့ခရီး။ ရှင်မဟာကဿပမထေရ်မြတ်၏ ဓမ္မကျေးဇူး။ ထဲထဲဝင်ဝင်သိရှိလာသည်နှင့်အမျှ လေးစားကြည်ညိုဖွယ် ကျေးဇူးဂုဏ်တွေ ဆင့်ကာဆင့်ကာ နက်နက်ရှိုင်းရှိုင်း မြင်လာမိသည်။

ရှင်မဟာကဿပမထေရ်မြတ်ကြီးအား သံဃာ့ရတနာ အဖြစ်သာမက ကျွန်တော်တို့၏ တရားသခင် ဓမ္မကျေးဇူးရှင်ကြီးအဖြစ်ပါသိရှိလာပြီး ရှင်မဟာကဿပမထေရ်မြတ်ကြီး၏ အကြောင်းအရာစုံ၊ ဓမ္မရုပ်ပုံလွှာများကို ပုံရိပ်ဖော်ဖန်တီးရန်အ တွက် ဦးလှမြင့်နှင့်အတူ ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလ ၄ရက်နေ့ တွင် ရန်ကုန်-မုံရွာခရီးစဉ် စတင်ခဲ့ရပါသည်။ စိုးဟိန်း၏အကူအဖြစ် ဓမ္မခရီးတွင်လိုက်ပါတတ်သော ဓမ္မမိတ်ဆွေ ညီငယ် သန်မောင်လည်း လိုက်ပါလာသည်။

× × × × ×

ဖေဖော်ဝါရီလ ၅ရက်နေ့တွင် မုံရွာသို့ရောက်ရှိလာခဲ့ပြီး မုံရွာ



တစ်ဘက်ကမ်း ညောင်ပင်ကြီးဆိပ်သို့ ပဲ့ထောင်ဖြင့်ကူးလာခဲ့သည်။ ညောင်ပင်ကြီးသည်စိုးဟိန်း၏ ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီး ဦးမောင်လေး၏ဇာတိမွေးရပ်မြေ ဖြစ်သည်။ ကျေးဇူးရှင်ဖခင်ကြီးကို သတိရမိသလို မတွေ့မမြင်ဖူးသော ဖခင်ကြီး၏ ညီအစ်ကိုများဖြစ်သည့် ဦးမောင်သောင်း၊ ဦးရှိန်နှင့် ဒေါ်ရှိန်ဟု ကြားသိဖူးသော ဦးလေးနှင့် အဒေါ်တို့ကို စိတ်အတွေးဖြင့် ရှာဖွေကြည့်မိသည်။ သတိရစရာ ဆွေမျိုးများရှိရာဌာနေပါလား။

ကမ်းတစ်ဘက်တွင် ဦးလှမြင့်၏သား ဇော်တင်ဝင်း မိသားစုက လာရောက်ကြိုဆိုနေကြပြီး ဦးလှမြင့်၏ ဇာတိရွာ ယင်းမာပင်မြို့နယ်၊ ရွာသာယာသို့ ဇော်တင်ဝင်းကားဖြင့် ခရီးဆက်ခဲ့သည်။ စီးပွားရေးလုပ်ငန်းတွင်ကျင်လည်နေရသော ဇော်တင်ဝင်းမှာ လူရေးလူမှုသိနားလည်သလို အနုပညာခံစားတတ်ခံရှိသူဟု သတိထားမိလိုက်သည်။သူ့အိမ်၌ပင်စိုးဟိန်းနှင့်အတူ ကူဖော်လောင်ဖက်မမွေမိတ်ဆွေ ညီငယ်သန်မောင်အား တည်းခိုစေရန် စီစဉ်ပေးသည်။



မုံရွာတစ်ဖက်ကမ်းသို့ကူးရန် ဇက်ဆိပ်

ညောင်ပင်ကြီးဆိပ်ကမ်း



အနုပညာစာတတ်ခံရှိသလိုအနုပညာလည်းခံစားသောဇော်တင်ဝင်းနှင့် အနုပညာအကြောင်းများပြောဖြစ်ကြသလို သူသိသမျှ အလောင်းတော်ကဿပတောင်တော်အကြောင်းတွေလည်းပြောပြသည်။ သည်အထဲတွင်ထူးခြားစွာသိလိုက် ရသည်က ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ခုနှစ်များတွင်ကျောက်လိုဏ်ဂူ တံခါးဟသွားခြင်းတည်းဆိုသောအကြောင်းထူး။ ဖြစ်ရပ်ထူး။ ဆန်းကြယ်သည့်ဖြစ်စဉ်။



၁၃၆၇ခုနှ်၊ တပို့တွဲလပြည့်နေ့ (၁၂-၂-၂၀၀၆)ခုနှစ် ကျောက်ဂူတံခါးဟသွားစဉ် ဝတ္တုပစ္စည်းများ ကျောက်ဂူအတွင်းသို့ ထည့်သွင်းလှူဒါန်းနေကြစဉ်


"ပြီးခဲ့တဲ့ နှစ်နှစ်ကတော့ လပြည့်နေ့ တစ်နာရီလောက်မှာ ကျောက်ဂူတံခါးဟသွားတာပဲ။ ဒီနှစ်တော့ ဘယ်လိုဖြစ်ဦးမယ် မသိဘူး။ ဘာပဲဖြစ်ဖြစ် ဒီနှစ်လည်း အရင်နှစ်တွေလို ထူးမှာပဲဆိုပြီး လူတွေကတော့လာကြမှာပဲ။ မနှစ်ကတော့ ကျောက်ဂူတံခါးဟသွားချိန်မှာ ပရိသတ်များလွန်းလို့ တံတားတောင်ကျိုးသွားတာ"


ဇော်တင်ဝင်းက ထူးခြားဖြစ်ရပ်ကို ရှင်းပြသည်။

"တို့နဲ့ အကြောင်းတိုက်ဆိုင်ရင်တော့ ဒီနှစ်လည်း ထူးချင်ထူးမှာပေါ့ကွာ။ တို့ရဲ့အ ကြောင်းတရားပေါ့"

"ဆရာကြီး. . . ဖိုလ်ဝင်တောင် ဆရာတော်ဆီသွားကြမယ်"

ဇော်တင်ဝင်းနှင့် စကားကောင်းနေစဉ် ဦးလှမြင့်ပြောပြောဆိုဆိုဝင်ရောက်လာသဖြင့် ဦးလှမြင့်၏ဇာတိ ရွာသာယာနှင့် ၁၂ မိုင်ခန့် ဝေးကွာသည့် ဖိုလ်ဝင်တောင်သို့ ဇော်တင်ဝင်းကားဖြင့်ပင် ထွက်လာခဲ့ကြသည်။





ဖိုလ်ဝင်တောင်သည် သမိုင်းဝင်သာသနာ့နယ်မြေ။ ဂန္ဓာရီ ခရီးသွားများအမှတ်ရဖွယ်ဝင်ရာ အဓိဋ္ဌာန်စခန်းတစ်ခုဆိုလည်း မမှား။ မုံရွာတစ်ဖက်ကမ်း ယင်းမာပင်မြို့နယ်တွင်ရှိပြီး ကားလမ်းမကြီးမှ အတွင်းသို့ မိနစ်နှစ်ဆယ်ခန့်မောင်းဝင်ရသည်။ ဈေးဆိုင်တန်းလေးများ၊ စားသောက်တန်းများဖြင့် စည်ကားနေသောသာသနာ့နယ်မြေ။ အလောင်းတော်ကဿပနှင့်သက်ဆိုင်သော စာအုပ်များ၊ ဓာတ်ပုံများ၊ အမှတ်တရပစ္စည်းရောင်းချပေးနေကြသည့် ဆိုင်တွေကလည်းများစွာ။ အထူးသဖြင့် အိန္ဒိယမှလာသော စွပ်ကျယ်၊ ပုဆိုး၊ ကော်ဇော၊ စောင်များနှင့် ရေမွှေး၊ နံ့သာဆီ။ အလောင်းတော်ကဿပသို့သွားကြမည့် ဘုရားဖူးများလည်း တွေ့ရသည်။ ဖိုလ်ဝင်တောင်သည်စုရပ်ဟု သိရသည်။

ဖိုလ်ဝင်တောင် ဆရာတော် ဦးသုမနသီတင်းသုံးရာကျောင်းတိုက်အတွင်း ဝင်လာခဲ့သည်။ ဆရာတော်ကို ဝတ်ဖြည့် ရှိခိုးပြီးသည်နှင့်-

"ဒကာကြီး လိုတာရှိလဲပြော၊ သိချင်တာလည်းမေး။ ကောင်းအောင်သာ ရိုက်ပေးစမ်းပါဗျာ"

ဆရာတော်ကပင် စတင်စကားဆိုလာသည်။ ဆရာတော်ဦးသုမနမှာ အလောင်းတော်ကဿပ သာသနာဖွံ့ဖြိုးစည်ကား



အလောင်းတော်ကဿပ သာသနာပြုဆရာတော် ဦးသုမနနှင့် ဝန်ဆောင်သံဃာတော်များ

ရေးအတွက်ဦးဆောင်သာသနာပြုနေသောဆရာတော်ဖြစ်သော် လည်း ကြွားဝါမှုကင်းသည်။ ရိုးရှင်းသည်။ ဟိတ်ဟန်မရှိ။ ပွင့် လင်းသည်။ အထူးသဖြင့် ထင်ပေါ်ကျော်ကြားလိုခြင်းအလျဉ်း ကင်းသော ဆရာတော်ဖြစ် သည်။

ဆရာတော်နှင့်အတူ အလောင်းတော်ကဿပသာသနာပြု ဝန်ဆောင် ဆရာတော်များလည်း ရှိကြပါသည်။ ထိုအထဲတွင် ပုပ္ပါးတောင် ကုမာရကျောင်းတိုက်ဆရာတော် ဦးပညာသာမိနှင့် ရန်ကုန်မြို့ထောက်ကြန့် ပုပ္ပါးကျောင်းတိုက်မှ ဆရာတော် ဦး ပဏ္ဍိစတို့ ပါဝင်ကြသလို စာရေးဆရာလှသိန်းဝင်း(ကနီ)က လောင်နာမည်ခံ ကနီမြို့နယ်ကနဲရွှေသိန်တော်ကျောင်းဆရာတော် ဦးဝါယာမိန္ဒမှာ ဆရာတော် ဦးသုမနအား အနီးကပ် ကူညီပေးနေ သော ဆရာတော်ဟု သိရသည်။

ဦးဝါယာမိန္ဒမှာ အလောင်းတော်ကဿပသာသနာစည်ပင် ပြန့်ပွားရေးအတွက် တေးသီချင်းများရေးစပ်စီစဉ်ကာ သီချင်းခွေ ထုတ်ဝေခြင်း၊ အလောင်းတော်ကဿပဆိုင်ရာ စာပေများရေး သားထုတ်ဝေခြင်းဖြင့် အလောင်းတော်ကဿပသာသနာတော်

ကိုအနုပညာ ဖြင့်ဖြန့်ဝေသောသာသနာပြုအနုပညာရှင် ဆရာတော်တစ်ပါး ဟုလည်း ဆိုရပေမည်။

"ဒကာကြီး ခဏနေရင် ကားတွေ ဝင်လာတော့မယ်။ အဲဒါတွေလည်း မှတ်တမ်းထဲပါအောင် ရိုက်ပေးဦးနော်"

ဆရာတော်က ပြောကြားလာသဖြင့် -

"မှန်ပါ့"

မှန်ပါ့ဟုသာပြောပြီး ဆရာတော်ကို ကန်တော့၍ ဦးလှမြင့်နှင့် ထွက်လာခဲ့သည်။ ဘယ်က ကားတွေဝင်လာ၍ ဘာရိုက်ရမည်ကိုမသိ။ သို့ဖြင့် ဦးလှမြင့်ကို မေးရသည်။

"ရန်ကုန်က ဘုရားဖူးအဖွဲ့ကားတွေ ဝင်လာကြမှာ။ ဒီဖိုလ်ဝင်တောင်မှာပဲ နားကြမယ်၊ တည်းကြမယ်။ နက်ဖြန်ညကြမှ တစ်စုတစ်ဝေးတည်း တောင်ပေါ်တက်ကြမှာလေ။ တပို့တွဲလပြည့်နေ့မှာ ထမနဲထိုးကြမယ်။ ထမနဲဆွမ်းကပ်ကြမယ်။ ပြီးရင် ဆရာတော်ဦးသုမနနဲ့ ဝန်ဆောင်သံဃာတွေ အလောင်းတော်ကဿပဂူရှေ့မှာ သိမ်ဝင်ကြမယ်"

"ဘုရားဖူးကားက ဘယ်လောက်များလို့လဲ"

"အစီးနှစ်ဆယ်ကျော်မယ်။ ဘုရားဖူးတွေသွားလာရေး အဆင်ပြေအောင်ဒီနှစ်တော့မှန်လုံကားတွေစီစဉ်ပေးထားတယ်"




ဖိုလ်ဝင်တောင်သို့ဝင်လာကြသော ဘုရားဖူးယာဉ်များ

"ဆရာတော် စီစဉ်တာပဲလား"

"ဟုတ်တယ်၊ပွဲတော်နီးရင်သတင်းစာမှာကြေညာတယ်လေ။ အလောင်းတော်ကဿပ ဘုရားဖူးသွားချင်သူတွေအတွက် ဆရာတော်ကစီစဉ်ပေးထားတာ။ စားရေးသောက်ရေး၊ တည်းခိုရေး အားလုံး ဆရာတော်စီစဉ်ပေးထားတယ်။ ဆရာတော့်ဆန္ဒကို ရန်ကုန် လမ်းမတော်၊ လှည်းတန်းလမ်းထိပ်က ဦးမောင်မောင်ဌေး ကလည်း ကူညီပံ့ပိုးပါရမီဖြည့်ပေးရတာပေါ့။ ဘုရားဖူးလာချင်ရင် ရန်ကုန်မှာ ဦးမောင်မောင်ဌေးနဲ့ဆက်သွယ်။ တစ်ယောက်ကို ငါးသောင်းဝန်းကျင်ပါပဲ"

"ဆရာကြီး ကားတွေဝင်လာပြီ"

ဆရာတော်ထည့်ပေးလိုက်သည့် ဦးဇင်းက သတိပေးလာသဖြင့် ကင်မရာကို အသင့်ပြင်လိုက်သည်။ ဟိုးအဝေးတွင် မောင်းဝင်လာသော ကားတန်းကိုမြင်နေရပြီ။ ကားဟွန်းသံတွေလည်း ကြားနေရပြီ။



စရပ် ဖိုလ်ဝင်တောင်သို့ရောက်လာကြသည့် ဘုရားဖူးများ

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



ဖိုလ်ဝင်တောင် ညမြင်ကွင်း

ရိုက်လိုသည့်မြင်ကွင်း အနေအထားကိုနေရာယူပြီး မောင်းဝင်လာသမျှ မှန်လုံကားတန်းကို ရှုထောင့်အစုံမှ ရိုက်။ကျောင်းဝင်းအတွင်းပြန်လာ။ ဘုရားဖူးများလှုပ်ရှားမှုတွေ၊ ကားပေါ်မှအထုပ်ပိုးချသူကချ၊ တည်းခိုရာ ကျောင်းဆောင်သို့ သွားသူကသွား။ မြင်ကွင်းအစုံ၊ ရှုထောင့်အနှံ့၊ လှုပ်ရှားမှုအသီးသီးတည်းဖြတ်ရာတွင် မညည်းရအောင် မှတ်တမ်းစီစဉ် ကျွေးမွေးသည်။ ထမင်းစားဆောင်ကအစ လစ်ဟာမှုမရှိအောင် မှတ်တမ်းတင်ရသည်။ ကင်မရာကိုင်ရိုက်နေရသော်လည်း တို့စရာအညာ တမာရန့်နှင့် ငါးပိချက်ကြောင့်ဆာလောင်စိတ်ကိုမြိုသိပ်ရသည့်ဒုက္ခကမသေးသြော်. . . အညာသား စိုးဟိန်းအညာအစားအစာရန့်ရတော့အညာသားစိတ်ကပြန်ပေါ်လာပါရော့လား။

၂၇၈၃၆

# သာသနာ့လမ်း ညခရီးစတင်ထွက်ခွာခြင်း



ခရီးမစမီ ဆရာတော်များထံမှာ သီလခံယူ မေတ္တာပို့နေကြသည့် ဘုရားဖူးများ

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်။

၁၃၇၀ပြည့်နှစ်၊ တပို့တွဲလဆန်း၁၂ရက်။ ည ၁၁နာရီအချိန်တွင် အလောင်းတော်ကဿပမထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်စံမြန်းရာ ဝေဘာရ၊ ဝေဘူလ၊ သုနန္ဒရတောင်သုံးလုံးတည်ရာ ကနီနယ်သို့ ညခရီးအတွက် အလုပ်များနေကြပြီ။ ဆရာတော်ဦးသုမနစီစဉ်မှုဖြင့် မှန်လုံကားကြီးများလည်း လိုအပ်မှုများစစ်ဆေးပြင်ဆင်။ ည၇း၀၀ နာရီတွင် ဓမ္မာ ရုံအတွင်း၌ သီလပေး၊



ရေသိမ်ဝင်ကြမည့် သံဃာတော်များအတွက် လှူဒါန်းမှု ကုသိုလ်မြင်ကွင်း

တရားနာ၊ မေတ္တာပို့ကြပြီး ခရီးစဉ်ကို ဝန်ဆောင်သံဃာများက ရှင်းလင်းမိန့်ကြားသလိုလမ်းခရီး၌အပြောအဆိုဆင်ခြင်ရန်ပါသတိပေးလာသည်။


မှန်ပါသည်။ ပုံတောင်ပုံညာနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော၍အရပ်၍ဒေသသည် နှုတ်ဝစီစောင့်ထိန်းရန်အထူးသတိထားရပေမည်။ ၍လမ်း၍ခရီးသွားလျှင် မုသာဝါဒ လိမ်ညာပြောဆိုခြင်း၊ ဖရုသဝါစာ ကြမ်းတမ်းသောစကား ပြောဆို၍ မရဟု ကြားသိရဖူးပါသည်။ နတ်ကြီးသည်ဟု ပြောကြပါသည်။ ထို့အတွက်ကြောင့်လည်း ဆရာတော်များက အထူးသတိပေးနေရခြင်းဖြစ်သည်။

ဘုရားဖူးခရီး၊ ဓမ္မခရီးမို့ တရားလမ်းဖြောင့်ဖြူးစေရန်တရားအသိကိုအသိပေးနေခြင်း။ အဓမ္မများရှောင်ကြဉ်စေလိုခြင်း။ ဓမ္မလမ်းတွင် အဓမ္မအား နှုတ်၌ပင် ငြိကပ်ခြင်းမရှိစေရေး။ ကာယ၊ ဝစီ၊ မနောသုံးပါးစလုံး တရားဖြင့်ဆင်ခြင်နှလုံးသွင်းစေလိုခြင်း။ ဩော်. . . သွားရမည့် ခရီးက တောလမ်းတောင်လမ်းဖြစ်သလိုသွားကြမည့် ခရီးသွားများကလည်း ရာဂဏန်းမက ထောင်ဂဏန်းနီးနီး။ လူမျိုးမျိုး စိတ်အထွေထွေ ဆိုသလို စရိုက်

တွေ့ကလည်းမျိုးစုံပေမို့ ဆရာတော်များက တရားလမ်းသာယာစေရန်တရားဖြင့် သတိပေးနေခြင်း။

ထို့နောက် တပို့တွဲလပြည့်နေ့ နေ့ပိုင်းတွင် ရှင်မဟာကဿပမထေရ်မြတ်စံရာ ကျောက်လိုဏ်ဂူတော်တံခါးရှေ့တွင် သိမ်ဝင်ကြမည့် ဆရာတော်ဦးသုမနအပါအဝင် ဝန်ဆောင်သံဃာများအတွက် အလှူငွေထည့်ဝင်ကြရာ သဒ္ဓါတရားမချို့သည့် မြန်မာတို့၏ သာသနာပေါ်ထားရှိကြသည့်စေတနာအားတွေကို သာမုခေါ်နေမိသည်။

ည ၁၀နာရီတွင် ကားများတစ်စီးပြီး တစ်စီးဆိုက်လာကြ



အလောင်းတော်ကဿပသို့ ညခရီးအစ ဘုရားဖူးကားများ

သည်။ ဝန်ဆောင်သံဃာများက နာမည်စာရင်းများခေါ်ကာ သူ့နံပါတ်နှင့်သူ၊ သူ့ကားနှင့်သူ၊ ကားနံပါတ်၊ ခုံနံပါတ်များဖြင့် စစ်ဆေးကာ ဘုရားဖူးခရီးသည်များအား စည်းကမ်းတကျနေရာယူစေကြသည်။

မှန်လုံကား ၂စီး၊ ရှေ့ပြေးကားတစ်စီး၊ MRTV-4 ရိုက်ကူးရေး အဖွဲ့ကတစ်စီး၊ ထို့နောက် စိုးဟိန်း၏ရတနာမြင့်ဗွီဒီယို ရိုက်

ကူးရေးက တစ်စီး။ ကားတန်းကြီးက စီရရီ။ ပျော်စရာခရီးဟုဆို ကလည်း မမှား။

ရသမျှအလင်းရောင်ဖြင့် စီတန်းထွက်လာသည့် ဘုရားဖူး ကားတန်းကြီးကို မှတ်တမ်းတွင်ပါနိုင်အောင်၊ အမိအရရအောင် ရိုက်ရပြန်သေးသည်။ လမ်းခရီး၌လည်း ရိုက်၍ရနိုင်သမျှရိုက်။ သို့သော် ကြာရှည်ရိုက်ခွင့်မရ။ ယင်းမာပင်ကျော်သည်နှင့်သဲလမ်း၊ ဖုန်လမ်း။ ကင်မရာကို သေတ္တာတွင်းထည့်ပြီး လုံခြုံအောင် ထုပ်ပိုး ထားလိုက်ရပြီ။

လရောင်အောက်တွင် အလောင်းတော်ကဿပမထေရ်



ကပိုင်တွင် ခရီးတစ်ထောက်နားရင်း စားသောက်

မြတ်ကြီးအား ဦးတင်ဖူးမျှော်ကြမည့်ဝေနေယျများ၏ ဘုရားဖူး ကားတန်းကြီး၏ မီးအလင်း ရောင်များကလည်း ဖြာဝင်းလျက်။

"ဒါက ဇီးတောရွာလေ။ အမေရေယဉ်ရဲ့နန်းရှိရာပေါ့။ အမေရေယဉ်နတ်ပွဲကလည်း စည်တယ်ဗျ"

နယ်ခံရွာခံ ကိုလှမြင့်က ဇီးတောရွာအဖြတ်တွင် ပြောလာ သည့်စကား။ ဖုန်အလိမ်းလိမ်းထနေသည့် မှုန်ဝါးဝါးမြင်ကွင်း



အောက်မှ ဇီးတောရွာကို ကြည့်ရင်း အမေရေယဉ်နန်း ရှိရာ အာရုံပြုကာမေတ္တာပို့ အမျှပေးဝေမိသည်။ နတ် ဆိုသည်ကား ကိုးကွယ်စရာ မဟုတ်သော်လည်း မေတ္တာ ပျက်၍မရ။ မေတ္တာထား အမျှပေးဝေကြရမည်မဟုတ် ပါလား။သတ္တဝါအချင်းချင်း ပေပဲ။ မုန်းမာန်မျက်ပွား အမျက်ဒေါသကိုဖယ်၊အချင်း ချင်းမေတ္တာသက်ဝင် ချစ်ခင်နေကြရမည်မဟုတ်ပါလား။

ညနှစ်နာရီခန့်တွင် ကပိုင်သို့ရောက်သည်။ ရှေ့ပြေးကားနှင့် စိုးဟိန်းကို့၏ ရိုက်ကူးရေးဂျစ်ကားက ဦးစွာရောက်နေကြခြင်း။ နောက်မှတန်းစီဝင်လာကြ မည့်ကားတန်းကိုစောင့်ရိုက် မှတ်တမ်း ယူရဦးမည်လေ။

ကပိုင်တွင်နားနေစားသောက်စရာ စားသောက်ဆိုင်နှင့် လက်ဘက်ရည်ဆိုင်များကလည်းသည် အချိန်သည် ရက်တွင် ဘုရားဖူးများလာကြမည်ကို ကြိုတင်သိထားကြသဖြင့် မီးရောင် ထိန်ထိန်လင်းလျက်၊စည်ကားလျက်၊ ဧည့်ဝတ်မပျက်။


သြော်. . . ဟိုယခင်အနှစ်သုံးဆယ်ကျော်က ကပိုင်နှင့် ယခု ကပိုင်အမြင်အားလုံးကွာသွားကြပြီ။ ဟိုတုန်းကသည် ကပိုင်မှာ ပင် ခရီးတစ်ထောက်နားပြီး ရှေ့ခြေလျင်ခရီးဆက်ရန် အားယူစီစဉ် ခဲ့ရသည်ကို ပြန်တွေးမိပြီးဟိုစဉ်ကပစ္စည်းများသယ်ပို့ပေးရန် စီစဉ်


ပေးသော ဆင်ထိန်းကိုအောင်မိုးဆိုသူကို သတိရမိသလို ခမုံ ဆရာတော်၏ ဝေနေယျကြီး မုံရွာမှဦးချစ်မောင်နှင့် ဦးတေတို့ကို လည်း သတိရလိုက်မိသည်။ သူတို့တစ်တွေ ရှိမှရှိကြပါသေးစ။

ဦးချစ်မောင်၏သားကတော့ မန္တလေးတက္ကသိုလ်တွင် စိုးဟိန်းနှင့် ကျောင်းနေဘက်ဖြစ်ခဲ့ဖူး၍ သူလည်း ယခုလောက်ဆို ကထိကကြီးဖြစ်နေလောက်ပြီဟု တွေးမိပြန်သည်။

"ဆရာကြီး ကားတွေဝင်လာကြပြီ"

ဦးလှမြင့် သတိပေးစကားကြောင့် ဝင်လာသမျှကားတန်းနှင့် ဘုရားဖူးများ ကပိုင်တွင် ခရီးတစ်ထောက်နား အားဖြည့်စားသောက်မှုတွေကိုလည်း မှတ်တမ်းတွင်ပါဝင်နိုင်ရန် ရိုက်ရပေဦးမည်။ ကင်မရာကိုင်ရပြန်ပြီ။ ဩော်. . . ဒါရိုက်တာ တာဝန်သာမက ကင်မရာ တာဝန်ကိုပါယူနေရသော စိုးဟိန်းအဖြစ်ကို ဆရာဦးမောင်မောင်မြင့် (သရုပ်ဆောင်၊ ဒါရိုက်တာ)မြင်လျှင် ငါတပည့်လည်း ငါ့လိုပါပဲလားဟု ပြုံး၍ကြည့်နေမိမည်ကို မြင်ယောင်သေးတော့။ ဆရာ့ကျေးဇူးတွေ၊ ဆရာသင်ပေးသမျှပညာ





တွေ၊ သာသနာအတွက်အသုံးပြုနေခြင်း။ ဆရာဦးမောင်မောင်မြင့်ကို စိတ်၌ ရည်မှန်းကန်တော့လိုက်သည်။

ကပိုင်ကျော်သည်နှင့် ခရီးလမ်းက ပိုဆိုးလာသည်။ ဖုန်မထူသော်လည်း ချိုင့်များကြောင့်ကားအလူးအလိမ့်တွင်လူတွေလည်း ဟိုယိမ်းသည်ယိုင်။တောင်ဆင်းတောင်တက် ခရီးစပြီ။ ခရီးကြမ်းသော်လည်း ကြမ်းသည်ဟုမထင်။ လရောင်အောက်တွင်မြင်နေရသော တောတောင်လျှိုမြောင်ကျောက်ကမ်းပါးအလှတွေ ကြည့်ရှုခံစားရင်းသဘာဝသစ်တောများအားဖြတ်သန်းတိုက်ခတ်လာသည့်လတ်ဆတ်သည့်လေကောင်းလေသန့်များရှူကာခန္ဓာကိုယ်အတွက်မြို့ပြတွင်မရနိုင်သောသဘာဝကပေးလာသည့်အင်အားတွေကို ဖြည့်ပေးနေမိသည်။

ပွင့်ကြီးစခန်း၊ ဂုံကြီးစခန်း၊ ကျောက်မြောင်းစခန်း အလွန်တွင် မဟူတောင်စခန်းရောက်လာသည်။ မဟူတောင်စခန်းတွင် ကားပေါ်မှဆင်းကာ ရိုးရာပူဇော်သူကပူဇော်ကြပြန်တော့ ပြာပုံတောင်သခင်မဟု ပြောစမှတ်ပြုခဲ့ကြသည့် ရှင်ဖြူမယ်သခင်မ၏

ရာဇဝင်သမိုင်းကြောင်းကလည်း သိမှီသူများထံမှတစ်ဆင့်ကြား သိရသည်မှာ လွမ်းလောက်စရာပုံပြင် တစ်ပုဒ်ပါပဲ။

× × × × ×

ရှင်ဖြူမယ်၏ ဇာတိမှာ ယင်းမာ ပင်နယ်၊ ဗန့်ကျီတိုက်၊ ပြောင်းပြဲရွာဖြစ်ပြီး ရှင်ဖြူမယ်၏ဦးလေးဖြစ်သူမှာပြောင်းပြဲရွာအနီး လက်တောင်းရွာတွင်နေထိုင်သည်။ ရှင်ဖြူမယ်၏ မိခင် မမယ်ကောင်း၏ မောင်တော်စပ်ကြောင်းသိရသလို ရှင်ဖြူမယ်တို့ သားအမိမှာ သဘောကောင်းဖြူစင်သလောက် ဦးလေးဖြစ်သူမှာ အစ်မနှင့် တူမကိုမုန်းတီးပြီးစိတ်ထားကောက်ကျစ်သူဟုလည်း သိရသည်။ သဘောဖြူရုပ်လှသည့်ရှင်ဖြူမယ်ကို ရှင်ဘုရင်က တော်ကောက်ရန် ပန်းလုံးတိုင် ရာဇမတ်နှင့် ဘွဲ့သတ်ကာ တစ်သောင်းတန်ဒေါင်းအလံစိုက်ထူလာသည့်အခါ မိခင်ကသမီးကို မင်းမိဖုရားမဖြစ်စေချင်သည့်အတွက် လက်ညှိုးဖြတ်လိုက်ရာ ဘုရင်က အင်္ဂါမစုံသူဖြစ်သဖြင့် အိမ်နိမ့်စံထားစေသည်။ ရှင်ဖြူမယ်လည်း ကွမ်းရေတော်သားနှင့် တိမ်းရှောင်ထွက်ပြေးကာ ပြာပုံတောင်တွင် ရုပ်ဖျက်နေထိုင်ခဲ့ရှိသည်။ ပြာပုံတောင်တွင် ခင်ပွန်းဖြစ်သူလည်း ဆုံးပါးသွားကာခင်ပွန်းသည်ဆုံးပါးသည့် သောကအပူ၊ ရှင်ဘုရင်ဖမ်းမိမည်ကို စိုးရိမ်ရသောကြောင့်ကြမှုများအပြင် အစာပြတ်ရေငတ်ဖြစ်ကာပြာပုံတောင်တောထဲ၌ ပင်ရှင်ဖြူမယ် ဆုံးပါးသွားကာ ရှင်ဖြူမယ်သခင်မ အဖြစ် ပူဇော်မှု ပြုခဲ့ကြသည်။

×


မဟူတောင်စခန်း


# ကပိုင်မှသည် စံကျောင်းဆီသို့

ဟိုးအနှစ်သုံးဆယ်ကျော်ကာလ ပထမအကြိမ်ရောက်ရှိခဲ့စဉ်က သည်နေရာတွင် ရှင်ဖြူမယ်နတ်စင်ရှိသည်ကို ပြန်သတိရမိသည်။ သို့သော် ယခုအခါ ကားလမ်းများဖောက်၊ တောများရှင်းလင်းရာမှရှင်ဖြူမယ်နတ်စင်ကိုမတွေ့ရတော့ ဪ. . . ရှင်ဖြူမယ်ခမြာလည်း လမ်းအတွက် သာသနာ့လမ်းပွင့်လင်းသာယာစေရန် နန်းဖယ်ပေးလိုက်ရပုံရသည်ဟု အတွေးဝင်မိသည်။

ရှေ့ခရီးဆက်လျှင် ချောင်းမကြီးရောက်တော့မည်။ ချောင်းမကြီးမရောက်မီ တောင်ဆင်းတောင်တက်ခရီးက ရှမ်းပြည်မြောက်ပိုင်း၊ နောင်ချိုကားလမ်းကို သတိရစရာ။ တောင်ဆင်းတောင်တက်၊ အကွေ့အကောက်ခရီးလမ်းကြောင့် ကားဆရာလည်း သတိထားမောင်းနေရသည်။

ချောင်းမကြီးအရောက်တွင်ကျောက်တုံးကျောက်ခဲများကြား စီးဆင်းနေသော ရေအလျဉ်သဘာဝမြင်ကွင်းက စိတ်ကြည်လင်စေရာ သဘာဝအလှတစ်ရပ်။ မိုးတွင်းကာလတွင် တောင်ကျရေအရှိန်တွင် ရေအဟုန်ပြင်းစွာစီးဆင်းနေမည့် အန္တရာယ်ကြီးမည့် ချောင်းမကြီးဟု တွေးမိသည်။

ချောင်းမကြီးကိုဖြတ်အပြီး တောင်တက်အကွေ့ကို တက်ကြရပြန်ပြီ။ တောင်အတက်ခရီးမောင်းနှင်ပြီးသည်နှင့် ကားစခန်းကို



ရောက်ကြပြီ။ ကားစခန်း၌လည်း စားသောက်ဆိုင်တန်းများ စီရရီ။ ရှေ့ခရီးကို ဆင်စီးတက်ကြမည့်သူများအတွက် ဆင်စခန်းလည်းရှိနေသည်။ သည်နေရာတွင် ကားများကိုထားခဲ့ကြရပြီ။ ရှေ့ဆက်ရမည့်ခရီးက ကားလမ်းမပေါက်တော့။ ခြေလျင်ခရီး။

အချိန်က နံနက်အရုဏ်။ လေးနာရီခွဲကျော်ကျော်။ တောတောင်စိမ့်စမ်းနှင့် တောင်ပေါ်ဒေသဖြစ်၍ ရာသီက အေးစိမ့်နေပြီ။ ကပိုင်ရောက်ကတည်းက အနွေးထည်ထူထူထဲထဲဝတ်ကြရ

ပြီ။ ယခု ပို၍အေးစိမ့်လာသဖြင့် နောက်မှဝင်လာမည့် ကား တန်းကိုစောင့်ရင်း မီးမွှေးကာမီးလှုံကြရသည်။ကောက်ညှင်းပေါင်း နှင့်အကြော်စားကာမီးလှုံရင်းခေတ္တအနားယူသလိုဝင်လာကြသည့် ဘုရားဖူးကားများကိုလည်း မှတ်တမ်းတင်ရိုက်ယူရပြန်သည်။



ကားစခန်းတွင် ကားများထားခဲ့ရပြီ

နံနက်ငါးနာရီထိုးပြီ။ အလင်းရောင် မပီပြင်သေးသော်လည်း ရှေ့ခရီးဆက်နိုင်မည့် အလင်းရောင်တော့ရနေပြီ။ ဦးလှမြင့်က ဆင်စီးမလားဟုမေးသော်လည်း လမ်းခရီးတွင် လှပသည့် ခရီး လမ်းတောတောင်အလှနှင့် ဘုရားဖူးများ၏ လမ်းခရီးသွားလာ မှုများလည်း မှတ်တမ်းယူရိုက်ယူလိုသဖြင့် ဆင်မစီးတော့။ စင်စစ် ရတနာဟုသတ်မှတ်သောဆင်ကို အကြောင်းမဲ့မစီးလိုသောစိတ် လည်းပါသည်။ သို့သော်ပါလာသည့်ပစ္စည်းများကိုတော့ ဆင်ဖြင့် သယ်စေတော့သည်။

ရှေ့ဆက်ရမည့်ခရီးက တစ်မိုင်သာသာခရီး။ တောတောင်



တွင် ဖောက်ထားသည့်လူသွားလမ်း မြင့်မတ်ခြင်းမရှိလှ။ ပတ်ဝန်းကျင်တွင် တော၏အရိပ်၊ တောင်၏အလှ၊ သစ်တောကို ဖြတ်သန်းတိုက်ခတ်လာသည့် လေကလည်းလတ်ဆတ်လှဘိခြင်း။ ဆင်ကိုစီး၍ ခရီးဆက်သူများရှိသလို ခြေလျင်ခရီးတက်သူလည်းများစွာ။ ကျန်းမာရေးမကောင်းသူ၊ ခြေလျင်ခရီး အကျင့်မရှိသူ၊ ရုပ်ခန္ဓာကိုညှာသူများနှင့် သက်ကြီးရွယ်အိုများကတော့ ဆင်ခရီးဖြင့်ခရီးဆက်။ ခြေလျင်ခရီးသွားများအား လက်တပြပြနှုတ်ဆက်။ ပျော်စရာတော့ ကောင်းသေး။


ဘုရားဝချောင်း



သက်န်းလှန်းကျောက်ဖျာ

ဘုရားဝစခန်းအောက်လေးမိုင်အကွာတွင် ကျောက်ဖျာတစ်ခုရှိကြောင်းနှင့် ထိုကျောက်ဖျာသည် ရှင်မဟာကဿပမထေရ်မြတ်ကြီး ကြွလာတော်မူစဉ် အနားယူကာ သင်္ကန်းလှန်းတော်မူသည့်အတွက်သင်္ကန်းလှန်းကျောက်ဖျာဟုခေါ်ကြကြောင်း သိရသလို ထိုကျောက်ဖျာပေါ်တွင် သင်္ကန်းအနားပတ်နေရာအကွက်များ ယခုထက်တိုင်ထင်ကျန်လျက်ရှိနေသေးသည်မှာလည်း ထူးခြားမှုတစ်ရပ်ပင်။

ဘုရားဝအကျော်တွင် ရေစီးသံများလည်း ကြားရပြီ။ ကြေးစည်သံများလည်း တလွင်လွင်။ လူသံများလည်း ကြားရပြီ။ ရှေ့ဆက်လာသည်နှင့် ရှင်မဟာကဿပမထေရ်မြတ်ကြီး၏ ကိုယ်စားရုပ်ပွားတော်မြတ်သီတင်းသုံးရာ ရွှေရောင်တဝင်းဝင်းနှင့် စံကျောင်းတော်မြတ်ကြီးကို မြင်လိုက်ရပြီ။

ရှင်မဟာကဿပမထေရ်မြတ်ကြီးနှင့် ပတ်သက်သော စာအုပ်စာတမ်းများ၊ သီချင်းတိတ်ခွေ၊ ဗီစီဒီများနှင့် အမှတ်တရ



ပစ္စည်းများရောင်းချပေးနေကြသည့် ဈေးဆိုင်တန်းလေးများက လည်းစံကျောင်းသွားရာလမ်းတစ်လျှောက်ဘေးတွင်တန်းစီလျက်။


အလားတူစံကျောင်းတော်ရှေ့တွင် ရှင်သူငယ်ထွက်ပေါက် တွင် ကြည့်ရှုနေကြသူတွေလည်း တွေ့နေရသည်။ ရှင်သူငယ် ထွက်ပေါက်ကလည်း စိတ်ဝင်စားစရာတစ်ရပ်။ လောဘနှင့် အ လောဘအတွက် သတိထားစရာ အသိပေးထားသည့်နေရာဟု ဆိုရလေမည်လားမသိ။



# ရှင်သူငယ်ထွက်ပေါက်မှ မွေ့အသိ

အချိန်ကာလ အတိအကျမသိ၊ အခါတစ်ပါးကာလဟုသာ ပြောကြသည်။ ယင်းမာပင်မြို့နယ် သီးကုန်းရွာမှ ရဟန်းတစ်ပါး နှင့် ရှင်သာမဏေတစ်ပါး အလောင်းတော်ကဿပသို့ ဘုရားဖူး ရောက်ရှိလာကြပြီး သီလ၊ သမာဓိ၊ ပညာဖြင့် အဓိဋ္ဌာန် ကျင့်ကြံ အားထုတ်ကြသည်၊ အလောင်းတော်ကဿပမထေရ်မြတ်ကြီး ရုပ်ကလာပ်တော်စံမြန်းရာ ကျောက်ဂူတံခါးရှေ့တွင် ရှင်မဟာ ကဿပမထေရ်မြတ်ကြီး၏ ရုပ်ခာတ်အစစ်ကို ဖူးလိုသောဆန္ဒ ပြင်းပြလာကာ ဆန္ဒဓိပတိဖြင့် လောဘ၊ ဒေါသ၊ မောဟများဖယ် ကာ မေတ္တာဘာဝနာပွားများ နတ်များအား မေတ္တာပို့၊ အဓိဋ္ဌာန် ကို ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်ခဲ့ကြသည်။

ထို့နောက် ကျောက်တံခါးအား သစ္စာအဓိဋ္ဌာန်ပြုကာလက် ဝါးဖြင့်သုံးချက်သပ်ရာ အဆင့်ဆင့်ပွင့်သွားပြီး မထေရ်မြတ်၏ရုပ်



ဓာတ်အစစ်ကို ဖူးမြင်ခွင့် ရရှိသွားတော့သည်။ သို့သော် ဂူအတွင်း၌ နတ်ပြဟ္မာများနှင့် မင်းအဇာတသတ် လှူဒါန်းထားခဲ့သော ရတနာပစ္စည်းများနှင့် မဟာဒ္ဓိရှင် သိဒ္ဓိရှင်တို့၏ ပြဒါးလုံး၊ ဆေးလုံး၊ ဆေးတောင်ဝှေးအစရှိသည့် မဟာဒ္ဓိသိဒ္ဓိပြီးမြောက်ထားသော သိဒ္ဓိဝင်ပစ္စည်းများကို မျက်ဝါးထင်ထင်တွေ့မြင် လိုက်ရသည့်အခါ ပုထုဇဉ်စိတ်မိုက်များ ဝင်လာတော့သည်။ လောဘစိတ်ကို ထိန်းမရတော့။ လိုချင်တပ်မက်စိတ်များ စိတ်အစဉ်တွင် တဖွားဖွားပေါ်လာရာ ဂျိုင်းခနဲမြည်ဟီးသံနှင့်အတူ ရွှေတံခါး၊ ငွေတံခါး၊ ကျောက်တံခါးများပိတ်သွားတော့သည်။ အပြင်ထွက်ရန် မည်သို့မျှမတတ်သာတော့ဘဲ ရဟန်းခမြောစိတ်တုန်လှုပ်ချောက်ချားပြီး လောဘတရားဖုံးလွှမ်းမှုကြောင့် ဇီဝိန်ချုပ်ကာ ခန္ဓာဇာတ်သိမ်းသွားရလေတော့သည်။

ရှင်သာမဏေကားငယ်ရွယ်သည့်အတွက်အဖိုးတန်ပစ္စည်းများကိုတွေ့ရသော်လည်း တန်ဖိုးရှိမှန်းလည်းမသိ။ အသုံးချ



ရကောင်းမှန်းလည်းနားမလည်သဖြင့်လောဘကင်းကွာဒေါသမရှိ၊ စိတ်ဝယ်ပကတိဖြူစင်နေသဖြင့် သမ္မာဒေဝနတ်မြတ်နတ်ကောင်းများနှင့် လိုဏ်ဂူတော်စောင့်နေကြသည့် ပုဂ္ဂိုလ်များက ရှင်သူငယ်အားလိုဏ်ဂူမှထွက်ရန် လမ်းညွှန်ပြသပေးတော့သည်။ နတ်လမ်းညွှန်အတိုင်း ရှင်သူငယ်ထွက်လာရာ ဂူပေါက်ကိုရှင်သူငယ်ထွက်ပေါက်ဟု သတ်မှတ်အမည်ပေးထားခြင်းဟု အစဉ်အဆက်ပြောစကားများအရ သိရှိထားရပါသည်။

ရှင်သူငယ်ထွက်ပေါက်ကား စံကျောင်းတော်ရှေ့တွင်ရှိပြီး ဝင်ရန်၊ ထွက်ရန် လွန်စွာခက်ခဲလှသောနေရာဖြစ်သည်။ အမြင်ဖြင့်ပင် ကြောက်မက်ဖွယ်ကောင်းသော ဂူပေါက်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရှင်သူငယ်ထွက်ပေါက်ကိုတွေ့လျှင်၊ ရှင်သူငယ်အကြောင်းတွေးမိကြပါက သာသနာတော်အတွက် လှူဒါန်းထားသောပစ္စည်းအား တပ်မက်မိလျှင် ဘဝနိဂုံး မလှသည့် သာသနာ့ပစ္စည်းပစ်မှားမိသူတို့၏ ဇာတ်သိမ်းကို ဆင်ခြင်မိပါက မတော်လောဘကို ထိန်းချုပ်စေနိုင်သည့် တရားဆင်ခြင်စရာနေရာတစ်ခုဟုဆိုကလည်း မမှားပေ။


# စံကျောင်းတော်နှင့် ရုပ်ပွားတော်


စံကျောင်းတော်အတွင်းမဝင်မီ တင့်တယ်လွန်းလှသည့် စံကျောင်းတော်အားကြည့်ရင်း လွန်ခဲ့သောအနှစ်သုံးဆယ်ကျော်က စံကျောင်းတော်ကို ပြန်မြင်ယောင်မိသည်။ ဩော်. . . ထိုစဉ်က သည်သို့ သည်နှယ် တင့်တယ်မှုမရှိသေး။ ခမ်းနားခြင်းလည်း မရှိ။ အုတ်စံကျောင်းတော်လေးတစ်ခုသာ။ သို့သော် သူ့ခေတ် သူ့အခါနှင့်တော့ ကောင်းမွန်သောစံကျောင်းတော်ဟု ဆိုနိုင်ပါသည်။

အနှစ်သုံးဆယ်ကျော်ကြာခဲ့ပြီ။ နှစ်တွေပြောင်းသလို နည်းစနစ်များလည်း တိုးတက်လာခဲ့ပြီ။ အဆောက်အဦပုံစံ ဒီဇိုင်းများပါ ပြောင်းလဲလာကြခြင်း။ ခေတ်နှင့်အညီ ပန်းကနုတ် ဒီဇိုင်းအလှများဖြင့် ရွှေရောင်ဝင်းနေသော စံကျောင်းတော်ကြီးကား ခမ်းနားလှဘိခြင်း၊ တင့်တယ်လွန်းလှပါဘိခြင်း။

စင်စစ် သည်စံကျောင်းတော်သည် မူလက သစ်သား စံကျောင်းတော်၊ ထိုမှတစ်ဆင့် အုတ်စံကျောင်းတော်၊ အုတ် စံကျောင်းတော်မှတစ်ဆင့် ယခုလက်ရှိ ခမ်းနားတင့်တယ်သော စံကျောင်းတော်ကြီးအား ရှင်မဟာကဿပမထေရ်မြတ် ရုပ်ကလာပ်စံမြန်းရာ သာသနာ့နယ်မြေ ထွန်းလင်းတိုးတက်ရေးအတွက်သာသနာပြုနေသောဖိုလ်ဝင်တောင်ဆရာတော် ဦးသုမန လက်ထက်တွင် ဖြစ်ထွန်းလာခြင်းဖြစ်သည်။

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် လက်ရှိ စံကျောင်းတော်ကြီးအား ပန္နက် ရိုက်ခဲ့ပြီး ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သည်။ ဆရာတော်ဦးသုမနဦးဆောင် လမ်းညွှန်မှုဖြင့် ထူးထရိတ်ဒင်းကုမ္ပဏီမှ ဦးတေဇက ကျောင်းဒကာအဖြစ် လှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။





စံကျောင်းတော်အတွင်းသို့ ဝင်လိုက်သည်နှင့် ဉာဏ်တော်ဆယ်တောင်ရှိပြီး အနောက်မြောက်သို့ ခေါင်းပြုထားသော ရှင်မဟာကဿပမထေရ်မြတ်ကြီးကိုယ်စား ကိုယ်ပွားတော်အဖြစ်တည်ထားသည့် လျောင်းတော်မူရုပ်ပွားတော်ကို ကြည်ညိုဖွယ်ဖူးမြင်လိုက်ရပါပြီ။ လျောင်းတော်မူ မထေရ်မြတ်ရုပ်ပွားတော်ရှေ့တွင် ပုတီးစိပ်သူ၊ တရားထိုင်သူများရှိနေကြသလို ရုပ်ပွားတော်အား ရွှေချပူဇော်နေကြသူများလည်းများစွာ။ ထို့ကြောင့်လည်း မထေရ်မြတ်ကိုယ်စားလျောင်းတော်မူ ရုပ်ပွားတော်ကားရွှေရောင်တဝင်းဝင်း။ ကြည်ညိုဖွယ်အဆင်း၊ တင့်တယ်သပ္ပါယ်ကြည်ညိုဖွယ်အတိ။

၎င်းစံကျောင်းတော်သည် ရှင်မဟာကဿပမထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်ဓာတ်အစစ် သီတင်းသုံးစံမြန်းရာ ဝေဘာရ၊ ဝေဘူလ၊ သုနန္ဒရတောင်သုံးလုံး၏အလယ်တွင် တည်ရှိပြီး ရုပ်ပွားတော်မထေရ်မြတ်၏ ဦးခေါင်းတော်တည့်တည့်အောက်တွင် ကျောက်လိုဏ်ဂူ တော်အတွင်းရှိ မထေရ်မြတ်ရုပ်ကလာပ်တော်အစစ်၏ ခြေတော်အစုံတည်ရှိနေသည်ဟုလည်းသိမှီသူများနှင့် သိဒ္ဓိပြီးမြောက် မဟိဒ္ဓိရှင်ပုဂ္ဂိုလ်ထူးများ၏ပြော

စကားများအရ မှတ်သားရပါသည်။ ထို့အတူ မထေရ်မြတ်၏ ခြေတော်ဘက်တွင် သူတော်စင်များသီတင်းသုံးရာ မဟာမြိုင်ရှိပြီး မဟာမြိုင်သည်မထေရ်မြတ်အားဦးတည်နေသည်ဟုလည်းသိရသည်။

အလားတူစွာတင်အကျင့်ဆောင်သံဃာတော်မထေရ်မြတ်များ မိန့်စကားအရ ဓူတင်ဆောင်မထေရ်တို့သည် လဲလျောင်းခြင်းမရှိကြောင်းနှင့် ဓူတင်ဇောက်ဘွဲ့ရ ရှင်မဟာကဿပမထေရ်မြတ်၏ ကိုယ်စားရုပ်ပွားတော်သည် လျောင်းတော်မူ မဖြစ်သင့်ကြောင်းလည်း ပြောဆိုကြသည်။

မည်သို့ဖြစ်စေ ဤကိုယ်စားရုပ်ပွားတော်၏ဒကာမှာ အဇာတသတ်မင်းဖြစ်သည်ဟု သိရသည့်အတွက် ရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော်အစစ်တည်ရာ ကျောက်လိုဏ်ဂူ၏အပေါ်တွင် သွားလာသူများမရှိစေရန်နှင့် သတ္တဝါအများအကုသိုလ်မဖြစ်စေရန်အတွက် ဤစံကျောင်းတော်အတွင်း၌ မထေရ်မြတ်ကိုယ်စား ကိုယ်ပွားတော်လျောင်းတော်မူ ရုပ်ပွားတော်အား တည်ထားခဲ့သော အဇာတသတ်မင်း၏ကျေးဇူးကား သာသနာ့နယ်မြေအတွက် အကျိုးကျေးဇူးကြီးမား လှပါဘိခြင်း။ ကျေးဇူးကြီးလှပါဘိ မင်းအဇာတသတ်။ အမြော်အမြင်ကြီးမား လွန်းလှသော မင်းအဇာတသတ် . . .။

## ကျောက်လိုဏ်ဂူ ကျောက်တံခါးဆီသို့

စံကျောင်းတော်အတွင်းရှိ ရုပ်ပွားတော်အား ရွှေသက်န်း ကပ်လှူပူဇော်ဝတ်ဖြည့်ရှိခိုးပြီး စံကျောင်းတော်နှင့် မထေရ်မြတ် ကိုယ်စားလျောင်းတော်မူရုပ်ပွားတော်အား ရှုထောင့်အသီးသီးမှ ဗွီဒီယိုမှတ်တမ်းရိုက်ယူပြီး စံကျောင်းတော်၏မြောက်ဘက် အုတ်လှေကားအတိုင်း ဆင်းလာခဲ့သည်။ ကူဖော်ကူဖက် ခမ္မမိတ်ဆွေ ညီငယ်သန်မောင်ကလည်း နောက်တော်ပါးမှ ကပ်ပါလျက်။ ဦးလှမြင့်နှင့်အဖွဲ့ကတော့တည်းခိုရေးအတွက် နေရာထိုင်ခင်းစီစဉ် ရန် ပစ္စည်းပစ္စယများသယ်ကာ တည်းခိုရေးစခန်းသို့ထွက်ခွာသွားကြပြီ။ စိုးဟိန်းနှင့် သန်မောင်ကတော့ ကိုယ်လုပ်စရာအလုပ်ဆက်လုပ်။ ဘုရားလည်းဖူးရင်း ဗွီဒီယိုမှတ်တမ်းအရ ဓာတ်ပုံလည်း ရိုက်လျက်။



စံကျောင်းတော်မှ ကျောက်လိုဏ်ဂူသို့ အဆင်းလမ်း

အုတ်လှေကားအတိုင်းဆင်းလာခဲ့ရာ လိုဏ်ဂူတော်သို့ဆင်းရာ ချောက်ကမ်းပါးအဆင်းတွင် ကျောက်နံရံများအား ဖောက်လုပ်ထားသည့် စတီးလက်ရမ်းလှေကားများကိုအဆင့်မြင့်စွာတွေ့လိုက်ရသည်။

လွန်ခဲ့သော အနှစ် ၃၀ ကျော် ပထမအကြိမ်လာစဉ်က ဝါးလုံးတန်းလေးများ ကာရံထားသည့်အတွက် ဝါးလက်ရမ်းလေးများကို သတိထားကိုင်ကာ ခက်ခက်ခဲခဲဆင်းခဲ့ရသော အန္တရာယ်လိုဏ်ဂူအဆင်းလမ်းကို ပြန်မြင်မိပြန်သည်။

ယခုတော့ ခိုင်ခန့်သည့် စတီးလက်ရမ်းလှေကားများဖြင့် အန္တရာယ်ကင်းသည့် လိုဏ်ဂူအဆင်းလမ်းဖြစ်နေပေပြီ။ သာသနာပြုဆရာတော် ဦးသုမန၏ သာသနာပြုဆောင်ရွက်မှုတွေ၊ ရှင်မဟာကဿပမထေရ်မြတ်ကြီးအတွက် ကြိုးပမ်းခဲ့သော ဆက်လက်၍လည်းကြိုးစားနေသောဖိုလ်ဝင်တောင်ဆရာတော်ဦးသုမန၏ကျေးဇူးတရားတွေ၊ ဆရာတော်ပြုခဲ့သမျှ သာသနာပြုကုသိုလ်တော်အပေါ် သာမုခေါ်မိပြန်သည်။

ကျောက်လိုဏ်ဂူအတိုင်းဆင်းလာခဲ့ရာ လျှို့မြောင်စိမ့်စမ်းကြောင့်ပေလားမသိ အေးစိမ့်လာသည်။ ရေသံများလည်းကြားနေရသည်။ ကျောက်လိုဏ်ဂူအတွင်းဝယ် ကောဇာသက္ကရာဇ် ၁၅၄၄ခုနှစ်၊ တပို့တွဲလပြည့် အင်္ဂါနေ့တွင် ရှင်မဟာကဿပမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူသွားရာ ရုပ်ကလာပ်တော်သည် ယနေ့ထက်တိုင်ပျက်စီးခြင်းမရှိ။ ရွှေစင်ရွှေသားနှယ် ဝင်းလက်လျက်၊ ပကတိအနေအတိုင်းရှိနေသေးသည်ဟု ယုံကြည်မှုသဒ္ဓါစိတ်ဖြင့် ရှင်မဟာကဿပမထေရ်မြတ်ကြီး၏ ရွှေသားအစစ် ရုပ်ကလာပ်တော်ကို အာရုံပြုပူဇော်ကန်တော့ကြရန် စတီးလက်ရမ်းလှေကားထစ်များအတိုင်း ဆင်းလာကြသူ ဘုရားဖူးများကား ဆင်းသူနှင့်တက်သူ နားလည်မှုအပြည့်။ လိုဏ်ဂူတွင်းမှ မထေရ်မြတ်ကိုဖူးပြီ တက်လာကြသူများကို ဆင်းသူများက ဦးစားပေးဘေးဖယ်ပေးကြသလို သက်ကြီးရွယ်အိုများကို ကူညီဖေးမတွဲပေးမှုများလည်း တွေ့ရသည်။



စတီးလက်ရန်းလှေကားများဖြင့် လိုဏ်ဂူအဆင်းလမ်း


သာသနာ့နယ်တွင်မာန်မာနများကင်းကာအချင်းချင်းမေတ္တာတရား ဖြင့် ကူညီရိုင်းပင်းမှု ဂါရဝတရားများပါလား။ ပီတိဖြစ်ရ ပြန်သည်။

လိုဏ်ဂူအောက်ရောက်သည်နှင့် တော၏အငွေ့၊ စိမ့်စမ်း၏ အတွေ့ကပို၍အေးမြလာသည်။မြင့်မားလှသည့်ကျောက်တောင် များထက်မှ ကျောက်ပန်းကျောက်ခက်များက ကျောက်ပန်းဆိုင်း များချိတ်ဆွဲထားသည့်နှယ် သဘာဝကအလှဖန်တီးထားသလိုရှိ နေသည်။ ကျောက်ခက်များက ကျနေသည့် ကျောက်ရေစက်သံ တဖြောက်ဖြောက်ကလည်း နွေခေါင်ခေါင် မိုးရွာနေသည့် အ လား။ သည်ကျောက်ရေစက်ကိုပင် ဆေးဝါးအဖြစ် ရေသန့်ဘူး လေးများဖြင့် ခံသူကခံ၊ လက်ဖြင့်ခံကာ မျက်နှာသပ်သူကသပ်။ ယုံကြည်မှုကပင် စိတ်အင်အားမဟုတ်ပါလား။

ဟိုးယခင် စိုးဟိန်းတို့လာစဉ်ကလည်း သည်ကျောက်ရေ စက်များကို ဝါးကျည်တောက်ဖြင့်ခံကာ သယ်ခဲ့ဖူးသည်။ ယခု တော့ ဝါးကျည်တောက်ခေတ်မဟုတ်တော့။ ရေသန့်ဘူးခေတ် ဖြစ်နေပြီကိုး။



ကျောက်ရေစက်ကို သိဒ္ဓိရေစင်အဖြစ် ယုံကြည်စွာခံယူ



ကျောက်လိုဏ်ဂူအတွင်း ကျောက်တံခါးကို မထေရ်မြတ်ကြီး၏ရုပ်ကလာပ်တော် ကိန်းဝပ်တည်ရာ စံကျောင်းတော်၏ တံခါးဟုလည်း ယုံကြည်ထားကြသည်။ ထို့ကြောင့်လည်း ကျောက်တံခါးကြားတွင် ဝတ္ထုငွေစက္ကူများ ရသမျှထိုးထည့်လှူဒါန်းသူက လှူဒါန်းကြသလို မထေရ်မြတ်ကိုအာရုံပြု၍ ကျောက်တံခါးကိုပင် ရွှေချပူဇော်သူက ပူဇော်။ ထို့ကြောင့်လည်း ကျောက်လိုဏ်ဂူ၊ ကျောက်တံခါးသည် ရွှေများ ဝါဝါဝင်းထိန်လျက်။ ရွှေတံခါးနှင့် ရွှေကျောက်လိုဏ်ဂူ။

ကျောက်လိုဏ်ဂူအတွင်း ကျောက်တံခါးရှေ့၌ မထေရ်မြတ်ကြီးအား အာရုံပြုကာ အဓိဋ္ဌာန်ပုတီးစိပ်သူ၊ ဆီမီးနံ့သာပူဇော်သူ၊ ပရိတ်တော်များရွတ်ဖတ်ပူဇော်သူ၊ အောင်ခြာတ်ကိန်း



သည့်၊ ထူးခြားသည့်သာသနာ့မြေတွင် တရားဓမ္မကိုတတ်နိုင်သမျှ ကျင့်ကြံပွားများနေကြသည်မှာ ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဘာသာတရားသက်ဝင်ရှိသေကိုင်းရှိုင်းမှုအပေါ် သာဓုခေါ်စရာတွေပါလား။

စိုးဟိန်းကိုယ်တိုင်လည်း ကျောက်တံခါးရှေ့တွင် သုဂတော ငါးချက် အမိဋ္ဌာန်ပုတီးစိပ်ကာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးများ၊ ကျောက်လိုဏ်ဂူတော်အတွင်းစောင့်ရှောက်နေကြသော နတ်ဒေဝါအပေါင်းနှင့် ကဿပသာသနာ့နယ်မြေအတွင်းရှိ မြင်အပ်မမြင်အပ်အစောင့်အရှောက်များအားလုံးအားမေတ္တာပွားများပြီး အမိဋ္ဌာန်ကုသိုလ်အစုစုကိုလည်း အမျှပေးဝေလိုက်သည်။

သုဂတော ငါးချက် ဂါထာ

သုဂတော၊ သုဂတ ဌာနံ

သုဂတော သုန္ဒရံ ပိစ။

သုဂတော နိဗ္ဗာနံ ယာတိ၊ သုဂတောတေ နမောနမာ။

အမျှပေးဝေမေတ္တာပို့သအပြီး ရွှေများဖြင့်ဝင်းနေသည့် ကျောက်လိုဏ်ဂူကျောက်တံခါးကိုကြည့်ကာ -

"နှစ်တွေ ဒီလောက်တောင်ကြာပြီပဲ ဒီဂူထဲမှာ ရှင်မဟာကဿပရုပ်ကလာပ် ရှိနိုင်ပါဦးမလား"

သံသယဖြင့် မေးမြန်းဖူးကြသော အမေးတွေကို ပြန်လည်ကြားယောင်နေမိသည်။ ကိုယ်တိုင် မတွေ့မမြင်ရသဖြင့် မယုံဘူးဆိုသောသူများ၏ သံသယစကားများ။ ကိုယ်တိုင် မတွေ့မမြင်ရတိုင်းမယုံဟုပြော၍ မရနိုင်။ လောကတွင် ကိုယ်မသိသောအကြောင်းတရားများစွာရှိသကဲ့သို့ ကိုယ်မတွေ့မမြင်ဘူးသောအရာများလည်းများစွာ။ တချို့ ကိုယ့်မိဘ၊ ကိုယ့်အဘိုးအဘွားများကိုပင် တွေ့မြင်လိုက်ရခြင်းမရှိ။ မတွေ့မမြင်ရ၍ မယုံဟုပြော၍ မရနိုင်သော အကြောင်းတရားတွေ။

တစ်ဆက်တည်းမှာပင် ရှင်မဟာကဿပမထေရ်မြတ်၏ ရုပ်ကလာပ်တော်နှင့်ပတ်သက်၍ ရှေးအတိတ်ဘဝ ဇာတ်ကြောင်းများကို ဆရာတော်များပြောစကားအရ ကြားဖူးခဲ့သလို မှတ်တမ်းများအရ ဖတ်လည်းဖတ်ခဲ့ရဘူးသည်။ ယခုသည်အကြောင်းအရာတွေက အတွေးထဲပြန်ရောက်လာသည်။

# ရှေးဘဝ ရသေ့ညီနောင် ကတိစကား

ဂေါတမဘုရားလောင်း၊ ကဿပမထေရ်လောင်းနှင့် အရိမေတ္တေယျဘုရားလောင်းတို့သည် အတိတ်ဘဝတစ်ခု၌ ရသေ့ညီနောင်သုံးဦးဖြစ်ခဲ့ကြပြီး ဒေသစာရီလှည့်ကာ တရားကျင့်ကြံအားထုတ်ပွားများကြရာတွင် ယခု အလောင်းတော်ကဿပဟုခေါ်တွင်သော ယင်းမာပင်မြို့နယ်၊ ကနီရွာရှိ ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံး၌လည်း တရားကျင့်ကြံအားထုတ်ခဲ့ကြသည်။

၎င်းတောင်တွင် တရားအားထုတ်နေရာမှ တစ်နေ့သောအခါတွင် ဂေါတမဘုရားလောင်း နောင်တော်ကြီးရသေ့က ဗျာဒိတ်စကားမှာခွဲကြားကာ ကတိသစ္စာပြုခဲ့လေသည်။

"ငါ နောင်တော်ကြီးရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဘုရား ဂေါတမဘွဲ့အမည်ဖြင့် ပွင့်တော်မူပြီး ငါဘုရားဂေါတမ၏သာသနာဝယ် ညီလတ်ရသေ့သည် ရှင်မဟာကဿပ

ဘွဲ့အမည်ဖြင့် မူတင်ဇေတဒဂ်ဘွဲ့ရကာ တတိယမဟာ သာဝက ဖြစ်လာပေမည်။ ညီထွေးငယ်ရသေ့ကား ဤဘဒ္ဒကမ္ဘာ၌ပင် ငါဘုရားဂေါတမနောက် ငါးဆူမြောက်ဘုရားအဖြစ် အရိမေတ္တယျ ဘွဲ့အမည်ဖြင့် ပွင့်တော်မူပေလိမ့်မည်။

“ငါနောင်ဘုရားဂေါတမ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်အခါ ငါဘုရား၏ရုပ်ကလာပ်တော်သည် ညီလတ်ရသေ့ ကဿပ မထေရ်ရောက်ရှိမလာမချင်း မည်သည့်လူနတ်ပြဟ္မာမှ တေဇောဓာတ်မီးလောင်ကျွမ်းခြင်းငှာ ပြုစွမ်းနိုင်ခြင်းမရှိစေသား။ ကဿပ မထေရ်မြတ် မီးရှို့မှသာ တေဇောဓာတ်မီးလောင်ကျွမ်းပါစေသား” ဟု ဗျာဒိတ်စကားနှင့်အတူ သစ္စာအဓိဋ္ဌာန်ပြုလိုက်သည်။

ထိုအခါ ကဿပမထေရ်မြတ်လောင်း ရသေ့လတ်သည် ညီထွေးရသေ့ အရိမေတ္တယျလောင်းအား တစ်ချက်ကြည့်ပြီး နောင်တော်ရသေ့ဘက်လှည့်ကာ လက်အုပ်ချီလျက် -

“နောင်ဘုရား ဂေါတမဘုရား ဧကန်စင်စစ်ပွင့်တော်မူပါက နောင်ဘုရားဂေါတမ၏ သာသနာဝယ် ငါသည် မူတင်ဇေတဒဂ် ဘွဲ့ရ တတိယမဟာသာဝက ရှင်မဟာကဿပအဖြစ် ပရိနိဗ္ဗာန် စံဝင်တော်မူသည့်အခါ ငါ၏ရုပ်ကလာပ်တော်သည်လည်း တစ်စုံ တစ်ယောက်သောသူ၏ လုံ့လပယောဂကြောင့် တေဇောဓာတ် မီးလောင်ကျွမ်းခြင်း မရှိနိုင်ကြဘဲ ငါ၏ ရုပ်ကလာပ်တော်သည် ရွှေသားရွှေတုံးကဲ့သို့ တည်ရစ်တော်မူပါစေသား။

ညီထွေးတော်ရသေ့ အရိမေတ္တယျဘုရားရှင် ပွင့်တော်မူ သည့်အချိန်ကာလမှသာ ငါ၏ရုပ်ကလာပ်တော်သည် ညီထွေး တော်၏လက်ဝါးပြင်တွင်တင်၍ တေဇောဓာတ်မီးလောင်ကျွမ်း ပါစေသား. . . ” ဟု သစ္စာအဓိဋ္ဌာန်ပြုတော်မူသည်။

ကြားသိဖတ်မှတ်ခဲ့ဖူးသော ရှင်မဟာကဿပနှင့် ဂေါတမ ဘုရားရှင်တို့၏ အတိတ်ဘဝညီနောင်ဇာတ်လမ်းအရ ဗုဒ္ဓဝင် ကျမ်းကိုဖတ်ရှုရာတွင် ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူ သောအခါ မည်သည့်လူနတ်ပြဟ္မာမှ တေဇောဓာတ် မီးလောင် ကျွမ်းအောင်မပြုနိုင်ကြဘဲ ရှင်မဟာကဿပမထေရ်ရောက်ရှိ လာပြီး ဘုရားရှင်၏ရုပ်ကလာပ်တော်အား ရှေ့နောက်ဝဲယာကန် တော့ပြီး ရှင်မဟာကဿပမထေရ်မြတ် မီးရှို့မှသာတေဇောဓာတ် မီးလောင်ကျွမ်းတော်မူကြောင်း အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်ကျမ်းတွင် ဖော်ပြထားပေသည်။

ထို့ကြောင့်လည်း ရသေ့ညီနောင်သုံးဦးဘဝက ရှင်မဟာ ကဿပမထေရ်ထားရှိခဲ့သည့် အဓိဋ္ဌာန်ကတိစကားအတိုင်း ရှေး အတိတ် ရသေ့ညီနောင်ဘဝက တရားကျင့်ကြံအားထုတ်ခဲ့ရာ လည်းဖြစ်သကဲ့သို့ အဓိဋ္ဌာန်ကတိစကားထားခဲ့ရာအရပ်လည်း ဖြစ်သော အလောင်းတော်ကဿပဟုခေါ်ဆိုရာ အရပ်ဖြစ်သည့် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရတောင်သုံးလုံးကြားရှိ ကျောက်လိုဏ် ဂူတွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ခြင်းဖြစ်ပြီး ရှင်မဟာကဿပ မထေရ်မြတ်၏ ရုပ်ကလာပ်တော်သည် အရိ မေတ္တေယျဘုရားရှင် ပွင့်တော်မူသည်ထိ တေဇောဓာတ်မီးလောင်းကျွမ်းခြင်းမရှိဘဲ ကတိစကားအဓိဋ္ဌာန်အတိုင်းတည်ကာ သွေးသားသွေးတုံးနှယ် ပကတိအနေအထားအတိုင်း တည်ရှိနေပေလိမ့်မည်ဟု ယုံကြည် သဒ္ဓါစိတ်ဖြင့် ကဿပမထေရ်မြတ် ရုပ်ကလာပ်တော် ကိန်းဝပ်ရာ ဤနေရာ ဤဒေသသို့ အပင်ပန်းခံလာရောက်၍ ပူဇော်ကန်တော့ ကာ အဓိဋ္ဌာန်ပြုနေကြခြင်း ဟုဆိုရပေမည်။

အလားတူ ဟိုးရှေးယခင်က ဤကျောက်လိုဏ်ဂူကို လှည့်

ပတ်ရစ်ခွေစီးဆင်းနေသော ရေစီးကြောင်းရှိသည်ဟု ဆိုကြသည်။ ထိုရေစီးကြောင်းတွင် ရှင်မဟာကဿပမထေရ်မြတ်အား အာရုံပြု ရည်စူး၍ ဆွမ်းပန်းနံ့သာလှူဒါန်းကြရာတွင် -

"အရှင်ဘုရား ဆွမ်းချည်းလှူပါသည်"

ဟု အဓိဋ္ဌာန်ပြုလှူဒါန်းကာ ရေစီးတွင်ဆွမ်းနှင့်သပိတ်မျှော လိုက်ပါက ကျောက်ဂူအတွင်းမှပြန်ထွက်လာသော ရေစီး ကြောင်းတွင် ဆွမ်းမပါဘဲ သပိတ်ချည်းသာပြန်ထွက်လာသလို

"အရှင်ဘုရား ဆွမ်းရောသပိတ်ပါ လှူပါသည်" ဟု အဓိဋ္ဌာန် ပြုလှူဒါန်းပါက ရေစီးကြောင်းမှ သပိတ်ရော ဆွမ်းပါ ပြန်ထွက် လာခြင်းမရှိဟု သိမ့်လိုက်သူ သူတော်စင်ပုဂ္ဂိုလ်ထူးများ၏ ပြော စကားများကိုလည်း ကြားခဲ့ဖူးပါသည်။

ဟိုးယခင်နှစ်သုံးဆယ်ကျော် ပထမအကြိမ်ရောက်ရှိခဲ့စဉ် က ဤကျောက်ဂူကျောက်တံခါးရှေ့တွင် ရေစီးကြောင်းရှိနေ သေးသည်။ ဂူအတွင်းသို့ စီးဝင်ခြင်းတော့မရှိတော့။ ယခုအခါတွင် ရေစီးကြောင်း လုံးဝပျောက်သွားပေပြီ။ သို့သော် ကျောက်ရေစက် များကတော့ တဖျောက်ဖျောက်ကျနေဆဲ။


× × × × ×

## သာသနာထွန်းပ  အလောင်းတော်ကဿပ

ကျောက်လိုဏ်ဂူအတွင်းရှိ ရှင်မဟာကဿပမထေရ်မြတ်၏ ရုပ်ကလာပ်တော်အား စိတ်ဝယ်အာရုံပြု အမိဋ္ဌာန်ဆုပန်ပြီး လှေကားအတိုင်း အပေါ်ပြန်တက်လာခဲ့သည်။ စံကျောင်းတော်ရှေ့ လှေကားတွင် ခေတ္တအနားယူကာ စည်ကားဖွံ့ဖြိုး တိုးတက်လာသော ကဿပဌာနေအကြောင်း တွေးမိပြန်သည်။

စင်စစ်အလောင်းတော်ကဿပဟုခေါ်နေကြသောကဿပ သာသနာ့မြေ သာသနာ့ဌာနေသည် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ကနီမှသည် ခရီးထပ်ဆင့်ရသောနေရာ။ ဝေးကွာရုံသာမက သွားလာရေးခက်ခဲသဖြင့် ယခင်က လူသူသိပ်မသိခဲ့ကြ။ သတိလည်းမထားမိကြ။ ကဿပမထေရ်မြတ်အကြောင်း သိရန်ကားပို၍ဝေးပေစွ။ ထိုထက် ပိုဆိုးသည်က

ကဿပမထေရ်မြတ်သည် ဂေါတမဘုရားရှင်သာသနာတွင် ကတိယသာဝက ဓူတင်ဧတဒဂ်ရမထေရ်မြတ်ဖြစ်သည်ကိုပင်မသိကြခြင်း။ ထိုကဲ့သို့ ဂေါတမဘုရားရှင်သာသနာတွင် ထူးခြားထင်ရှားသည့် မထေရ်မြတ်ကြီး၏ရုပ်ကလာပ်တော်သည် ဤနေရာ ဤဌာန၌ ရှိနေပါသေးပါလားဟု မသိရှိခြင်းကပင် သာသနာနှင့်ကြုံနေပါလျက် သာသနာနှင့်လွဲနေကြသည့်နှယ်။ ဆုံးရှုံးမှုများစွာ။



ကပိုင်အဝင် အလောင်တော်ကဿပ မုဒ်ဦး

သို့သော် သိသူဖော်စား မသိသူကျော်သွားဆိုသကဲ့သို့ ပါရမီလမ်းလျှောက်လှမ်းနေကြသည့် သူတောင်စင်များနှင့် သာသနာပြုပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များကားရရှိသည့်အခွင့်လမ်း လက်လွှတ်မခံ။ မည်သို့ပင်ဝေးဝေး မည်မျှပင်သွားလာရေး ခက်ခဲစေကာမူ ရှေးယခင်ကတည်းက အဓိဋ္ဌာန်ပါရမီစခန်းတစ်ခုအနေဖြင့် အပင်ပန်းဒုက္ခခံသွားရောက်ကြပြီး အဓိဋ္ဌာန် ပါရမီဖြည့်ကျင့်ပွားများကြရာမှ အဓိဋ္ဌာန်အောင်၍ သိဒ္ဓိ မဟိဒ္ဓိ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်သွားကြသဖြင့် ကဿပသာသနာ့မြေသည် ပါရမီလမ်း



လျှောက်သူတော်စင်ပုဂ္ဂိုလ်မြတ်များမွေ့ပျော်ရာသာသနာ့အောင်မြေဖြစ်နေသည်။

စင်စစ် ကဿပသာသနာ့မြေသည် ဘူမိနက်သန်အမှန် သာသနာ့အောင်လံ လွှင့်ထူရာအရပ်ဆိုကလည်း မမှား။ သူတော်စင်များဌာနေ၊ အသိထူးပေါက်ရောက်သောပုဂ္ဂိုလ်မြတ်များတရားကျင့်ကြံရာအောင်မြေဟုပြောနေကြသည့် မဟာမြိုင်တောနှင့် ရှင်မဟာကဿပရုပ်ကလာပ်တော် ကိန်းဝပ်စံမြန်းရာ တောတောင်တို့သည် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့်အတွက် သူတော်စင်များ တရားရှာမှီးကျင့်ကြံရာ နေရာမြတ်မဟာဟုလည်း ပြောနိုင်ပါသည်။

ထိုကဲ့သို့ ထူးသောပုဂ္ဂိုလ်များနှင့် မြတ်သောနေရာ ကဿပဌာနေအကြောင်း သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ဆိုသကဲ့သို့ သူတော်ကောင်းချင်း သတင်းပြန့်ရာမှ သူတော်စင်များ တစ်ဆင့်စကားတစ်ဆင့်ကြားသိကြပြီး ပါရမီလမ်းလျှောက်လှမ်းသူတို့ အစီအစဉ်လာဝင်ကြရာတွင် ၁၃၂၄ ခုနှစ်၌ ပုပ္ပါးသာသနာပြုဆရာတော် ဦးကုမာရပါ ရောက်ရှိလာခဲ့သည်။

# ပုပ္ပါးဦးကုမာရ၏ သာသနာပြုခရီး

သာသနာပြုဆရာတော် ဦးကုမာရအနေဖြင့် သည်ကဲ့သို့ထူးသောနေရာကို သာသနာပွင့်လင်းထွန်းကားပြန့်ပွားစေလိုသည့်အပြင် ပါရမီရှိသူ၊ အကြောင်းဆက်ရှိသူ ခုနစ်ရက်သားသမီးအပေါင်း ဤအောင်မြေအောင်ဌာနသို့ အောင်ခမြနင်း အမိဌာန်ဝင်စေလိုသောဆန္ဒဖြင့် အလောင်းတော်ကဿပဘုရားဖူးကို အပင်ပန်းခံ၊ ဒုက္ခခံ ပို့ဆောင်ပေးခြင်းသည် အလောင်းတော် ကဿပသာသနာထွန်းလင်းရေးအတွက် ကဿပသာသနာ့စခန်း ပွင့်လင်းစေရန် သာသနာ့လမ်း စဖွင့်ပေးခြင်းဟု ဆိုကလည်း မမှားပါ။

ဆရာတော်ဦးကုမာရမှာ အလောင်းတော်ကဿပသာသနာတော်အတွက် သာသနာပြုခဲ့သလို ပုပ္ပါးတောင်နှင့် ဖိုလ်ဝင်တောင်တို့၌လည်း သာသနာပြုခဲ့သော သာသနာပြုဆရာတော်ဖြစ်သည်။ ပုပ္ပါးဦးကုမာရဆိုလျှင် ဂန္ဓာရီခရီးသွား ဘာသာရေးသမားများ မသိသူမရှိသလောက် ထင်ရှားသည့် ဆရာတော်



အလောင်းတော်ကဿပ သာသနာထွန်းလင်းရေးအတွက်
လမ်းဖွင့်ပေးခဲ့သော သာသနာပြု ဆရာတော် ပုပ္ပါးဦးကုမာရ

ဖြစ်သည်။ ပုပ္ပါးဆရာခေါင်ကြီးကိုအကြောင်းပြု၍ ပုပ္ပါးတွင် သာသနာပြုခဲ့သလို အလောင်းတော်ကဿပသာသနာတော်နှင့် မည်သို့မည်ပုံ ဘဝဆက်ပဋ္ဌာန်းဆက်ပါလာသည်မသိ။ အကြောင်းတရားကတော့ ဆရာတော်ဦးကုမာရ ရဟန်းဖြစ်စတွင် ရွှေဘိုခရိုင်သို့ရောက်ရှိခဲ့ရာ အလောင်းတော်ကဿပ လိုဏ်ဂူတော်အတွင်းမှရရှိထားသော ကျောက်သားဖြင့်ထုလုပ်ထားသည့် ညဏ်တော်တစ်တောင့်ထွာခန့်ရှိ အလောင်းတော် ကဿပ ကိုယ်ပွား ရုပ်ပွားတော်တစ်ဆူကို ရဟန်းတစ်ပါးက အိပ်မက်အရ ဟုဆိုကာ ပေးလှူလိုက်သည်။

ဆရာတော်ဦးကုမာရလည်း အလောင်းတော်ကဿပကိုယ်စား ကျောက်သားရုပ်ပွားတော်အား ပုပ္ပါးသို့ပင့်ဆောင် ပူဇော်ခဲ့သည်။ တရားဟောကြွလျှင်လည်း အများပူဇော်နိုင်စေရန် ပင့်ဆောင်သွားလေ့ရှိသည်။ (ယခုအခါ ထိုရုပ်ပွားတော်မှာ ပုပ္ပါးတောင်ကလပ် ကုမာရကျောင်းတိုက်အနီး သီလတောင် မဟာကဿပလိုဏ်ဂူတော်တွင်သိတင်းသုံးလျက်ရှိကြောင်းသိရသည်။)

ဦးကုမာရမှာ အလောင်းတော်ကဿပကျောက်သားရုပ်ပွားတော် လက်ဝယ်ရပြီးချိန်မှစ၍ သာသနာပြုရာတွင် စိတ်သွားတိုင်း ဆောင်ရွက်နိုင်ပြီး၊ သာသနာပြုလုပ်ငန်းများ ပို၍ အောင်မြင်လာကြောင်းလည်း သိရသည်။ အလောင်းတော်ကဿပ သာသနာကို တိုးတက်ဖွံ့ဖြိုးစေလိုသောဆန္ဒ၊ ကဿပမထေရ်မြတ်ကြီးအား ခုနစ်ရက်သားသမီးအပေါင်း ဖူးမြော်ကြည်ညိုစေလိုသော စေတနာတို့ဖြင့် ပါရမီရှင်ဘုရားဖူးများအား အလောင်းတော်ကဿပသို့ တစ်နှစ် တစ်ကြိမ်၊ နှစ်နှစ် တစ်ကြိမ် ပို့ဆောင်ပေးကြောင်းလည်း သိရသည်။

သာသနာပြုဆရာတော် ဦးကုမာရမှာ သာသနာပြုလုပ်ငန်းများကို အပင်ပန်းခံလုပ်ကိုင်ရင်း ၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော်(၄)ရက်နေ့တွင် ခန္ဓာဝန်စွန့်ခွာသွားတော်မူရှာသည်။



သာသနာပြုဆရာတော် ပုပ္ပါးဦးကဝိန္ဒ

## ကဿပမထေရ်မြတ်သာသနာအတွက် ပခုံးပြောင်းယူ


ရှင်မဟာကဿပမထေရ်မြတ်၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ပူဇော်စေလိုသော စေတနာ၊ ရှင်မဟာကဿပ သာသနာ့နယ်မြေဖွံ့ဖြိုးတိုးတက်စေလိုသော ဆန္ဒဖြင့် သာသနာပြုခဲ့သော ဆရာရှင်ဦးကုမာရ ဘဝနတ်ထံပျံလွန်တော်မူပြီးနောက် ဆရာဖြစ်သူ၏ သာသနာပြုတာဝန်ကို ယခု ဖိုလ်ဝင်တောင်တွင် သီတင်းသုံးနေသည့် ဦးသုမနနှင့်အတူ ပုပ္ပါးဦးကဝိန္ဒတို့ ပခုံးပြောင်းတာဝန်ယူကြရပြီ။ ဆရာဖြစ်သူ၏ သာသနာပြုအမွေကို လက်ဆင့်ကမ်းသယ်ဆောင်ကြပြီ။

ထိုစဉ်က ဖိုလ်ဝင်တောင်ဂေါပကအဖွဲ့ အထွေထွေအတွင်း

ရေးမှူး ဆရာတော်ဦးသုမနနှင့် ပုပ္ပါးဦးကဝိန္ဒတို့မှာ အမြို့မြို့ အနယ်နယ်မှ အလောင်းတော်ကဿပ ဘုရားဖူးလိုသူတို့အား သတင်းစာတွင် ကြော်ငြာကာ အလောင်းတော်ကဿပဘုရားဖူးကို ပို့ဆောင်ပေးခဲ့ကြသည်။ အလောင်းတော်ကဿပ သာသနာ့နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ကြသည်။

ဆရာတော်ဦးကဝိန္ဒမှာ ဆရာဖြစ်သူ ဦးကုမာရ၏ အလောင်းတော်ကဿပသာသနာပြုတာဝန်သာမက ပုပ္ပါးတောင်သာသနာ့ကိစ္စများကိုလည်းဆောင်ရွက်တော်မူရသည်။အလားတူ ရှင်မဟာကဿပလား၊ ပေါင်လောင်ရှင် ကဿပလားဟူ သောဝိဝါဒကွဲပြားကာသံသယထွေပြားမှုများအတွက် အလောင်းတော်ကဿပ သမိုင်းသစ်စာအုပ်ရေးသားပြုစုရာတွင်ရှင်မဟာကဿပမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူရန် မဇ္ဈိမဒေသမှ မြန်မာနိုင်ငံတွင်းသို့ ကြွလာတော်မူလာသည့် ခရီးလမ်းကြောင်းကို ဆရာတော်ဦးသုမနနှင့်အတူ ကိုယ်တိုင်ကိုယ်ကျသွားရောက် လေ့လာခဲ့ကြသည်။

ဆရာတော်ဦးကဝိန္ဒနှင့် ဆရာတော်ဦးသုမနတို့ ထိုကဲ့သို့ သာသနာတော်အတွက် အပင် ပန်းခံသွားရောက်လေ့လာမေးမြန်းမှုများကြောင့်လည်း ရှင်မဟာကဿပမထေရ်မြတ်ကြီး မဇ္ဈိမဒေသမှ မြန်မာနိုင်ငံသို့ကြွလာရာ လမ်းခရီးမြေပုံကို သိရှိခွင့်ရသလို အလောင်းတော် ကဿပသည် ဂေါတမဘုရားရှင်၏ တတိယမဟာသာဝက ရှင်မဟာကဿပမထေရ်မြတ်ကြီးဖြစ်တော်မူကြောင်း သက်သေအထောက်ထားများလည်း ရရှိလာခဲ့သည်ဟု ဆိုရပေမည်။




# ရှင်မဟာကဿပမထေရ်မြတ် ခြေတော်ရာ

သက်တော် ၁၂၀၊ ဝါတော် ၅၀ရရှိလာပြီဖြစ်သည့် ရှင်မဟာကဿပမထေရ်မြတ်သည် အာယုသင်္ခါရလွှတ်တော်မူရန်အတွက် ရွှေအတိတ်ရသေ့ညီနောင်ဘဝက ကတိသစ္စာအဓိဋ္ဌာန်ပြုခဲ့ရာ ဝေဘာရ၊ ဝေဘူလ၊ သုနန္ဒရတောင်သုံးလုံးသို့ ကြွလာရာတွင် မဏိပူရ၊ အာသံ၊ စစ်တကောင်း၊ ပန်းဝါ စသောမြို့များမှ ချင်းတွင်းမြစ်ကိုဖြတ်ကာ သူတော်စင်တို့ဌာနေ မဟာမြိုင်တောတန်းခရီးအတိုင်း ကြွလာတော်မူလာသည်။


ထိုသို့ ကြွလာရာတွင် မင်းကင်းမြို့အောက် နှင်းကြီးရွာသို့ ရောက်တော်မူရာ တောင်သူကြီးဦးကောင်းစင်က ရှင်မဟာကဿပမထေရ်မြတ်အား ဆွမ်းဆက်ကပ်ပြီး နောင်လာနောက်သားများ ကိုးကွယ်တော်မူကြစေရန် ခြေတော်ရာတစ်ဆူ ချပေးရန် အသနားခံလျှောက်ထားရာ -

"ခြေတော်ရာကို မည်သူစောင့်ရှောက်မည်နည်း" ဟုမေး သည့်အခါ ဦးကောင်းစင်က -


"တပည့်တော် စောင့်ရှောက်ပါမည်ဘုရား"ဟု ပြန်လည် ဖြေကြားသည့်အခါမှ နောင်လာနောက်သားများ ကိုးကွယ်ပူဇော် နိုင်ရန် အလျား ၃၂ လက်မ၊ ခြေဖျားတော် ဗျက် ၁၅ လက်မခွဲ၊ ခြေဖနောင့်တော် ဗျက် ၁၀ လက်မခွဲရှိသည့် ခြေတော်ရာတစ်ဆူ ချပေးတော်မူခဲ့သည်။

တောင်သူကြီးဦးကောင်းစင်မှာ သူ၏ကတိစကားအတိုင်း ခြေတော်ရာကို လူ့ဘဝကတည်းက စောင့်ရှောက်ခဲ့သလို ဘဝ တစ်ပါးပြောင်းသွားသည့်အခါ၌လည်း နတ်အဖြစ်နှင့် ဆက်လက် စောင့်ရှောက်နေသည်ဟုပြောကြပြီး ခြေတော်ရာနှင့် လေးဖာလုံ အကွာတွင် ဦးကောင်းစင်နတ်နန်းကို တည်ထားကြသည်။

ရှင်မဟာကဿပ၏ ခြေတော်ရာမှာ နှင်းကြီးရွာနှင့် လေးမိုင် အကွာ အညာလယ်ရွာဘုန်းကြီးကျောင်းတွင် တည်ရှိပြီး



မြေပေါက်စေတီငုံ၍ တည်ထားသည့် ရှင်မဟာကဿပ ခြေတော်ရာ




ခြေတော်ရာဘုရားနှင့် ဦးကောင်းစင်နတ်နန်းတည်ရှိရာ မြေပုံ

မြေပေါက်စေတီတည်ထားကာ ယနေ့ထက်တိုင် ကိုးကွယ်လျက်ရှိကြသည်။ ဘုရားပွဲတော်ကိုလည်း တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့တွင် နှစ်စဉ်စည်ကားစွာကျင်းပပြီး ဘုရားပွဲတော်မကျင်းပမီ ကျောက်ဖျာအပြင် ခြေတော်ရာခွက်မှ ရေများစိမ့်ထွက်လာလျှင် ထိုနှစ်ဘုရားပွဲတော်စည်ကားမည့်လက္ခဏာဟုဆိုကြသည်။ ထိုထက်ပို၍ထူးခြားသည်ကား ဘုရားပွဲတော်ကာလတွင် ဘုရားဖူးများစွာက မြေပေါက်စေတီအတွင်းမှ ခြေတော်ရာကို ရွှေများမည်မျှ များပြားစွာ ရွှေချပူဇော်ကြသော်လည်း လပိုင်းအတွင်းမှာပင် ရွှေများကွယ်ပျောက်သွားကြသည်။ ဒေသခံလူများ၏ အယူအဆမှာ သက်ဆိုင်ရာပုဂ္ဂိုလ် အစောင့်ရှောက်များက ကဿပလိုဏ်ဂူအတွင်းရှိ ရှင်မဟာကဿပရုပ်ကလာပ်တော်ရှိရာသို့ ရွှေများကို ပို့ဆောင်သွားကြခြင်းဟုသိရသည်။

## ကဿပမထေရ်မြတ် ဆက်လက်ကြွရာလမ်းခရီး

ရှင်မဟာကဿပမထေရ်မြတ်သည် အညာလယ်ရွာတွင် ခြေတော်ရာချထားပေးပြီးနောက် ဆက်လက်ကြွလာရာ တစ်မိုင်ခန့်အကွာတွင် ချောင်းငယ်တစ်ခုရောက်ပြီး ထိုချောင်းငယ်အတိုင်းဆင်းလာရာ ချင်းတွင်းမြစ်ကမ်းနဖူးသို့ ရောက်ရှိလာခဲ့သည်။ ရှင်မဟာကဿပမထေရ်မြတ် စုန်ထွက်လာသောချောင်းငယ်ကို ဘုရားထွက်ချောင်းဟု ယနေ့ထက်တိုင် ခေါ်ဆိုလျက်ရှိကြသည်။

ထိုဒေသခံလူများသည် ရှင်မဟာကဿပမထေရ်မြတ်အား သံဃာအဖြစ်သာမက ဘုရားရှင်ပရိနိဗ္ဗာန်ပြုသွားပြီဖြစ်၍ ဘုရားနှယ် ယုံကြည်လေးစားကိုးကွယ်ကြသူများဖြစ်သည်ဟုသိရသည်။ ထို့ကြောင့်လည်း ရှင်မဟာကဿပမထေရ်မြတ်ထွက်လာသော

ချောင်းဖြစ်သဖြင့် ဘုရားထွက်ချောင်းဟု ခေါ်ဆိုကြကြောင်းလည်း ဒေသခံများ၏စကားအရ မှတ်ယူရနိုင်သည်။

ရှင်မဟာကဿပသည် ချင်းတွင်းမြစ်အတိုင်း အထက်သို့ဆန်၍ကြွလာရာ မင်းကင်းမြို့အောက်ဘက် ပုထိုးလုံချောင်း။ ထိုမှဆက်၍ အထက်သို့ဆန်၍ကြွလာရာ "မထီဒလီ" သို့ရောက်လာခဲ့သည်။ "မထီဒလီ" သည် မထေရ်မြတ် ဒီနေရာသို့လှည့်လာသောကြောင့် "မထေရ်ဒီလှည့်" ဟုခေါ်ကြပြီး ကာလရွေ့လျားရာမှ "မထေရ်ဒီလှည့်" မှ "မထီဒလီ" သို့ ပြောင်းသွားကြောင်း သိရပြန်သည်။

ဆက်လက်ကြွလာရာ မထေရ်မြတ် သပိတ်ပွေ့လျက် ကြွလာသည်ကိုအစွဲပြု၍ "ပွေ့လျက်ရွာ"ခေါ်တွင်သော ရွာရောက်လာသည်။ ယခုအခါ ပွေ့လျက်ရွာမှ "ပွေ့ညက်ရွာ" ဟုခေါ်ကြသည်ဟုဆိုကြသည်။

မထေရ်မြတ် ရှေ့ခရီးဆက်ကြွလာရာ တောင်ကုန်းတစ်နေရာအရောက်တွင် ဒကာ၊ ဒကာမများ ဝပ်လျှိုးကန်တော့ကြရာကိုအစွဲပြု၍ ထိုနေရာကို ဝပ်လျှိုးကုန်းဟုခေါ်ကြပြီး ယခုအခါ ဝက်တိုးကုန်းဟုသိရသည်။

ရှေ့ခရီးဆက်ရာ ယခုအခေါ် တောင်အောက်ရွာသို့ ရောက်လာခဲ့သည်။ တောင်အောက်ရွာသည် မထေရ်မြတ် တအောင့်နားသောရွာဖြစ်၍ "တစ်အောင့်ရွာ" ဟုခေါ်ကြပြီး နောက်ပိုင်းတွင် တစ်အောင့်ရွာမှ တောင်အောက်ရွာသို့ ပြောင်းသွားခြင်းဖြစ်ကြောင်းလည်း သိရသည်။

မထေရ်မြတ်သည် ပုထိုးလုံချောင်းအတိုင်း ခရီးဆက်ခဲ့ရာ "အောက်စသာ" သို့ရောက်တော်မူပြီး ချောင်းရိုးအတိုင်း ဆက်

လက်ကြွလာရာ "အထက်စသာ"၊ ထိုမှ "လင်းလုရွာ"၊ ဆက်လက်ကြွလာရာ "ဖက်ထုပ်ရွာ" သို့ရောက်ရှိခဲ့သည်။


ဖက်ထုပ်ရွာမှာ မထေရ်မြတ်အား ဒကာ၊ ဒကာမများက ဆွမ်း၊ ဆွမ်းဟင်းကို ဖက်ဖြင့်ထုပ်၍လှူသဖြင့် ဖက်ထုပ်ရွာဟု ခေါ်သလို ရှင်မဟာကဿပ ခေတ္တအနားယူကာ သင်္ကန်းလှန်းသောတောင်ကိုလည်း သင်္ကန်းလှန်းတောင်ဟု ခေါ်ကြသည်။ ရှေ့ဆက်လာရာ ချောင်းငယ်တစ်ခုသို့ရောက်လာသည်။ ထို


သပိတ်ဆေးချောင်း


ဆရာတော် ဦးကဝိန္ဒ

ချောင်းငယ်ကိုလည်း ရှင်မဟာကဿပ သပိတ်ဆေးသောချောင်းဖြစ်၍ သပိတ်ဆေးချောင်းဟုခေါ်ဆိုကြပြီး ထိုချောင်း၌ရှိသော ကျောက်ခဲလေးများမှာ ဆန်လုံးပုံသဏ္ဍာန်ရှိနေကြသည်မှာ ထူးခြားမှုတစ်ရပ်ဖြစ်သည်။

သပိတ်ဆေးချောင်းမှ ဆက်ကြွလာရာ ကနီမြို့နယ်တွင်းရှိ ဆယ်ရွာချောင်းသို့ရောက်လာပြီး ဆက်လက်ကြွလာရာ ဘုရားဝစခန်းအောက် လေးမိုင်ခန့်အကွာတွင် ကျောက်ဖျာကြီးတစ်ချပ်



ပေါ်သို့ မထေရ်မြတ်၏ နှစ်ထပ်သင်္ကန်းကြီးလှန်းသဖြင့် သင်္ကန်းလှန်းကျောက်ဖျာဟုခေါ်ကြပြီး ထိုကျောက်ဖျာပေါ်တွင် ယနေ့ထက်တိုင်သင်္ကန်းအကွက်အနားပတ်အကွက်အရာများထင်ကျန်လျက်ရှိနေသေးကြောင်း သိရသည်။

ဘုရားဖူးသည် ဆက်လက်ကြွရာ ပုထိုးလုံချောင်းသို့ စီးဝင်သော ချောင်းငယ်တစ်ခုသို့ရောက်ရှိလာပြီး ထိုချောင်းငယ်အတွင်းသို့ဆက်သွားရာ ရှင်မဟာကဿပမထေရ်မြတ် ပရိနိဗ္ဗာန်စံရာ ကျောက်လိုဏ်ဂူသို့ ရောက်ရှိကြောင်းသိရှိရသည်။

ရှင်မဟာကဿပမထေရ်မြတ်၏ ခရီးစဉ်လမ်းကြောင်းကို ဤသို့သိရှိရေးသားတင်ပြနိုင်ရခြင်းမှာ ခရီးလမ်းကြောင်း အတိုင်း ဒုက္ခခံ၊ အပင်ပန်းခံ၍ ဒေသခံများနှင့် မေးမြန်းလေ့လာကာ မှတ်တမ်းမှတ်ရာ သမိုင်းသစ်ကို ရေးသားပြုစုနိုင်ခဲ့သော ဆရာတော်ဦးကဝိန္ဒ၏ ကျေးဇူးတရားပင်ဖြစ်ပါသည်။

ထို့အတူ မထေရ်မြတ်ကို အကြောင်းပြုအစွဲထားကာ

မှည့်ခေါ်ခဲ့ကြသော ချောင်းအမည်၊ တောင်အမည်၊ ရွာအမည်များကပင်“အလောင်းတော်ကဿပ”သည် “တတိယမဟာသာဝက ရှင်မဟာကဿပမထေရ်မြတ်” အစစ်ဧကန် ဖြစ်နေကြောင်း သက်သေသာဓက အထောက်ထားများအရလည်း မှတ်ယူနိုင်ပေသည်မဟုတ်ပါလား။

× × × × ×

ဆရာတော်ဦးကဝိန္ဒနှင့် ဦးသုမနတို့၏ ကျေးဇူးတရားကားကြီးမားလှပါသည်။ ဆရာတော်များ၏ ကျေးဇူးတရားကြောင့်လည်း ဝေးလံသီခေါင်၍ သွားလာရေးခက်ခဲပြီး လူသူမသိသည့် အလောင်းတော်ကဿပနေရာမြတ်သည် သွားလာရေးချောမွေ့ပြီး စည်ကားဖွံ့ဖြိုးလူသိများသည့် သာသနာ့မြေဖြစ်လာရခြင်း။

၁၃၃၀ မှ ဆရာတော်ဦးကဝိန္ဒနှင့် ဦးကုမာရတို့ အလောင်းတော်ကဿပသာသနာ့မြေအတွက် သာသနာပြုလုပ်ငန်းများ တက်ညီလက်ညီ လက်တွဲဆောင်ရွက်နေကြစဉ် ဆရာတော်ဦးကဝိန္ဒမှာ၁၃၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း (၁၄) ရက် (၃၁ ၁၂-၁၉၉၈) ကြာသပတေးနေ့ ညနေလေးနာရီအချိန်၌ ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံသစ်ကြီးတွင် တစ်ဘဝတစ်ခန်းသာ ချုပ်ငြိမ်းသွားခဲ့သဖြင့် ဆက်လက်ဆောင်ရွက်ရမည့် သာသနာပြုတာဝန်ကြီးမှာ ဆရာတော်ဦးသုမနပခုံးပေါ် ကျရောက်လာရတော့သည်။

## ဖိုလ်ဝင်တောင်ဆရာတော် ဦးသုမန၏ သာသနာပြုဆောင်ရွက်မှုများ

ဦးသုမနမှာ ဦးကုမာရတာဝန်ပေးလာသည့် သာသနာရေးတာဝန်အရ လူသိမရှိ ခြောက်ကပ်ကပ်နှင့် ချောင်ကျလှသည့် ဖိုလ်ဝင်တောင်တွင် လာရောက်သီတင်းသုံးရာမှ ဖိုလ်ဝင်တောင် သာသနာကို ဦးကုမာရ၊ ဦးကဝိန္ဒတို့နှင့်အတူ ကျောင်းထိုင်ဘဝနှင့် စတင်သာသနာပြုခဲ့ရခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ဦးကုမာရ၏ ကဿပမထေရ်မြတ်၏သာသနာ့စခန်းတွင် သာသနာပြုရပြန်သည်။ ဦးကုမာရနှင့် ဦးကဝိန္ဒတို့နှစ်ပါးစလုံး ပျံလွန်တော်မူသည့်အခါ ဦးသုမနမှာ ဖိုလ်ဝင်တောင်သာသနာ့တာဝန်များသာမက အလောင်းတော် ကဿပ သာသနာ့မြေဖွံ့ဖြိုးသာယာစည်ကားရေးအတွက်၊ သာသနာတော်အတွက် လက်ဆင့်ကမ်းတာဝန်ကို ဦးဆောင်လာရပြန်သည်။



အလောင်းတော်ကဿပသာသနာ တိုးတက်ဖွံ့ဖြိုးသာယာစည်ပင်ရေးအတွက်
အပင်ပန်းခံ သာသနာပြုနေသော ဖိုလ်ဝင်တောင်ဆရာတော် ဦးသုမန

၁၃၆၀ ပြည့်နှစ် ဦးကဝိန္ဒ ပျံလွန်တော်မူချိန်တွင် အလောင်းတော်ကဿပဘုရားဖူးမှာ အကြိမ်သုံးဆယ်မြောက်ဖြစ်လာခဲ့ပြီ။ ရှင်မဟာကဿပမထေရ်မြတ် ရုပ်ကလာပ်တော်ရှိရာ ကျောက်လိုဏ်ဂူရှေ့တွင် အဓိဋ္ဌာန်ပုတီးများစိပ်၊ မထေရ်မြတ်ကြီးအား အာရုံပြုပူဇော်၊ အဓိဋ္ဌာန်ဆုတောင်းပြည့်ဝမှုများကြောင့် အလောင်းတော်ကဿပဘုရားဖူးကား တစ်နှစ်ထက် တစ်နှစ် များလာခဲ့ပြီ။ အလောင်းတော်ကဿပလမ်းခရီး ချောမွေ့သလို ဘုရားဖူးများ၏ လမ်းခရီးလည်း ပွင့်လင်းလာခဲ့ပြီ။ လောကီစီးပွားများလည်း တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်သွားကြမှုများကြောင့် ရှင်မဟာကဿပသာသနာအတွက် လှူဒါန်းမှု၊ ကောင်းမှုများကလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့ပြီ။ အလောင်းတော် ကဿပသာသနာ့မြေအတွက် လိုအပ်မှုများ လှူဒါန်းကြသည်။

အထူးသဖြင့် ၁၃၆၀ ပြည့်နှစ်နောက်ပိုင်း ဆရာတော်ဦးသုမန

တာဝန်ယူရသည့် ကာလတွင် တိုးတက်မှုများ ပိုများလာသည်။ ဆရာတော်ဦးသုမနကိုယ်တိုင်လည်းဖိုလ်ဝင်တောင်နှင့်အလောင်းတော်ကဿပလမ်းခရီး ကူးချည်သန်းချည်။ သာသနာရေးမို့ ပင်ပန်းရကောင်းမှန်းမသိ။ လက်ရှိစံကျောင်းတော်ကြီး တည်ဆောက်ရေးကာလ ၁၃၆၅ခုနှစ်တွင် သည်တော သည်တောင်ကို နေ့စဉ်နှင့်အမျှ သွားရောက်ကြည့်ရှုနေရသည်မှာ သာမန်ဖွဲလုံ့လမဟုတ်။ သာသနာအတွက် ထားရှိသော ဖွဲလုံ့လ။

အလားတူ ၁၃၆၀ခုနှစ်မှာပင် အဇာတသတ်မင်းတည်ထားခဲ့သည့် လွမ်းစေတီနှင့် ဆုတောင်းပြည့်စေတီများကိုပြုပြင်ခဲ့သည်။


ကိုးနဝင်းစေတီတော်

ထို့အတူဆရာတော်ဦးသုမနဦးဆောင်မှုဖြင့် စိုးမိုးကျော်ဝိုင်းဝိုင်းလည် ထိဆိုင် မိသားစုက ကိုးနဝင်းစေတီကို တည်ထားကြပြန်သည်။

ယခင်ကာလများက ဘုရားဖူးများအတွက် တည်းခိုဇရပ်မရှိ။ ဘုရားဖူးများမြေပြင်၌ပင် အိပ်စက်အနားယူကြရခြင်း။ သို့အတွက် ဘုရားဖူးများတည်းခိုရေးအဆင်ပြေစေရန် တည်းခိုဆောင်ဇရပ်အလုံး ၃၀ကျော်ကို ဆောက်လုပ်ပေးနိုင်ခဲ့သည်။ ဘုရားဖူးများ တည်းခိုရေးသာမက သန့်ရှင်းသည့် ရေလောင်းအိမ်သာများ၊သောက်ရေသုံးရေများပါအဆင်ပြေစေရန်ကဿပသာသနာ့စခန်းကြီးဖွံ့ဖြိုးရေးအတွက် ဆရာတော်ဆောင်ရွက်တော်မူခဲ့

ယခင်က ဤသို့ တည်းခိုနားနေခဲ့ရ ယခု ဤကဲ့သို့သော တည်းခိုဇရပ်များဖြင့်

သည်။ ထို့အပြင် ကဿပသာသနာ့နယ်မြေ မီးရောင်ထိန်လင်းစေရန်အကောင် ၁၀၀အားရှိသည့် မီးစက်ကြီးကိုလည်းစီစဉ်ပေးနိုင်ခဲ့ပြန်သည်။ သို့ဖြင့် ကဿပမထေရ်မြတ်၏သာသနာ့မြေသည် ဘုရားဖူးများအတွက် ရေမီးအစုံလင်ဖြင့်ပြည့်စုံလာခဲ့ပေပြီ။ မီးစက်၊ ဇရပ်နှင့် ရေကန်များ၏ အလှူရှင်ကား ဗိုလ်ချုပ်ဈေးသစ်မှ ဦးစိုးဝင်းခေါင်းဆောင်သည့် ဘုရားဖူးအဖွဲ့ဟု သိရသည်။ ဦးစိုးဝင်းမှာ ဘာသာတရား ရိုသေကိုင်းရှိုင်းပြီး ပုပ္ပါးသာသနာပြု တာဝန်များသာမက သာသနာအတွက်ဆိုလျှင် ရှေ့တန်းမှ ဦးဆောင်ပါဝင်သူ သာသနာပြုပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

တောတောင်တွင်းဖြစ်နေသည့်အတွက် သောက်သုံးရေကြောင့် ငှက်ဖျားရောဂါစိုးရိမ်နေကြသည့်အတွက် သန်လျင် မူဝံရေသန့်နှင့် ကမ္ဘာကျော်ရေသန့်တို့က ဘုရားဖူးများ ငှက်ဖျားရောဂါစိုးရိမ်ကြောင့်ကြမှုကင်းစေရန် ရေသန့်စက်များ လှူဒါန်းကြသလို



ဆက်သွယ်ရေးအတွက် အနောက်မြောက်တိုင်းတိုင်းမှူးကလည်း ဂြိုဟ်တုတယ်လီဖုန်းများ စီစဉ်ပေးထားပြန်ရာဆရာတော်ဦးသုမနလက်ထက်တွင်

ဘုရားဖူးများအတွက် အရာခပ်သိမ်း စိတ်ချမ်းမြေ့စရာ ပြည့်စုံလာခဲ့သည်ထိ အလောင်းတော် ကဿပသာသနာ့မြေ တိုးတက်ဖွံ့ဖြိုးလာခဲ့ပေပြီ။

သာသနာပြုလုပ်ငန်းများကို ထိုကဲ့သို့ စွမ်းစွမ်းတမံဆောင်ရွက်ကြိုးပမ်းလာမှုများကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပူဇော်ထိုက်သူကို ပူဇော်အပ်သောအစဉ်အလာအတိုင်း ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလတွင် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။

အလောင်းတော်ကဿပဘုရားဖူးကို တစ်နှစ်လျှင် တပို့တွဲလနှင့် တပေါင်းလနှစ်ကြိမ်ပို့ဆောင်ပေးသည်ဟုသိရသည်။ ဘုရားဖူးလိုသူများအတွက် တစ်ဦးချင်းကုန်ကျငွေကို ဆရာတော်ဦးသုမနကပင်သတ်မှတ်ပေးပြီး ဆရာတော်၏သာသနာပြု တာဝန်ကိုဝန်ဆောင်သံဃာတော်များဖြစ်သည့်မတောင့်တဆရာတော်ဦးသုနန္ဒ ရွှေသမင်ရွာဆရာတော် ဦးသုမန၊ ကသာကျောင်းမှဆရာတော်ဦးဇဝန၊ ကံဆွယ်ကျောင်းတိုက်မှ ဦးကောဝိန္ဒ၊ ကနီနယ်ကနဲရွှေသိမ်တော်ကျောင်းဆရာတော် ဦးဝါယာမိန္ဒ၊ ရန်ကုန်ထောက်ကြန့်ပုပ္ပါးကျောင်းတိုက်မှ ဦးပဏ္ဍိစ၊ ပုပ္ပါးကုမာရကျောင်းတိုက်မှ ဆရာတော်ပညာသာမိတို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်ဟု သိရသည်။

ဘုရားဖူးများသွားလာရေးကိစ္စနှင့် သတင်းကြော်ငြာ ကိစ္စအဝဝကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀ လမ်းထိပ်တွင် နေထိုင်သည့် ဦးမောင်မောင်ဌေးက သာသနာပြုတာဝန်တစ်ရပ်အဖြစ် ဆရာတော့်အား ပါရမီဖြည့်ပေးနေသည်ဟုသိရသည်။

× × × × ×

# ဦးမောင်မောင်ဌေး၏ အကြောင်းတရား




ဆရာတော် ဦးသုမန၏ အလောင်းတော်ကဿပ ဘုရားဖူးနှင့်
သာသနာပြုလုပ်ငန်းစဉ်များအား ပါရမီဖြည့်နေသော ဦးမောင်မောင်ဌေး

စင်စစ် ဦးမောင်မောင်ဌေးမှာ ဤအရပ် ဤဒေသကိုမသိ။ အဆက်စပ်လည်း မရှိ။ သို့သော် သူ၏အစ်ကိုဖြစ်သူ ဦးကံမြင့်မှာ ဆရာတော်ဦးသုမန၏ အလောင်းတော်ကဿပဘုရားဖူးကိစ္စကို



ဆားတောင်ဆရာတော်ဘုရားကြီး ဦးပညာဏိက

ရန်ကုန်မှနေ၍ စီစဉ်ပေးနေရသူဖြစ်သည်။ ၁၉၉၄ ခုနှစ်ထိ ဦးမောင်မောင်ဌေး သည်လမ်း သည်ခရီးနှင့် အဆက်စပ်မရှိသေး။

သို့သော် ဦးမောင်မောင်ဌေးမှာ ဘာသာတရား ရှိသေကိုင်းရှိုင်းသူ၊ ဆားတောင်ဆရာတော်အား ကိုးကွယ်ဆည်းကပ်ကာ ဆားတောင်ဆရာတော်ကြီး ဦးပညာဏိက၏ တရားများကိုကြားနာကာ ဆရာတော်ကြီး၏ ဆုံးမဩဝါဒကိုခံယူပြီး တရားကျင့်ကြံသူ ဘာသာရေးသမား။

တစ်နေ့တွင် "မင်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူသူအရောက်အပေါက်နည်းပြီး ဝေးလံတဲ့ တောတောင်လျှိုမြောင်တွေရှိရာ အရပ်ဒေသကိုသွားပြီး သာသနာပြုပေးရလိမ့်မယ်" ဟု ဆားတောင်ဆရာတော် ဦးပညာဏိကက မိန့်တော်မူသည်ဟု

သိရသည်။ သို့တိုင်အောင် ဘယ်အရပ်ဒေသဟု ဦးမောင်မောင်ဌေး မစဉ်းစားတတ်ခဲ့။ သူ၏အစ်ကို ဆောင်ရွက်ပေးနေသည့် အလောင်းတော်ကဿပကိုလည်း သတိမထားမိ။

သို့သော် သူ၏အစ်ကို ဦးကံမြင့်မရှိတော့သည့်နောက်တွင် ဆရာတော်ဦးသုမန မေတ္တာရပ်ခံချက်အရ အစ်ကိုဖြစ်သူ၏ တာဝန် ဦးမောင်မောင်ဌေးပေါ် ကျရောက်လာသည်။

သို့ဖြင့် ဦးမောင်မောင်ဌေးမှာ ၁၉၉၄ မှစ၍ အလောင်းတော်ကဿပ ဘုရားဖူးသွားလာနိုင်ရေးအတွက် ရထားကိစ္စ၊ ကားကိစ္စကို ဆရာတော်ဦးသုမန ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်ပေးရာမှ အလောင်းတော်ကဿပသာသနာပြုတာဝန်ကိုစတင်ခဲ့ရခြင်း ဖြစ်သည်။

ဝေးလံပြီး တောတောင်လျှိုမြောင်အရပ်ရှိ ရှင်မဟာကဿပ သာသနာ့မြေရောက်တော့မှ ကျေးဇူးရှင် ဆားတောင်ဆရာတော်ကြီး၏ နှစ်များစွာက ကြိုတင်မိန့်ကြားချက်ကို သတိထားမိတော့သည်။

"ဝေးလံတဲ့ လျှိုမြောင်တောတောင်တွေရှိရာ အရပ်ဒေသ သွားပြီး သာသနာပြုရမည်"တဲ့။

ယခုတော့ ဆားတောင်ဆရာတော် မိန့်ကြားချက်အတိုင်း တောတောင်လျှိုမြောင်များရှိရာအရပ် အလောင်းတော်ကဿပသာသနာအတွက် ဆရာတော်ဦးသုမနအား ပါရမီဖြည့်ပေးရင်း သာသနာပြုပေးနေသည်မှာ ၁၉၉၄ မှ ၂၀၀၉ ခုနှစ်ထိ (၁၆)နှစ်ရှိလာခဲ့ပြီ။ ဆက်လက်၍လည်း ပြုပေးနေရဦးမည်သာ။ ပဋ္ဌာန်းဆက် ပါရမီဆက်အကြောင်းတရားတွေဟုပင် ဆိုရပေတော့မည်။

## အလောင်းတော်ကဿပ ဘုရားဖူးသွားလိုလျှင်

အလောင်းတော်ကဿပဘုရားဖူးအား တပို့တွဲ ထမနဲဆွမ်းနှင့် ဆီမီးကိုးထောင်ကပ်လှူပူဇော်သည့်အချိန်နှင့် တပေါင်းလဘုရားပွဲတော်အချိန် နှစ်ကြိမ်ပို့ဆောင်ပေးသည်။ ဘုရားဖူးအချိန်နီးလျှင်လည်း သတင်းစာ၌ တစ်လကြို့တင်၍ ကြေငြာထည့်ပေးအသိပေးနှိုးဆော်ပေးသည်။

မြန်မာပြည်အရပ်ရပ်မှ အလောင်းတောင်ကဿပ ဘုရားဖူးသွားလိုသူများ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀ လမ်းထိပ် (အမှတ် ၈၂၁ မဟာဗန္ဓုလလမ်း) ရှိ ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဦးမောင်မောင်ဌေးထံ လူကိုယ်တိုင်ဆက်သွယ်စာရင်းပေးနိုင်သလို ဖုန်း ၂၂၆၀၂၄၊ ၀၉ ၅၀ ၅၆၈၁၃ သို့လည်း ဖုန်းဖြင့်ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

ဘုရားဖူးတစ်ဦးချင်း၏ ကုန်ကျစရိတ်ကို ခေတ်ကာလ၏ဈေးနှုန်းပေါ်မူတည်၍ ဆရာတော်သတ်မှတ်ပေးသည့်အတိုင်း ဦးမောင်မောင်ဌေးက ကောက်ခံပေးရသလို သွားလာရေးကိစ္စကို ဦးမောင်မောင်ဌေးကပင် ဆရာတော် ညွှန်ကြားမှုအတိုင်း စီစဉ်ပေးရသည်ဟု သိရသည်။ ၂၀၀၈ခုနှစ်တွင် တစ်ဦးလျှင် ငါးသောင်းနှစ်ထောင် သတ်မှတ်ပေးခဲ့သည်။

သွားလာရေးခရီးစဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်သွားကြသည်။ မန္တလေးမှတစ်ဆင့် မုံရွာသို့ ကားဖြင့်သွားကြပြီး

**အလောင်းတော်ကဿပဘုရားဖူးပို့ဆောင်ပေးခြင်းမှာ**
**စီးပွားရေးအရလုပ်ဆောင်သောအဖွဲ့ မဟုတ်ဘဲ**
**သာသနာအကျိုးသက်သက် ပို့ဆောင်ပေးနေသော**
**သာသနာပြုဘုရားဖူး အကျိုးဆောင်အဖွဲ့ဟုပင် ဆိုရမည်**

ညောင်ပင်စခန်းတွင် မိမိအစီအစဉ်ဖြင့် ထမင်းစားကြသည်။ ထမင်းစားပြီးနောက် မုံရွာတစ်ဖက်ကမ်း ဖိုလ်ဝင်တောင်သို့သွားကြပြီး ဖိုလ်ဝင်တောင်ရောက်သည့်အချိန်မှစ၍ပြန်လာချိန်ထိ တည်းခိုရေး၊ စားသောက်ရေးအစီစဉ်ကိုဝန်ဆောင်အဖွဲ့မှ တာဝန်ယူသွားမည်ဖြစ်သည်။ တစ်ခါတရံတွင် ဈေးနှုန်းမြင့်ကက်မှုများကြောင့် ဆရာတော်ကပင် စိုက်ရသည်ဟုလည်း သိရသည်။

ထို့ကြောင့်လည်း ဆရာတော်ဦးသုမန ဦးဆောင်လမ်းညွှန်မှုဖြင့် ဦးမောင်မောင်ဌေး ဆောင်ရွက်ပေးနေရသော အလောင်းတော်ကဿပဘုရားဖူးပို့ဆောင်ရေးမှာ စီးပွားရေးအရလုပ်ဆောင်သောအဖွဲ့မဟုတ်ဘဲ အလောင်းတော် ကဿပသာသနာတိုးတက်ဖွံ့ဖြိုးရေးနှင့် အလောင်းတော်ကဿပဘုရားဖူးသွားလို

သူများ အဆင်ပြေစွာသွားလာ ဖူးမြော်ပူဇော်နိုင်ရေးအတွက် သာသနာ့အကျိုးသက်သက်ပို့ဆောင်ပေးနေသော သာသနာပြု ဘုရားဖူးအကျိုးဆောင်အဖွဲ့ဟုပင် သတ်မှတ်ရပေတော့မည်။ အမှန်တကယ်လည်း စီးပွားရေးအတွက် လုပ်ဆောင်ခြင်းမဟုတ်သည်ကို သွားဖူးသူတိုင်း သိနားလည်ကြပါသည်။

"ကျွန်တော်တို့က ဆရာတော်ညွှန်ကြားမှုအတိုင်း လုပ်ရတာပါ။ ငွေကြေးကအစ ဆရာတော်သတ်မှတ်ချက်အတိုင်း ယူရတာပါ။ သာသနာပြုအကျိုးဆောင်သက်သက်ပါ။ စေတနာမှန်လို့လည်း ဘုရားဖူးတွေက တစ်နှစ်ထက်တစ်နှစ် များများ လာကြတယ်။ ရန်ကုန်တင်မကဘူး တနင်္သာရီ၊ ရခိုင်၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ သထုံ၊ ဘီးလင်း၊ မြစ်ဝကျွန်းပေါ်အုပ်စု၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းကအစ လာကြတာပါ။ မန္တလေးဘက်ကတော့ မန္တလေးကနေစောင့်ပြီးတက်ကြသလို တချို့လည်း ဖိုလ်ဝင်တောင်က စောင့်ကြတယ်။ ရှမ်းပြည်တောင်ပိုင်းကတော့ ရန်ကုန်ထိလာကြတယ်။ တချို့လူကိုယ်တိုင် လာစာရင်းပေး၊ ငွေပေးသလို ဟချို့လည်း ဖုန်းနဲ့ပဲ စာရင်းပေးထားကြတာ။ ငွေကြိုတင်ပေးစရာလည်း မလိုဘူးလေ။

ပထမအခေါက် တပို့တွဲလပြည့်ခရီးစဉ်မှာတော့ ရသမျှ လက်ခံပို့ဆောင်ပေးပြီး လူများလွန်းလို့ မနိုင်တော့ရင် ကျန်တဲ့ ဘုရားဖူးတွေကို ဆယ်တန်းစာမေးပွဲအပြီးသွားတဲ့ ဒုတိယအခေါက်မှာ ဦးစားပေးခေါ်ရတာပေါ့။ ခုဆို လူသိပိုများလာတော့ ဘုရားဖူးက ပိုများများလာတယ်။ ကုႋိုလ်ရတဲ့ အလုပ်ပါ"

ဦးမောင်မောင်ဌေးက ဘုရားဖူးခေါ်ယူရေးကိစ္စကို ရှင်းပြမှ အနယ်နယ်အရပ်ရပ်မှ စိတ်အထွေထွေ၊ စရိုက်အသီးသီး

နှင့်လူပေါင်းစုံကို ပို့ဆောင်ပေးရသည့်တာဝန်ကိုတွေးရင်း ဝန်ဆောင်အကျိုးတော်ဆောင်အဖွဲ့၏ မေတ္တာတရားနှင့် ခန္တီတရားများကို မှန်းဆနားလည်မိလိုက်ပါသည်။

× × × × ×


"ဟိုးတုန်းကတော့ ကပိုင်မှာ ချက်ပြုတ်စားသောက်ပြီး ခြေလျင်တက်ကြတာလေ လေးငါးရက်ခရီးကြာတာပေါ့။ နောက်တော့ 4 D သစ်ကားကြီးတွေနဲ့ ပို့ပေးတာ။ ကားကလည်းကြမ်း၊ လမ်းကလည်းကြမ်း၊ ဖုန်တွေကထူဆိုတော့ ဘုရားဖူး တွေလည်း ဖုန်အလိမ်းလိမ်းနဲ့ မြင်မကောင်း၊ ပင်လည်းပင်ပန်း၊ ဒါကြောင့် ဒီနှစ် ၄၁ကြိမ်ကစပြီး မှန်လုံကားတွေ စီစဉ်ပေးထားတာ။ လူလည်း သက်သာ၊ ဖုန်လည်း သက်သာတာပေါ့ဗျာ။

စားရေးသောက်ရေးကတော့ ဟိုတုန်းကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ချက်ပြုတ်စားကြပေါ့။ သည်တော့ သူ့ကို ကိုယ်ကစောင့်၊ ကိုယ့်ကို သူကစောင့်ရနဲ့ အချိန်တွေကြာ၊ ခရီးမတွင်ဘူး။ ဒီတော့ ရန်ကုန်က ကိုလေးဓာတ်ပုံတိုက်က ဦးကိုလေးက



ယခင်က သွားခဲ့ရသောလမ်းခရီးအခြေအနေ

အကြံပေးလာတာနဲ့ ၁၃၃၂ ခုနှစ်ကစပြီး ဘုရားဖူးတွေ




သွားလာရေးတင်မကဘူး စားသောက်ရေးကအစ ဘုန်းကြီးတို့ဝန်ဆောင်အကျိုးတော်ဆောင်အဖွဲ့ကပဲတာဝန်ယူစီစဉ်ပေးလိုက်တာလေ။ ခရီးလည်းတွင် အဆင်လည်းပြေကြရအောင်ပေါ့"

ဆရာတော်ဦးသုမန ရှင်းပြသည့်စကားများတွင် ဘုရားဖူးများအတွက် ထားရှိသောစေတနာနှင့် မေတ္တာများကို တွေ့မြင်နေရသဖြင့် ဆရာတော်၏ မေတ္တာတရားနှင့် ကျေးဇူးတရားကို ရိုသေလေးစားမှုဖြင့် ကန်တော့နေမိပါသည်။

အလောင်းတော်ကဿပသာသနာ့နယ်မြေ ယခုနှယ် စည်



ယခင်က ဤသို့ ကိုယ်တိုင် ချက်ပြုတ်စားခဲ့ရ



ယခု ထမင်းစားရန် စနစ်တကျ တန်းစီ

ကားသာယာဖွံ့ဖြိုးလာအောင်ဆောင်ရွက်တော်မူလာခဲ့ကြသည့် ဆရာတော်ဦးကုမာရ၊ ဦးကဝိန္ဒ၊ ဦးသုမနနှင့် ဝန်ဆောင်အကျိုးတော်ဆောင်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို စဉ်းစားနေစဉ်

"ဦးစိုး ထမင်းစားချိန်ရောက်နေပြီ။ ထမင်းစားကြမယ်တဲ့။ ဦးလှမြင့်က ခေါ်ခိုင်းလိုက်လို့"


ဦးလှမြင့်တူ ဇော်နိုင်က ထမင်းစားလာခေါ်သဖြင့် စံကျောင်းတော်ရှေ့လှေကားမှထကာ တည်းခိုဆောင်ရှိရာသို့ ထွက်လာခဲ့တော့သည်။

× × × × ×

## ကြေးစည်သံ တချွင်ချွင်

စံကျောင်းတော်မှသည် တည်းခိုဆောင်များရှိရာသို့ တက်လာခဲ့ရာ ကြေးစည်သံတချွင်ချွင်အဆက်မပြတ်ပျံ့လွင့်လာသည်။ အဆောင်တစ်ခု။ ကြေးစည်ဆောင်ဟုပင် နာမည်တပ်လိုက်မိသည်။ အဆောင်တစ်ခုလုံး ကြေးစည်များ ချိတ်ဆွဲထားပြီး ကြေးစည်များကို ဘုရားဖူးများက အဆက်မပြတ်ဆွဲသွားရာမှ ကြေးစည်တစ်ခုနှင့်တစ်ခု ထိခတ်ကာ ထွက်ပေါ်လာသောကြေးစည်သံတချွင်ချွင်က ဘုရားဖူးများ အဆက်မပြတ်သလိုအသံကလည်း အဆက်မပြတ်။

ကြေးစည်ဆောင်ရှေ့တွင် ကြေးစည်ငယ်များ ရောင်းချပေးနေသည့်ဆိုင်ကလည်း အသင့်။ ကြေးစည်လှူဒါန်းကြမည့် ဝယ်သူများကလည်း ဝိုင်းဝိုင်းလည်လို့။ ကြေးစည်ပေါ်တွင် မိမိတို့၏ အလှူရှင်အမည်ကို ဆောက်ဖြင့်ထွင်းကာ ချက်ချင်း ကမ္ပည်းရေးထိုးပေးနေလျက်။



အောင်ဇေယျကျော် ကြေးစည်တော်

အရှင်မဟာကဿပမထေရ်မြတ်ကြီးအား အမိဋ္ဌာန်ဖြင့် ရည်မှန်းလှူဒါန်းကြသော ကြေးစည်များကို ဤအဆောင်၌ပင် ချိတ်ဆွဲထားရာ များပြားလှသောကြေးစည်များမှာ တစ်ခုထိလိုက်သည်နှင့် အချင်းချင်းရိုက်ခတ်အသံပျံ့လွင့်လျက်။

ထိုကဲ့သို့ လှူဒါန်းလာသမျှ ကြေးစည်ငယ်များမှာ များပြားလွန်းလှသဖြင့် ချိတ်ဆွဲရသည်မှာ ကြေးစည်ပင်မဆံ့။ ဖြုတ်သိမ်းထားရသည့် ကြေးစည်ငယ်များစွာ။ ကြာလျှင် ဖြုတ်သိမ်းထားရသောကြေးစည်ငယ်များပျောက်ပျက်သွားမည်စိုးသဖြင့်ဆရာတော်ဦးသုမနအနေဖြင့် ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီးနှင့် ပုလဲလေးမြို့နယ် သံဃာ့နာယကဆရာတော်များနှင့်တိုင်ပင်ကာ ဖြုတ်သိမ်းထားရသည့် ကြေးစည်ငယ်များကို စုပေါင်းအရည်ကျိုပြီး "အောင်ဇေယျာကျော်" အမည်ရှိ ကြေးစည်တော်ကြီးအား လေးမြို့နယ်သံဃာ့နာယကဆရာတော်များလက်တွဲကာအလောင်းတော်

ကဿပသာသနာတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အထိမ်းအမှတ်အဖြစ် ထားရှိထားလေသည်။

စင်စစ် အလောင်းတော်ကဿပသာသနာ့နယ်မြေသည် ကနီမြို့နယ်အတွင်းရှိသော်လည်း ယင်းမာပင်၊ ဆားလင်းကြီး၊ ကနီနှင့် ပုလဲမြို့နယ်တို့မှ သံဃာ့နာယကများဦးစီး၍ သာသနာအရေး လက်တွဲဆောင်ရွက်နေကြခြင်းဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် သွားလာရေးလွယ်ကူသော ယင်းမာပင်မြို့နယ်အား လုပ်ပိုင်ခွင့် အခွင့်အာဏာလွှဲအပ်ရာတွင် ယင်းမာပင်မြို့နယ် သံဃာ့နာယကအဖွဲ့က ဖိုလ်ဝင်တောင်ဆရာတော်ဦးသုမနအားလွှဲအပ်လိုက်သည်။

ထို့ကြောင့်လည်းဆရာတော် ဦးသုမနမှာ ဆရာသမား ဦးကုမာရ၏သာသနာ့အမွေသာမက မြို့နယ်သံဃာ့နာယကများ၏ လွှဲအပ်တာဝန်ပေးမှုအရကြောင့်ပါ အလောင်းတော်ကဿပသာသနာပြုဆောင်ရွက်မှုများအား ဦးဆောင်ကြိုးပမ်းဆောင်ရွက်နေရခြင်းလည်း ဖြစ်သည်။ ဆရာတော်ဦးသုမနအတွက် ထူးမြတ်သည့်သာသနာပြုခွင့်အခွင့်အရေးဟုဆိုကလည်းမမှားပေ။

# ညီညွတ်ရေး ထမင်းပွဲ

ကြေးစည်ရုံကိုဖြတ်ကျော်ပြီးဆက်တက်လာရာ အဇာတသတ်မင်း သစ္စာပြုအမိဋ္ဌာန်ရာမှ ရေများအလိုလိုထွက်လာသည့် သစ္စာရေတွင်းကိုတွေ့ရသည်။ သစ္စာရေတွင်း၌လည်း သစ္စာရေတွင်းမှရေကို သိဒ္ဓိရေအဖြစ် သောက်သူကသောက်၊ ရေသန့်ဘူးဖြင့် ခံယူကာအဆောင်အဖြစ် သယ်သူကသယ်၊ မျက်နှာသစ်သူကသစ်၊ သစ္စာရေတွင်းမှ သစ္စာရေကို သိဒ္ဓိအဖြစ် သိဒ္ဓိယူနေကြသူများကို တွေ့ရသည်။

သစ္စာရေတွင်းလည်း ရေပန့်ဖြင့် ခေတ်နှင့်အမီ တိုးတက်နေပေပြီကော။

သစ္စာရေတွင်းအကျော်တွင် ကုန်းမြင့်ပေါ်တွင် စိုးမိုးကျော်



ညီညွတ်ရေး ထမင်းပွဲ

ဝိုင်းဝိုင်းလည်ထီးဆိုင်မိသားစုတည်ထားသည့်ကိုးနဝင်းစေတီတော်ကလည်း ကြည်ညိုသပ္ပါယ်ကြည်နူးဖွယ်မြင်ကွင်း။

ရှေ့တွင် တည်းခိုဆောင်ဇရပ်များတန်းစီလျက်။

ဆရာတော်များ တည်းခိုသီတင်းသုံးရာ အလှူခံမဏ္ဍပ်ရှိပြီး သာသနာအတွက် လှူဒါန်းနေကြသည့် အလှူရှင်များလည်း တန်းစီလျက်။

ထို့အတူ ဝန်ဆောင်အကျိုးတော်ဆောင်အဖွဲ့က စီစဉ်ချက်ပြုတ်ကျွေးမွေးသည့်ဟင်း၊ထမင်းကိုယူရန်အသင့်စီစဉ်ပေးထားသည့်ဟင်း၊ ထမင်းပုံစံခွက်များကိုင်ကာ တန်းစီနေကြသည့် ဘုရားဖူးများကို တွေ့ရပြန်သည်။

ကိုယ့်အရပ် ကိုယ့်ဒေသတွင် မည်သည့်အဆင့်တန်း၊ မည်သည့်အလွှာပင်ဖြစ်နေပါစေ၊ ဤနေရာ ဤဌာနတွင် ရာထူးဂုဏ်ရှိန်များမရှိတော့။ အာ ှ်းတပြေးညီ ပုံစံခွက်ငယ်များကိုင်ကာ တန်းစီကြရသည်။ ဝန်ဆောင်သံဃာများက နံဘေးမှ ကြီးကြပ်

ပေးနေကြသည်။ ဟင်းထည့်သူက ဟင်းထည့်ပေး၊ ထမင်းထည့်သူက ထမင်းထည့်ပေး။

ဆန်ကောင်းဆန်ညံ့လည်း မခွဲခြားနိုင်ကြသလို ဟင်းကောင်းမကောင်းလည်း မပြောကြ။ ဝန်ဆောင်အဖွဲ့က ကျွေးမွေးသည့်အတိုင်း တပြေးညီစားသောက်ကြရခြင်း။ တချို့ ကိုယ့်တည်းခိုဆောင်သို့ယူကာ စားသောက်၊ တချို့က အရိပ်အောက်တွင်ထိုင်စား၊ တချို့လည်း သစ်ပင်အောက်တွင်ဝိုင်းဖွဲ့။ မာန်မာနကင်းကွာ အလွှာမခွဲခြားသော တပြေးညီ တစ်သွေးတစ်သားတည်းဖြစ်နေကြသော ညီညွတ်ရေးမြင်ကွင်း။ ညီညွတ်ရေးထမင်းပွဲဟု ဆိုရပေမည်။

တည်းခိုဆောင်ပေါ်တွင် စားသောက်ရန် ဦးလှမြင့်နှင့် ဇနီးဒေါ်အုန်းကြည်က စီစဉ်ပေးထားသည်။ ဝန်ဆောင်အဖွဲ့က ချက်ပြုတ်ကျွေးမွေးသည်က ကြက်သားနှင့် ဘူးသီးဟင်းဖြစ်နေသည်။ ကုန်းသတ္တဝါမစားသော စိုးဟိန်းအတွက် ဦးလှမြင့်က အသင့်ချက်ပြုတ်လာသည့် ငါးခြောက်ထောင်းကြော်နှင့် လက်ဘက်သုတ်ကို စီစဉ်ပေးထားသည်။

× × × × ×

"ခရီးလည်း ပန်းလာတာ ဆရာကြီး နားချင်နားပါဦးလား"


ထမင်းစားပြီးသည်နှင့် အနားယူရန် ဦးလှမြင့်က ပြောလာသည်။

"ဒီလိုနေရာရောက်လာရတာ အနားယူရအောင်မဟုတ်ဘူးလေ။ ရသမျှအချိန်ကို အမိပွါယ်မဲ့ အိပ်ပျက်နားနေရင်း မကုန်သင့်ဘူး။ ကိုယ့်အတွက် ရသမျှအလုပ်လုပ်ရမယ်။ ကျွန်တော်ကတော့ မှတ်တမ်းအတွက် ဗီဒီယိုလည်းရိုက်၊ တရားအလုပ်လည်း ရသမျှ

လုပ်ရဦးမယ်လေ။ ဒီလမ်း ဒီခရီး ဒီလိုစခန်းက သီးသန့်လာဖို့ ဆိုတာ လွယ်တာမှမဟုတ်တာ”

“ဒါဆိုလဲ ရိုက်စရာရှိတာ ကျွန်တော့်ပြောလေ။ ကျွန်တော် တစ်လှည့်ရိုက်ပေးမယ်”

ယင်းမာပင်၊ ရွာသာယာတဝိုက်တွင် ရတနာမြင့်ဗီဒီယိုဟူ၍ အလှူမင်္ဂလာမှတ်တမ်းများ လိုက်ရိုက်နေသော ဦးလှမြင့်က သူ့လက်ရာကို ပြချင်ပုံရသည်။



“အဲဒါလည်း မဖြစ်သေးဘူး။ အမြင်ချင်းမတူဘူး။ ဒါက မှတ် တမ်းဆိုပေမယ့်ဇာတ်လမ်းသဘော မှတ်တမ်း၊ အလှူ မင်္ဂလာ မှတ်တမ်းမျိုး မဟုတ်ဘူး။ အဲဒီအတွက်အလှူမင်္ဂလာ မှတ်တမ်းရိုက်သလို ရိုက်လို့လည်းမရဘူး။ အမြင်ချင်းကွာတယ်။ ကင်မရာသမားတစ်ယောက်အမြင် တင်မကဘူး ဒါရိုက်တာ တစ်ယောက်ရဲ့အမြင်၊ ဇာတ်ညွှန်းသမားရဲ့အမြင်တွေပါ မြင်တတ်ဖို့လိုတယ်။ ကျွန်တော့် အတွေးထဲက ရေးနေတဲ့ဇာတ်ညွှန်းအတိုင်း ကျွန်တော် ရှုထောင့်နဲ့ပဲ ကျွန်တော် ရိုက်လိုက်ပါ့မယ်”

ဦးလှမြင့်ကို ရှင်းပြပြီး ကင်မရာယူကာ လိုသမျှရိုက်ရန် ထွက်

လာခဲ့သည်။ တည်းခိုဆောင်များလွန်သည်နှင့် ကိုးနဝင်း မရောက်မီ တောင်ပိုင်ဘိုးဘိုးကြီးနန်းနှင့် ကိုးမြို့ရှင်နန်းကို တွေ့ရသည်။

"ဩော်. . . သည်နေရာ သည်ဒေသလည်း ရှမ်းဆက်နှင့် မကင်းပါလား" ဟုတွေးရင်း ကိုးမြို့ရှင်နှင့် တောင်ပိုင် ဘိုးဘိုးကြီးကို မေတ္တာပို့ပြီး ပြုသမျှကောင်းမှုများ အမျှပေးဝေလိုက်သည်။

ဆက်လာရင်း လမ်းတွင်တွေ့သမျှ ဘုရားဖူးခရီးသွားများ သွားလာမှုများ၊ တောတောင်မြင်ကွင်းသဘာဝအလှများကို ရှုထောင့်အသီးသီးမှရိုက်ရင်း လျှောက်လာရာ ကြေးစည်ရုံ မရောက်မီ ဘုရားရှင်နှင့် ရှင်မဟာကဿပရုပ်ပွားတော်ကို တွေ့ရသည်။

ဘုရားရှင်ထံမှ သင်္ကန်းတော်ကို ရှင်မဟာကဿပ လက်ခံယူနေသည့် ဘုရားရှင်နှင့် ရှင်မဟာကဿပ သင်္ကန်း လဲတော်မူနေပုံ ရုပ်ပွားတော်များဖြစ်သည်။

ထိုပုံတော်ကို ရှေ့နောက်ဝဲယာ ရှုထောင့်အစုံမှ ဗီဒီယိုကင်မရာဖြင့်ရိုက်ပြီး ရုပ်ပွားတော်ကို ဆီမီးပူဇော်ရင်း ကြည်ညိုနေမိသည်။ သာသနာတော်တွင် ဘုရားရှင်နှင့် သင်္ကန်းလဲခွင့်ရသော တစ်နည်းအားဖြင့် ဘုရားရှင်၏ ပံ့သကူသင်္ကန်းတော်ကို ဝတ်ရုံခွင့်ရရှိသော တစ်ပါးတည်းသော ရဟန်းမြတ် တတိယမဟာသာဝက ရှင်မဟာကဿပ၏ ဘုရားရှင်နှင့်ဆက်နွယ်သော အကြောင်းတရားကား ကြီးမားလွန်းလှပါလားဟုတွေးကာ ရှင်မဟာကဿပ၏ ဘဝဇာတ်ကြောင်းက အတွေးထဲဝင်ရောက်လာပြန်သည်။

# ပိပ္ပလိလုလင်နှင့် မယ်ဘဒ္ဒါ

ရှင်မဟာကဿပလောင်းလျာ ပိပ္ပလိလုလင်သည် ဗြဟ္မာ့ပြည်မှစုတေပြီး မာဂဓတိုင်း မဟာတတ္ထိပုဏ္ဏားရွာ၌ ကပိလအမည်ရှိ ကဿပနွယ်ဝင် ပုဏ္ဏားလင်မယား၏ ရင်နှစ်သည်းချာသားလျှရတနာဖြစ်သကဲ့သို့ ပါရမီဖြည့်ဖက်ဖြစ်လာမည့် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်အရာ၌ တေဒဂ်ဘွဲ့ရသော ဘဒ္ဒါကပိလာနီ ထေရီလောင်းလျာ မယ်ဘဒ္ဒါမှာ ကောသိယ ဂေါတ္တပုဏ္ဏား သူဌေးလင်မယား၏ရှုမငြီးဖွယ် သမီးလျှရတနာဖြစ်သည်။

အတိတ်ဘဝဆုတောင်းပါရမီရင့်သန်ကြသော ပိပ္ပလိပုဏ္ဏားလုလင်နှင့် ဘဒ္ဒါကပိလာနီပုဏ္ဏေးမလေးတို့မှာ အိမ်ထောင် သားမွေးလောကီအရေးကို စိတ်ဝင်စားခြင်းမရှိကြသူများဖြစ်သည်။ ဗြဟ္မာပြည်မှ စုတေလာကြသူများဖြစ်၍ အိမ်ရာ တည်ထောင်မနေလို။

သို့သော် မိဘများကား သားသမီးများကို အိမ်ထောင်ပြုစေလိုသည်။ သို့အတွက် ကပိလပုဏ္ဏားလင်မယားမှာ သားဖြစ်သူ ပိပ္ပလိလုလင်အား အိမ်ထောင်ပြုရန်သာ အမျိုးမျိုးနားချနေသဖြင့် အိမ်ထောင်မပြုလိုသော ပိပ္ပလိလုလင်မှာလွန်စွာလှပသည့်ရွှေစင်ရုပ်တုကို သွန်းပြုလုပ်ပြီး -

"ဤရွှေစင်ရုပ်တုလို မိန်းမရရင် ယူမည်" ဟု မဖြစ်နိုင်သည့်စကားကို ဆိုလိုက်တော့သည်။

သို့တိုင်အောင် သားဖြစ်သူအား အိမ်ထောင်ချပေးချင်လွန်းလှသည့် ပုဏ္ဏားလင်မယားကား စိတ်မလျှော့သည့်အပြင် သားအတွက် အားတက်ကာ ရွှေစင်ရုပ်တုကိုဝေါဖြင့်တင်၍ နယ်တကာ ရပ်တကာလှည့်ပြီး ရွှေစင်ရုပ်တုနှင့်တူသော မိန်းမလှကို ကျေးကျွန်များအား လှည့်လည်ရှာဖွေစေတော့သည်။

ထိုကဲ့သို့ နယ်တကာလှည့်လည်ရှာဖွေရင်း သာဂလမြို့ ရေချိုးဆိပ်တွင် ရွှေစင်ရုပ်တုအား လူနှယ်ထင်မှားခေါ်လာမှု ရှိလာသည့်အတွက် အကြောင်းရင်းခံလိုက်ကြရာတွင် ဘဝအကြောင်းဆက် ပါရမီဖြည့်ပေးရန် အကြောင်းတရားဆုတောင်းရှိလာကြသည့်အတွက် ဘဒ္ဒါကပိလာနီပုဏ္ဏေးမလေးနှင့် တွေ့ဆုံမိကြတော့သည်။

ပိပ္ပလိလုလင် စိတ်အတွေးဖြင့် ညွှန်းထုထားသည့် ရွှေစင်ရုပ်တုမှာ ဘဒ္ဒါကပိလာနီနှင့် ခွဲမရအောင်တူနေသည့် မိန်းမလှဖြစ်နေသည့်အတွက် ကပိလပုဏ္ဏားလင်မယားလည်း ဝမ်းသာသွားပြီး မိဘချင်းတွေ့ဆုံကာသားသမီးများအရေးဆွေးနွေးကြတော့သည်။

ပိပ္ပလိလုလင်လည်း ငြင်းမရတော့သည့်အဆုံး မယ်ဘဒ္ဒါနှင့် လက်ထပ်လိုက်ရတော့သည်။

သို့သော် ပိပ္ပလိနှင့် မယ်ဘဒ္ဒါကား အိမ်ထောင်ပြုလိုကြခြင်း မရှိ။ လူ့ဘောင်၌လည်း မနေလို။ လောကီကိုလည်း စိတ်ကုန်ကာ ရသေ့ရဟန်းဝတ်ကာ တရားဘာဝနာပွားများအားထုတ်ရင်း သံသရာလွတ်ရာ နိဗ္ဗာန်လမ်းရှာဖွေနေကြသူများဖြစ်ရာ ညအိပ်ရာဝင်ကြသည့်အခါတွင် နှစ်ဦးသားအလယ်တွင် ပန်းကုံးကို စည်းသဖွယ်ခြား၍ အိပ်စက်ကြပြီး သစ္စာအဓိဋ္ဌာန်ပျက်သူ၊ စိတ်၌ပြစ်မှားမိလျှင် စိတ်ပြစ်မှားဖောက်ပြန်သူဘက်မှပန်း ညှိုးနွမ်းပါစေဟူ၍ ကတိသစ္စာဖြင့် အဓိဋ္ဌာန်ပြုကြကာ ညအိပ်စက်ကြသည်။ ကာမဂုဏ်တပ်မက်မှု ထိပါးရောယှက်ခြင်းမရှိကြဘဲ မောင်နှမကဲ့သို့သာ နေထိုင်ခဲ့ကြသည်။

သို့အတွက် ပါရမီရှင်နှစ်ဦးတို့၏ ညအိပ်ရာဝင်မှုသည် ပကတိသန့်စင်လွန်းလှသည်။ အတွေ့အထိလည်း မရှိ ရာဂစိတ်လည်းမပွား။ လောဘစိတ်လည်း မရှိ။ တဏှာကင်းကွာပြီး တရားအသိကို သတိမလပ်စေဘဲ တရားမမွကိုသာ ဆင်ခြင်ပွားများရင်း အဓိဋ္ဌာန်မပျက်ကြဘဲ ညများစွာကို တရားဖြင့်သာ ကျော်လွန်လာခဲ့ကြသည်။

တစ်နေ့တွင် ပိပ္ပလိသူဌေး လယ်ယာသို့သွားရောက်ကြည့်ရှုရာ ထွန်ယက်ရာမှ မြေပေါ်တွင်ပေါ်လာသည့် တီကောင် ပိုးမွှားများကို ကျီးငှက်တို့ ထိုးဆိတ်စားသောက်နေသည့် မြင်ကွင်းကို မြင်တွေ့သွားရာ-

"ကျီးငှက်တို့ ထိုးဆိတ်ရာမှ ပိုးမွှားများသေဆုံး သွားရသော အကုသိုလ်ကံသည် လယ်ပိုင်ရှင်ဖြစ်သော မိမိ ပယောဂနှင့် မကင်းပါလား"

ဟူသော တရား သံဝေဂရကာ ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာ

လယ်ယာအားလုံးအား သူဌေးကတော် ဘဒ္ဒါကပိလာနီသို့ လွှဲ အပ်၍ တောထွက်ရန် စိတ်၌ကြံစည်တွေးတောမိတော့သည်။

တစ်ချိန်တည်းမှာပင် သူဌေးကတော် ဘဒ္ဒါကပိလာနီမှာ လည်း နှမ်းများကို ဖျာပေါ်တွင်ခင်း၍ နေလှမ်းထားရာ နှမ်း ပိုးများအား ကျီးငှက်တို့ ထိုးဆိတ်စားသောက်နေသည့်မြင် ကွင်းကို တွေ့မြင်သွားရာမှ -

"နှမ်းပိုးများအား ကျီးငှက်တို့ ထိုးဆိတ်သောအ,ကုသိုလ် ကံသည် မိမိ ပယောဂမကင်းပါလား"

ဟု ပိပ္ပလိကဲ့သို့ပင် တရားသံဝေဂရပြီး တောထွက်ရန် စိတ် အကြံအစည်ဖြစ်ပေါ်လာပြန်သည်။

ထိုကဲ့သို့ လောကီရေးရာတွင် တွေ့မြင်ရသမျှကို တရား အသိဖြင့်သာ မြင်သိနေကြသည့်အတွက် သတိသံဝေဂရစရာ တွေချည်းဖြစ်လာပြီး နောက်ဆုံးတွင် ဝတ်ကြောင်ကို လွတ်အောင် ရုန်းကြရန်ဆုံးဖြတ်လိုက်ပြီး ရဟန်း၊ ရဟန်းမဝတ်ကာ တောလမ်း ခရီးအတိုင်း တရားရှာဖွေရန်အတွက် တောထွက်လာခဲ့ကြတော့ သည်။ ဝတ်ကြောင်ကိုလည်း ပယ်ခဲ့ပြီ။ လောကီကိုလည်း ခွာခဲ့ပြီ။ နိဗ္ဗာန်ကိုသာရည်၍ တရားလမ်းကို ထွက်လာခဲ့ကြပြီ။

## ပါရမီရှင် နှစ်ဦး၏ တောထွက်ခန်း။

သို့ဖြင့် တောလမ်းတစ်နေရာ လမ်းဆုံတစ်ခုအရောက်တွင် ရဟန်း၊ ရဟန်းမဖြင့် တောလမ်းခရီး အတူတူခရီးသွားနေကြ သည့် အနေအထားကို ပိပ္ပလိရဟန်း ၈ဉ်းစားမိပြီး -

"သည်နှစ်ဦး ရဟန်းပြုတာတောင် ရဟန်းဝတ်ကြီးနဲ့ တစ်ဦးနဲ့ တစ်ဦး တောလမ်းထဲမှာ တပူးတွဲတွဲသွားနေကြတာ မခွဲနိုင် မခွာ

ရက်ဖြစ်နေကြပါလား”

လို့ ခရီးသွားများတွေ့မြင်ကာ ပစ်မှားမိကြပေတော့မည့်အရေးတွေးမိပြီ။

ထို့အတူ -

“ရဟန်းတို့အဖို့ မာတုဂါမသည် အညစ်အကြေးဖြစ်ပေသည်။ အများအမြင် ကဲ့ရဲ့စရာလည်းဖြစ်ပေလိမ့်မည်”

ဟုလည်း ထပ်ဆင့်တွေးတောမိကာ နှစ်ဦးသားတိုင်ပင်၍ လမ်းဆုံ၌ပင် လမ်းခွဲရန် ဆုံးဖြတ်လိုက်ကြတော့သည်။ ပိပ္ပလိရဟန်းကဲ့သို့ပင် မယ်ဘဒ္ဒါထေရီလည်း တွေးမိကာ လမ်းခွဲရန်လက်ခံသဘောတူပြီး ပိပ္ပလိရဟန်းအား လကျာ်ရစ်သုံးကြိမ်လှည့်ပတ်ကာ ရှေ့နောက်ဝဲယာ လေး၌ာနအရပ်မှ တစ်ပတ်လျှင်လေးကြိမ်ဦးခိုက်ရှိခိုးပြီး သုံးကြိမ်လှည့်ပတ် ဆယ့်နှစ်ကြိမ်ရှိခိုး ဦးခိုက်ပြီး တစ်ဦးတည်း လမ်းခွဲထွက်တော်မူလာသည်။

ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်သောနှစ်ပထမဝါကျွတ်တော်မူပြီး ကပ္ပိလဝတ်ပြည်သို့ ကြွတော်မမူမီဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူနေသည့်အချိန်ဖြစ်သည်။

## ဘုရားရှင်ထံ ရဟန်းခံခြင်း

ပိပ္ပလိရဟန်းနှင့် ဘဒ္ဒါထေရီတို့ လမ်းခွဲကာ တစ်ပါးစီတစ်လမ်းစီ ခွဲထွက်တော်မူသည်နှင့် မဟာပထဝီမြေ တုန်လှုပ်တော်မူလာသဖြင့် မြတ်စွာဘုရားရှင်သည် အကြောင်းကိစ္စကိုဆင်ခြင်လိုက်သည့်အခါ -

“ဪ. . . ပိပ္ပလိလုလင်နှင့် ဘဒ္ဒါကပိလာနီတို့သည် ငါ

ဘုရားအား ရည်ညွှန်းပြီး ရဟန်းပြုခဲ့ကြကုန်သည်။ ယခုတစ်ဖန် တရားရှာရန်အလို့ငှာ နှစ်ဦးသား လမ်းခွဲထွက်ခွာသွားကြကုန်ချေပြီ။ သည်နှစ်ဦး၏ဂုဏ်ကျေးဇူးအစွမ်းကြောင့် မဟာပထဝီ မြေတုန်လှုပ်ခြင်းပေပဲ။ ငါဘုရားလည်း ချီးမြှောက်မှ သင့်တော်တော်မူပေလိမ့်မည်"

ဟု ဆင်ခြင်မိပြီး သပိတ်သင်္ကန်းတော်ကို ကိုယ်တော်တိုင် သယ်ဆောင်ကာ ဘုရားရှင်တစ်ပါးတည်း သုံးဂါဝုတ်ခရီးတိုင်အောင်ကြွတော်မူပြီး ကဿပမထေရ်မြတ် လောင်းလျာ ပိပ္ပလိရဟန်းအား ကြိုဆိုတော်မူလေသည်။

ကဿပမထေရ်လောင်းလျာ ပိပ္ပလိရဟန်းအား သဒ္ဓါတရား တိုးတက်စေရန်အတွက် လက္ခဏာတော်ကြီးငယ်တို့ကို မဖုံးမကွယ်စေဘဲ အတောင်ရှစ်ဆယ်အရပ်တိုင်အောင် ထွန်းပတောက်ပြောင်လင်းလက်သည့် ရောင်ခြည်တော်ကို လွှတ်တော်မူပြီး ပင်ညောင်ပင်ရင်းတွင် ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူနေသည့် ဘုရားရှင်အား ပိပ္ပလိရဟန်း မြင်တော်မူသောအခါ -

"ဤအရှင်မြတ်သည် ငါ၏ဆရာ ဘုရားဖြစ်ပေလိမ့်မည်။ ဘုရားရှင်အား ရည်ညွှန်း၍ ငါသည် ရဟန်းဝတ်ခဲ့ပေပြီ"

ဟု အောက်မေ့ပြီး ဘုရားရှင်အား အဝေးအရပ်ဆီမှ တစ်ကြိမ်၊ မနီး မဝေးအရပ်မှ တစ်ကြိမ်၊ အနီးအရပ်မှ တစ်ကြိမ်။ သုံးဌာနအရပ်မှသည် သုံးကြိမ်သုံးလီ လက်အုပ်ရှိခိုး ရိုသေစွာကန်တော့တော်မူပြီး -

"သတ္ထာမေ ဘန္တေဘဂဝါ၊ သာဝကောဟမသ္မိ"

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား. . .၊ အရှင်သည် အကျွန်ုပ်၏ဆရာ ဖြစ်တော်မူပါပေသည်။ အကျွန်ုပ်သည် အရှင်

မြတ်၏တပည့်သာဝက ဖြစ်တော်မူပါသည်”

ဟု သုံးကြိမ်တိုင်တိုင် နှုတ်မြွက်ထုတ်ဖော်ပြီး တပည့်အဖြစ် ခံယူတော်မူလိုက်သည်။

မြတ်စွာဘုရားရှင်ကလည်း ယုံကြည်သဒ္ဓါတရားဖြင့် ရိုကျိုးစွာ လက်အုပ်ချီနေသည့် တပည့်အဖြစ်ခံလာသော ပိပ္ပလိရဟန်းအား-

“ချစ်သားကဿပ ထိုင်လော့။ သင်ချစ်သားအား ငါဘုရား အမွေပေးတော့အံ့”

ဟု ကဿပတည်းဟူသော ဘွဲ့အမည်တပ်၍ မိန့်တော်မူလိုက်ပြီး -

ပိပ္ပလိလုလင်သည် ပြဟ္မာဏဇာတ်ရှိသူဖြစ်သည့်အတွက် ဇာတိဂုဏ်မာန်မာနကို ပယ်သတ်စေလိုသောအားဖြင့် -

“ချစ်သားကဿပ၊ သင်သည် ဤသာသနာတော်၌ သီတင်းကြီး၊ သီတင်းလတ်၊ သီတင်းငယ်ပုဂ္ဂိုလ်တို့၌ ငါ့အား ဟိရိဩတ္တပ္ပတရားကို ရှေ့ရှုထင်သည်ဖြစ်လတ္တံ့ဟု ဤသို့ကျင့်ရမည်”

ဟု မိန့်တော်မူသည်။

ထို့နောက် ပိပ္ပလိလုလင်သည် ဗဟုသုတ အကြားအမြင်များသူဖြစ်သည့်အတွက် ငါတလူလူ မာန်တတင်းတင်းနှင့် မာန်ခံနေမည့်အတွက် မာန်ကို ပယ်သတ်စေရန်အလို့ငှာ

“ချစ်သားကဿပ၊ သင်သည် ဤသာသနာတော်၌ ကုသိုလ်နှင့်စပ်သော တရားအားလုံးကို နာအံ့။ ထိုတရားအားလုံးကို အရိုအသေပြုကာ နှလုံးသွင်း၍ အလုံးစုံသောစိတ်ဖြင့် ကောင်းစွာဆောင်၍ နားစိုက်ကာ တရားကိုနာအံ့ဟူ၍ ဤသို့ကျင့်ရမည်”

ဟု မိန့်တော်မူပြန်သည်။

တစ်ဖန် မိမိကိုယ်ကို ချစ်ခင်တွယ်တာမှု ဘဏ္ဍာလောဘကို

ပယ်သတ်စေရန်အလို့ဌာ -

"ချစ်သားကဿပ၊ သင်သည် ဤသာသနာတော်၌ သုခနှင့် တကွဖြစ်သော ကာပဂတာသတိသည် ငါ့အား မစွန့်လတ္တံ့ဟု ဤသို့ကျင့်ရမည်"

ဟူ၍ မိန့်တော်မူ၏။

ကဿပမထေရ်မြတ်လည်း မြတ်စွာဘုရားရှင် မိန့်မှာဟော ကြားတော်မူသည့် ဆုံးမဩဝါဒသုံးပါးကို ရိုသေစွာခံယူတော်မူသည်။

မြတ်စွာဘုရားရှင်၏ အဆိုပါဆုံးမဩဝါဒသုံးပါးသည် ရှင်မဟာကဿပမထေရ်အား ရဟန်းခံပေးခြင်းဖြစ်တော်မူသည်။ ဤသို့သော ရဟန်းခံခြင်းမျိုးကို ဩဝါဒပဋိဂ္ဂဟဏာဥပသမ္ပဒါဟု ခေါ်တော်မူပြီး သာသနာတော်တွင် ထိုကဲ့သို့ ရဟန်းခံခြင်းမျိုးကို ရှင်မဟာကဿပမထေရ်မြတ်တစ်ပါးတည်းသာ ရတော်မူ ကြောင်း မဟာဗုဒ္ဓဝင်ကျမ်းအရ သိရှိမှတ်သားရပါသည်။

## ဘုရားရှင်နှင့် သင်္ကန်းလဲတော်မူခြင်း


မြတ်စွာဘုရားရှင်သည် ရှင်မဟာကဿပမထေရ်မြတ်အား ဗဟုပုတ္တကပညောင်ပင်ရင်းတွင် ရဟန်းအဖြစ်ပြုပေး တော်မူပြီး ညောင်ပင်ရင်းမှ ကြွတော်မူလေသည်။ ကဿပမထေရ်လည်း ရွှေလှေ့ကြီးနောက် ရွှေလှေ့ငယ်ပမာ ဘုရားရှင် နောက်တော်ပါးမှ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။

ခရီးအတန်သွားပြီးသည့်နောက် သစ်ပင်ရင်းတစ်ခုသို့ရောက် သောအခါ ဘုရားရှင်က ထိုင်တော်မူမည်ပြုရာ ရှင်မဟာ ကဿပ မထေရ်သည်ပါလာသည့် ဒုကုဋ်သင်္ကန်းတော်ကြီးကို လေးခေါက် ပြုကာ ခင်းတော်မူပြီး -

"မြတ်စွာဘုရား ဤနေရာ၌ ထိုင်တော်မူပါဘုရား။ အရှင်ဘုရား ဤနေရာသို့ ထိုင်တော်မူခြင်းသည် တပည့်တော်အားရှည်မြင့်စွာ အကျိုးစီးပွားချမ်းသာအလို့ငှာဖြစ်လေရာ ပါတော်မူပါ၏"

ဟုလျှောက်ထားတော်မူသည်။

ဘုရားရှင်လည်း ကဿပမထေရ်ခင်းပေးသည့် ဒုကုဋ်



ဘုရားရှင်နှင့် ရှင်မဟာကဿပ သင်္ကန်း လဲလှယ်တော်မူပုံ

သင်္ကန်းပေါ်တွင် ထိုင်တော်မူပြီး -

"ချစ်သားကဿပ၊ သင်ချစ်သား၏ ဤပုဆိုးဟောင်း ဒုကုဋ်သင်္ကန်းကြီးသည် နူးညံ့လွန်းလှပေတကား"

ဟု ချီးမွမ်းတော်မူရာ ကဿပမထေရ်လည်း လက်အုပ်ချီကာ -

"အရှင်ဘုရား ဤဒုကုဋ်သင်္ကန်းတော်ကြီးကို ဝတ်ရုံတော်မူပါဘုရား"

ဟု လျှောက်ထားတော်မူ၏။

"ချစ်သားကဿပ၊ သင်ချစ်သားသည် အဘယ်သင်္ကန်းကို

ဝတ်ရုံတော်မူမည်နည်း"

"အရှင်ဘုရား ဝတ်ရုံတော်မူသည့်သင်္ကန်းကို ရရှိပါမူ တပည့်တော် ဝတ်ရုံပါမည်ဘုရား"

ဘုရားရှင်၏အမေးကို ကဿပထေရ်မြတ်က လျှောက်ထားတော်မူရာ ဘုရားရှင်ကလည်း -

"ချစ်သားကဿပ၊ ငါဘုရားဝတ်ရုံတော်မူ၍ ဟောင်းနွမ်းနေပြီဖြစ်သော ဤပံ့သကူသင်္ကန်းကို ဝတ်ရုံနိုင်မည်လော။ ငါဘုရား ဤပံ့သကူသင်္ကန်းကောက်ယူတော်မူသည့်နေ့က မဟာပထဝီမြေတုန်လှုပ်တော်မူခဲ့ပေသည်။ ငါဘုရား သုံးဆောင်ပြီး ဟောင်းနွမ်းနေပြီဖြစ်သော ဤသင်္ကန်းကို ကျေးဇူးဂုဏ်နည်းပါးသူတို့ ဝတ်ရုံခြင်းကား မစွမ်းနိုင်ချေ။ ပဋိပတ်အကျင့်ကို ဖြည့်ကျင့်နိုင်စွမ်းရှိသည့် ဇာတိပံ့သကူဆောင်ပုဂ္ဂိုလ်မှသာ ခံယူနိုင်စွမ်းထိုက်တော်မူပေသည်"

ဟု မိန့်တော်မူပြီး ဘုရားရှင်သည် ကဿပမထေရ်နှင့် သင်္ကန်းချင်း လဲလှယ်ဝတ်ရုံတော်မူလေသည်။ ထိုသို့ သင်္ကန်းချင်း လဲလှယ်ဝတ်ရုံတော်မူစဉ်၌လည်း မဟာပထဝီမြေ ပြင်းစွာတုန်လှုပ်တော်မူပြန်သည်။

ကဿပမထေရ်မြတ်လည်း ဘုရားရှင်စွန့်ပေးတော်မူသည့် သင်္ကန်းကို ဝတ်ရုံတော်မူရသည့်အတွက် စိတ်မာတ် တက်ကြွကာ ဝင့်ဝါမှုမရှိသည့်ပြင် -

"ငါသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သုံးဆောင်တော်မူပြီးသော သင်္ကန်းတော်ကို ရအပ်လေပြီ။ ပဋိပတ်အကျင့်မြတ်ကိုဖြည့်ကျင့်တော့အံ့"

ဟု ဆင်ခြင်ပြီး ဘုရားရှင်ထံတော်၌ပင် ဓုတင်အကျင့်တစ်

ဆယ့်သုံးပါးကို ကောင်းစွာခံယူဆောက်တည်တော်မူပြီး ရဟန်းတရားပွားများအားထုတ်တော်မူတော့သည်။

ဓုတင်ပဋိပတ် အကျင့်မြတ် (၁၃)ပါးမှာ

(၁) အသုဘမှရသော သင်္ကန်းဆောင်သည့် အကျင့်မြတ် ပံ့သကူဓုတင်

(၂) ကိုယ်ရုံ၊ သင်းပိုင်နှင့် နှစ်ထပ်သင်္ကန်း သုံးထည်သော သင်္ကန်းကိုသာဆောင်သော တိစီဝရိတ် ဓုတင်အကျင့်မြတ်

(၃) ဆွမ်းခံသော ပိဏ္ဍပါတ်ဓုတင်အကျင့်မြတ်

(၄) အိမ်စဉ်အတိုင်းဆွမ်းခံကြွသောသ,ပဒါနဓုတင်အကျင့်မြတ်

(၅) တစ်ထပ်တည်းသော စားသည့် ဧကာသနိတ်ဓုတင် အကျင့်မြတ်

(၆) တစ်ခွက်တည်းသာစားသော ပတ္တပိဏ်ဓုတင် အကျင့်မြတ်

(၇) တစ်ခွန်းတော်ပြီ ဆိုမိလျှင် ရပ်သော ခလုပစ္ဆာဘတ္တိက ဓုတင်အကျင့်မြတ်

(၈) တောရ ဆောက်တည်သော အာရညကင် ဓုတင် အကျင့်မြတ်

(၉) သစ်ပင်ရင်း၌ နေသော ရုက္ခမူဓုတင်အကျင့်မြတ်

(၁၀) လွင်တီးခေါင်၌ နေသော အဗ္ဘောကာသိကဓုတင် အကျင့်မြတ်

(၁၁) သုသာန်၌ နေသော သောသာနိကဓုတင် အကျင့်မြတ်

(၁၂) သံယာညွှန်ရာ၌နေသော ယထာသန္တတိဓုတင် အကျင့်မြတ်

(၁၃) တုံးလုံးမလှဲသော နေသဇ္ဇိဓုတင် အကျင့်မြတ်

တို့ဖြစ်ကြပါသည်။

ကဿပ မထေရ်မြတ်သည် ထိုကဲ့သို့သော ဓုတင်အကျင့် (၁၃)ပါးကို ဆောက်တည်ပွားများ အားထုတ်တော်မူလာရာ ခုနစ်ရက်ကာလအတွင်းတွင် ပုထုဇဉ်အဖြစ်၌ တည်ရှိနေသေးသော်လည်း ရှစ်ရက်မြောက်အရုဏ်တက်ကာလတွင်ပဋိသမ္ဘိဒါ ဉာဏ်လေးပါးနှင့်တကွအရဟတ္တဖိုလ်သို့ဆိုက်ရောက်တော်မူလေသည်။

ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်းရှေ့မှောက်၌ -

"ကောင်းမြတ်သော ဓူတင်ပဋိပတ် အကျင့်မြတ်ကို ကိုယ်တိုင်လည်း ကျင့်သုံးတော်မူ၍ တစ်ပါးသူတို့ကိုလည်း ဟောကြားပြသဆိုဆုံးမကြသော ငါဘုရား၏ တပည့်သားရဟန်းများတွင် မဟာကဿပမထေရ်သည်သာ အမြတ်ဆုံး အသာဆုံး ဖြစ်ပေသည်"

ဟု မိန့်ကြားတော်မူပြီး

ရှင်မဟာကဿပမထေရ်မြတ်အား ဓူတင်ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

× × × × ×

## တရားကျေးဇူးရှင် ရှင်မဟာကဿပ

သို့ဖြင့် ရှင်မဟာကဿပမထေရ်မြတ်ကြီး ဂေါတမမြတ်စွာဘုရား၏သာသနာတော်တွင်တတိယမဟာသာဝကရှင်မဟာကဿပအဖြစ် ထင်ရှားတော်မူလာခဲ့သည်။ မူတင်အကျင့်ဆောင်ကြသည့် တပည့်ရဟန်းလည်း များစွာ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ပရိနိဗ္ဗာန်စံဝင်တော်မူချိန်တွင် ရှင်မဟာကဿပမထေရ်မှာ အနားတွင်မရှိ။ တပည့်ရဟန်းငါးရာနှင့်အတူ ပါဝါပြည်တွင် ဆွမ်းခံလှည့်တော်မူပြီး ကုသိနာရုံပြည်သို့ ကြွတော်မူလာစဉ်ဖြစ်သည်။ ထိုအချိန်တွင် ဘုရားရှင်ပရိနိဗ္ဗာန်ပြုသည်မှာ ခုနစ်ရက်ရှိနေပြီ။

ရှင်မဟာကဿပမထေရ်နှင့် တပည့်ရဟန်းငါးရာတို့ ကြွလာရာလမ်းခရီးတစ်နေရာတွင် မန္ဒာရဝ နတ်ပန်းယူလာသည့် တက္ကတွန်းတစ်ဦးကို ထူးခြားစွာ တွေ့မြင်လိုက်ရသည်။

ထိုနတ်ပန်းသည် လူ့ပြည်၌ တွေ့ရခဲသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်မှသာတွေ့ရတတ်သော ပန်းဖြစ်သဖြင့် ရှင်မဟာကဿပမထေရ် မနေသာတော့ဘဲ တက္ကတွန်းကိုမေးကြည့်ရာမှ ကုသိနာရုံတွင် ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှ (၇)ရက်ကြာမြင့်နေပြီဖြစ်ကြောင်း သိရတော့သည်။

ထိုအချိန်တွင် ကုသိနာရုံပြည်၌လည်း ပရိနိဗ္ဗာန်စံဝင်တော်မူသွားသော ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို တေဇော ဓာတ်မီးလောင်ကျွမ်းစေရန် နံ့သာထင်းပုံအား မီးရှို့ကြသော်လည်း နံ့သာထင်းပုံအား မီးစွဲလောင်အောင် မည်သို့မျှမပြုလုပ်နိုင်ကြပဲ ဖြစ်နေကြသည်။ ထိုအခါမှ အဘယ်ကြောင့် ဤသို့ဖြစ်နေရသည်ကို အရှင်အနုရုဒ္ဓါမထေရ်ကို လျှောက်ထားမေးမြန်းကြရာ

"နက်တို့၏ အလိုဖြစ်တော်မူကြောင်း၊ မြတ်စွာဘုရားရှင်၏ ခြေတော်အစုံကို ရှင်မဟာကဿပမထေရ်မြတ် ရှိခိုးဦးတိုက်မပြုရသေးမီ မြတ်စွာဘုရားရှင်၏ နံ့သာထင်းပုံ မီးစွဲလောင်ခြင်းမရှိပါစေရန် နတ်တို့၏ဆန္ဒအဖြစ်ရှိနေပါကြောင်း၊ ယခုအခါ ရှင်မဟာကဿပမထေရ်မြတ်နှင့် ရဟန်းငါးရာသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာတော်မူနေပြီဖြစ်ကြောင်း"

အရှင်အနုရုဒ္ဓါမထေရ်က မိန့်ကြားတော်မူသည်။ ထိုအခါမှ ရှင်မဟာကဿပမထေရ်မြတ်သည် မည်သို့သောရဟန်း ဖြစ်နေပါသနည်းဟူ၍ စိတ်ဝင်တစားလေးစားကြည်ညိုစိတ်များ ဝင်လာကြကာ ရှင်မဟာကဿပမထေရ်ကြွလာမည့် လမ်းခရီးကို ရည်မှန်းမျှော်ပြီး မွမ်းမံပြင်ဆင်မှုများ ပြုကြတော့သည်။

× × × × ×

ရှင်မဟာကဿပ၏ တပည့်နောက်ပါရဟန်းငါးရာတို့မှာ

ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံဝင်တော်မူသွားကြောင်း ကြားသိရသည်နှင့် ဆောက်တည်ရမရ ငိုကြွေးကြတော့သည်။ ပူဆွေးသောကရောက်ကြပြီ။ ဝမ်းနည်းကြေကွဲနေကြပြီ။ သို့သော် ထိုထဲတွင်"သုဘဒ္ဒ"အမည်ရှိ ရဟန်းကြီးမှာ ငိုကြွေးပူဆွေးခြင်းမရှိသည့်အပြင် ငိုကြွေးပူဆွေးဝမ်းနည်းနေကြသည့် ရဟန်းအပေါင်းအား -

"ငါ့ရှင်တို့ မပူဆွေးကြလင့်၊ မငိုကြွေးကြလင့်။ ယခုအခါ ငါတို့သည် လွတ်မြောက်ကြကုန်ပြီ။ သည်ရဟန်းကြီးဂေါတမသည် ငါတို့အား ချုပ်ချယ်ခဲ့သည်။ သို့သော် ယခုအခါ ငါတို့သည် အလိုရှိအပ်သောအရာကိုသာ ပြုကြရကုန်အံ့။ အလို မရှိအပ်သောအရာများကိုလည်း မပြုဘဲနေနိုင်ကြရတော့မည်။ လိုတာသာယူ၍ မလိုတာမှန်သမျှ ပစ်ပယ်ထားနိုင်ခွင့် ရရှိသွားကြပေပြီ"

သုဘဒ္ဒ၏နှုတ်မှ ရင့်သီးသည့်စကားများ ထွက်လာသည်ကို ကြားလိုက်ရသောအခါ ရှင်မဟာကဿပမထေရ် တုန်လှုပ်သွားရပြီ။ ဦးခေါင်းထိပ်သို့ မိုးကြိုးပစ်ခွင်းခံလိုက်ရသည်ပမာ ခံစားလိုက်ရပြီ။ ဘုရားရှင် ပရိနိဗ္ဗာန်ပြု၍မှ မကြာသေး၊ သာသနာတော်အတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာစကား ကြားရလေပြီ။

"ဩော်. . . မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှာ ခုနစ်ရက်မျှသာရှိသေးသည်။ ဝါဝင်းသော သရီရဓာတ်၊ ဥတုဇရုပ်ကလာပ်တော်လည်း အထင်အရှားရှိနေပေသေးသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာသနာတော်အတွက် ဆင်းရဲအပင်ပန်းခံကာ တည်တော်မူခဲ့သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားဒေသနာများ သုဘဒ္ဒကဲ့သို့ အကျင့်သီလမဲ့သည့် ရဟန်းမျိုး ဆူးပြောင့်ခလုတ်သဖွယ် လျှင်မြန်စွာပေါ်လာခဲ့ပြီ။ သည်လိုရဟန်းမျိုး

ကို မပဟန့်တားနိုင်ပါက သူ့ကဲ့သို့ပင် အကျင့်သီလမဲ့ရဟန်းအချင်းချင်းအပေါင်းအဖော်ရရှိကာ ဘုရားရှင်၏သာသနာတော်ကြီး ဆုတ်ယုတ်နစ်နာပျက်စီးပေတော့မည်”

ဟု ဓမ္မသံဝေဂ တရားရတော်မူကာ ဓမ္မသင်္ဂါယနာတင်ရန် စိတ်အကြံအစည်ဖြစ်ပွားမိတော့သည်။

တစ်ဆက်တည်းမှာပင် သုဘဒ္ဒရဟန်းအား ပစ်ပယ်နှင်ထုတ်ပစ်ရန် စိတ်ကူးဝင်လာပြန်သည်။ အကျင့်သီလမဲ့သည့် သုဘဒ္ဒရဟန်းအား သည်သို့သောအချိန်တွက် ချက်ချင်းနှင်ထုတ်ပစ်၍လည်းမဖြစ်သေးဟု ဆင်ခြင်မိပြန်သည်။ သို့သော် ယခုအချိန်တွင် နှင်ထုတ်လိုက်မည်ဆိုပါက -

“ဩော်. . . ရဟန်းကြီးဂေါတမ ဥတုဇရုပ်ကလာပ် အထင်အရှားရှိနေစဉ်မှာတောင် သူ့ရဲ့တပည့်ရဟန်းတွေ အငြင်းပွား စိတ်ဝမ်းကွဲပြားသွားကြကုန်ပြီ”

ဟု လူအများ၏ ပြစ်တင်ဝေဖန်ပြောဆိုလာမည်ကိုလည်း တွေးမိပြီး သုဘဒ္ဒ ပြောဆိုနေသမျှ သည်းခံနေလိုက်တော့သည်။

သို့သော် စိတ်အစဉ်တွင်ဘုရားရှင်၏သာသနာတော်နောင်ရေး ပြုလုပ်ရမည့်အရေးများကိုတော့ တွေးနေမိသည်။ ဘုရားရှင်၏သာသနာတော်အား အပျက်စီးမခံနိုင်။ ကာကွယ်စောင့်ရှောက်ရမည်မဟုတ်ပါလား။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် နေရာဒေသအနှံ့ လှည့်လည်ပြီ ... ဖြပ်စွာ သတ္တဝါအပေါင်းအား ဟောကြားတော်မူခဲ့သည့် တရားဒေသနာများကား မကုံးမသီအပ်သေးဘဲ တရားပန်းပုံကြီးသဖွယ်သာ ရှိနေပေသေးသည်။ လေတိုက်ခတ်ပါက အချိန်မရွေး ကစဉ့်ကလျားလွင့်ပါးကာ တစ်စစီ ပြန့်ကျဲသွားသကဲ့သို့ အကျင့်သီလမဲ့

ကာ လိုတာကိုသာယူ၊ မလိုတာကိုပယ် တရားတော်များကို ဖျက်ဆီးမည့် သုဘဒ္ဒနှယ် ရဟန်းတို့အစွမ်းကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့်သုတ်၊ဝိနည်း၊အဘိဓမ္မာ၊ ပိဋကတ်တရားတော်များ တစ်စတစ်စ ပျောက်ပြယ်ကြပေတော့မည်။ ပင်စည်ပျောက်လျှင် အမြစ်ကျန်နေသေးသည်။ အမြစ်ပျောက်လျှင်ကား မှီတွယ်စရာရှိပေတော့မည်မဟုတ်။ ထိုကဲ့သို့ပင် ဘုရားရှင်၏တရားတော်များ ပျောက်ပျက်သွားပါက ငါတို့သည်လည်း မှီတွယ်စရာကင်းကာ ဆောက်တည်ရာမဲ့ဖြစ်ကြရပေတော့မည်ဟု သာသနာတော်အရေးများ တွေးတောကာ လေအဝှေ့တွင် ပြန့်ကျဲသွားနိုင်မည့် တရားပန်းကုံးကြီးအား သုတ်ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ် အစရှိသဖြင့် သူ့အပိုင်းနှင့်သူ သီကုံးဆင်မြန်းနိုင်ရန် တရားပန်းများအား ပန်းကုံးသဖွယ် သီကြိုးဖြင့် ကောင်းစွာသီကုံးကာ တရားဒေသနာများ မပျက်စီးစေဘဲ ဘုရားဟောဒေသနာတော်အတိုင်း တည်ရှိကာ သာသနာတော်ကြီး ရေရှည်တည်တံ့ထွန်းလင်းစေရန် ဓမ္မသင်္ဂါယနာတင်ရန်အတွက် စိတ်အကြံအစည်များ ပွားများနေမိတော့သည်။

ရှင်မဟာကဿပမထေရ်မြတ်မှာ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသွားရာသို့ ဆက်လက်ကြွတော်မူလာသည်။ ဘုရားရှင်၏ ရုပ်ကလာပ်တော်ကိုလည်း တေဇောဓာတ်မီးလောင်စေရန် မင်းပရိသတ်အပေါင်းမှာ ရှင်မဟာကဿပမထေရ်အား စောင့်မျှော်နေကြသည်။

ရှင်မဟာကဿပမထေရ်မြတ် ကြွရောက်လာသည့်အခါ၌လည်း ကြည်ညို၍မဆုံးနိုင်ကြ။ ရှင်မဟာကဿပမထေရ်မြတ်၏သွားလာလှုပ်ရှားမှုကိုသာ မျက်တောင်မခတ်ကြည့်ကာ

ကြည်ညိုနေကြလျက်။

မထေရ်မြတ်မှာ စန္ဒကူးနံ့သာပုံထားသည့် ဘုရားရှင်ကိုယ်တော်မြတ်၏ ဥတုဇရုပ်ကလာပ်တော်အပါးသို့ လက်အုပ်ချီကြွရောက်ချဉ်းကပ်တော်မူပြီး -

"ဩော်. . . ဤအရပ်သည်ကား ဘုရားရှင်၏ဦးခေါင်းတော်ရှိပေသည်၊ ဤအရပ်သည်ကား ဘုရားရှင်၏ခြေတော်အစုံရှိပေသည်"

ဟု ပိုင်းခြားသိမြင်တော်မူသည့်အတွက် ဘုရားရှင်အားလက်ျာရစ်သုံးပတ်လှည့်ပတ်ပူဇော်ပြီး ဘုရားရှင်၏ ရုပ်ကလာပ်တော်ခြေတော်ရင်း၌ ရပ်တည်ကာ -

"အကန့်တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော ဘုရားရှင်၏စက်လက္ခဏာတော်ပါရှိသည့် ဘုရားရှင်၏ခြေတော် အစုံသည် ရွှေတလားနှင့် စန္ဒကူးနံ့သာထင်းပုံတွင်းမှ နှစ်ဖြာခွဲထွက်၍ ကျွန်ုပ်၏ဦးခေါင်းထိပ်၌ တည်ပါစေသား"

ဟု အဓိဋ္ဌာန်ပြုလိုက်ရာ လဝန်းကြီးသည် တိမ်တိုက်ကြားမှ ဝင်းပစွာထွက်ပေါ်လာဘိသကဲ့သို့ မြတ်စွာဘုရားရှင်၏ ခြေတော်အစုံသည်လည်း ရွှေတလားနှင့် စန္ဒကူးထင်းပုံကြားမှ ထွက်ပြူလာတော့သည်"

မထေရ်မြတ်သည် ရွှေရောင်အဆင်း ဝင်းဝါနေသည့် ဘုရားရှင်၏ခြေတော်အစုံကို လက်တော်ဖြင့် ရိုကျိုးစွာဆုပ်ကိုင်ရင်း ဦးခေါင်းထိပ်ဖျားတွင်တင်ကာ နောက်ဆုံးဂါရဝပူဇော်ရှိခိုး ကန်တော့နေမိတော့သည်။

မင်းပရိသတ်အပေါင်းမှာလည်း မြင်ရသည့်မြင်ကွင်းအား အံ့သြဆန်းကြယ်ဝမ်းသာစိတ်ဖြင့် ရှိခိုးပူဇော်ကြသည်။

မထေရ်မြတ်၏လက်တော်မှ လွှတ်လိုက်သည်နှင့် ဘုရားရှင်၏ခြေ တော်အစုံမှာ ရွှေတလားအတွင်း ရုတ်ချည်းဝင်တော်မူသွားကာ တည်မြဲအတိုင်း တည်တော်မူသည်။

မထေရ်မြတ်နှင့် ရဟန်းအပေါင်းတို့ စိတ်ဆန္ဒအတိုင်း ပူ ဇော်ပြီးသည်နှင့် စန္ဒကူးနံ့သာထင်းပုံလည်း မီးစွဲလောင်ကာ တေ ဇောဓာတ်မီးလောင်ကျွမ်းတော်မူတော့သည်။

အတိတ်ဘဝရသေ့ညီနောင်တို့ ထားရှိခဲ့သည့် သစ္စာ အဓိဋ္ဌာန်အတိုင်း ဘုရားရှင်၏ရုပ်ကလာပ်တော်ကား မထေရ် မြတ်မီးရှို့မှ တေဇောဓာတ်မီးစွဲလောင်တော်မူခြင်းဟု ဆိုရပေ မည်။ မင်းပရိသတ်လည်း သည်တော့မှ လောကကြီးအတွက် ကြီးစွာသောဆုံးရှုံးမှု ကို ခံစားကြရပြီး ငိုကြွေးမဆုံး၊ ယူကြုံးမရ ဝမ်းနည်းပူဆွေးသောကမီးလောင်ကြပြီ။

## ပထမ သင်္ဂါယနာတင်ခြင်း

ဘုရားရှင်၏ဥတုဇရုပ်ကလာပ်တော် တေဇောဓာတ်မီး လောင်ကျွမ်းပြီး ဈာပနသဘင်ပြီးသည့်နောက် ရှင်မဟာကဿပ မထေရ်မြတ်၏စိတ်ဝယ် သုဘဒ္ဒရဟန်းကဲ့သို့သော ရဟန်းမျိုးများ ကြောင့် ဘုရားရှင်၏တရားဒေသနာတော်များ ပျက်စီး ပျောက် ကွယ်မသွားစေဘဲ ဘုရားဟောကြားခဲ့သည့်အတိုင်း သာသနာ တည်သန္တေ နောင်အစဉ်အဆက်အဓွန့်ရှည်တည်တံ့စေရန်ပထမ သင်္ဂါယနာတင်ရန် စိတ်အကြံအစည်အတိုင်း စီစဉ်တော့သည်။ စိတ်အကြံအစည်အတိုင်းလည်း ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့မှသည် တပေါင်းလပြည့်ကျော် ၅ ရက်နေ့ထိ ခုနစ်လတိုင်တိုင် ရာဇဂြိုဟ်

ပြည်အနီး ဝေဘာရတောင်ဝှမ်း လိုဏ်ဂူဝတွင် ကြီးမြတ်ခမ်းနားသည့် မဏ္ဍပ်ကြီးကိုဆောက်လုပ်တော်မူပြီး ပထမသင်္ဂါယနာတင်တော်မူပွဲကို ကျင်းပတော်မူနိုင်ခဲ့ပေသည်။ သာသနာ့ ဒါယကာကား မင်းအဇာတသတ်ဖြစ်သည်။

ဘုရားရှင် ဟောကြားတော်မူသမျှ တရားဒေသနာများအားသူ့အပိုင်းနှင့်သူ ရှင်မဟာကဿပမထေရ်မြတ်ကြီးက မေးမြန်းလျှောက်ထားတော်မူပြီး အရှင်ဥပါလိမထေရ်နှင့် အရှင်အာနန္ဒာတို့က ဝိနယဓမ္မတို့ကို မလွဲမမှား ဖြေဆိုတော်မူကြသည့် ပထမသင်္ဂါယနာတင်တော်မူခြင်းကား သာသနာ့သမိုင်းတွင် မကြုံဖူးအောင် ဂုဏ်ထူးဆောင်တော်မူအပ်သော သာသနာ့မော်ကွန်းတစ်ရပ်အဖြစ် စိုက်ထူနိုင်ခဲ့ပေသည်။

ထိုကျေးဇူးတရားကြောင့်လည်း တရားတော်အား လိုတာယူ၊ မလိုတာပယ် တရားပျက်အောင်ဖျက်မည့် သုဘဒ္ဒကဲ့သို့သော ရဟန်းမျိုးတို့၏အန္တရာယ်မှ ကင်းဝေးကာ ဘုရားရှင်၏ တရားဒေသနာများဖြစ်သည့် သုတ်ဝိနည်း၊ အဘိဓမ္မာများအား ဒေသနာတော်လာအတိုင်း ကျွန်တော်တို့တစ်တွေ ကြားနာခွင့်ရကာ ကျင့်ကြံအားထုတ်ပွားများနိုင်သည်မှာ ရှင်မဟာကဿပ မထေရ်မြတ်၏ ကျေးဇူးတရားဟုပင် ဆိုရပေမည်။ ထို့ကြောင့်လည်း မထေရ်မြတ်ကြီးအား တရားကျေးဇူးရှင်ကြီးအဖြစ် သိမြင်လာပြီး ကြည်ညိုသဒ္ဓါ ပို၍ပွားလာရပြန်တော့သည်။

# အဓိဋ္ဌာန်ပုတီး ကုသိုလ်ခရီး

ဘုရားရှင်နှင့် ရှင်မဟာကဿပ သက်န်းလဲလှယ်သည့် ပုံတော်ကို တစိမ့်စိမ့်ကြည့်ကာ တရားဟောကြား၊ တရားပြသပေးသည့် ဓမ္မဘုရင် ဘုရားရှင်နှင့် တရားတော်အား မပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကာ သာသနာတော် အတွက် ကျေးဇူးကြီးမားလှသော တရားကျေးဇူးရှင် ရှင်မဟာကဿပ မထေရ်မြတ်ကြီးတို့၏ ကျေးဇူးတရားတို့ကို နှလုံးသွင်း အာရုံပြုကာ ရှိခိုးကန်တော့ပြီး ဘုရားဖူးခရီးသွားများ၊ ဈေးဆိုင်တန်းများနှင့် သဘာဝအလှတောတောင်ရှုခင်းသဘာဝများကိုပရိသတ်များ မျက်မြင်ခံစားကြည့်ရှုနိုင်ရန် ရိုက်ကူးရင်းရသမျှအချိန် အဓိဋ္ဌာန် ပုတီးစိပ်ရန် စိတ်ကူးရလာသည်။



ကျောက်လိုဏ်ဂူ ကျောက်တံခါးရှေ့ တရားထိုင်အဓိဋ္ဌာန်ဝင်

ရှင်မဟာကဿပသာသနာ့မော်ကွန်း ဗီဒီဒီရိုက်ကူးရေးအတွက် အနုပညာတာဝန်အရ လာရသောခရီးဖြစ်သော်လည်း ရောက်နိုင်ခဲ့သော ထူးမြတ်သည့်သည်အရပ်ကို အကြောင်းဆက်အရ ရောက်လာခဲ့ရပြီ။

"တစ်ခေါက်ကနေ နှစ်ခေါက်ရောက်လာရပြီဆိုရင် သည်နေရာ သည်ဒေသဟာ ကိုယ်နဲ့ ဘဝဆက် ပဋ္ဌာန်းဆက်အကြောင်းတရားရှိတဲ့အရပ်ဒေသပဲ"

ကျေးဇူးရှင် ဆရာတော်တစ်ပါး မိန့်ကြားဖူးသည့်စကားကြားယောင်လာသည်။ သည်အရပ်ဒေသို့ လွန်ခဲ့သော အနှစ်သုံးဆယ်က တစ်ခေါက်ရောက်ခဲ့ဖူးသည်။ သည်စဉ်ကလည်း ထူးခြားစွာ

ကြုံခဲ့ရသည့်ဖြစ်ရပ် ရှိခဲ့ဖူးသည်ကို သတိရမိသည်။

"ငါ့သား ဒီတောင်ရောက်တုန်းရောက်ခိုက် ထူးထူးခြားခြား တစ်ခုခုလှူပါလား"


ဟု ခမုံဆရာတော်က မိန့်လာသည်။ ဘာလှူရမည်နည်း။ ထူးထူးခြားခြား တစ်ခုခုဟုမိန့်သည်။ စဉ်းစားသည်။ ဝတ္ထုပစ္စည်းကား လူတိုင်းလှူနေကြခြင်းမို့ မထူး။ နောက်ဆုံး စဉ်းစားမိသည်ကား -

"တပည့်တော် ဆံပင်လှူပါမယ်ဘုရား"

ဟုပြောကာ ဆံပင်ကိုရိတ်ရန် ရေဆွတ်လိုက်သည်နှင့် ရာသီဥတု ချက်ချင်းအုံ့မှိုင်းသွားသည်။ ဆံပင်စရိတ်သည်နှင့် မိုးများသဲကြီးမဲကြီးရွာတော့သည်။ မိုးရွာထဲ၌ပင် ဆံပင်ကို ရိတ်နေသည်။ ခေါင်းမှ ကျလာသောဆံပင်တို့သည် မိုးရေစီးနှင့်အတူ မျောပါလျက်။ ဆံပင်အားလုံးရိတ်ပြီးသည်နှင့် မိုးစဲသွားသည်။ ခေါင်းမှ ရိတ်လိုက်သောဆံပင်တို့ကား မြေပြင်တွင်မရှိကြတော့။ ရေစီးနှင့်အတူ မျောပါသွားကြလေပြီ။ အတူပါလာသော ဘုရားဖူးများအား -

"မောင်စိုးဟိန်းလှူတဲ့အလှူကို မမြင်ရတဲ့ ဆိုင်ရာပိုင်ရာတွေက လက်ခံလိုက်တဲ့သဘောပါပဲ။ ထူးတာပေါ့။ တစ်နေ့ ငါ့သား စိုးဟိန်း ဒီသာသနာ့မြေပြန်ရောက်ပြီး သာသနာပြုရဦးမှာပါ"

ခမုံဆရာတော့်စကားများ ပြန်ကြားလာသည်။ မည်သို့ဖြစ်စေ သည်မြေသို့ ပြန်ရောက်လာရပြန်သည်။ အနုပညာဖြင့် သာသနာပြုခွင့် ရလာပြန်သည်။ အနုပညာတာဝန်ခရီးမှသည် ကုသိုလ်ခရီးဖြစ်ရန် ကုသိုလ်ဆက်ရပေဦးမည်။ ရောက်သခိုက် အမိဌာန်တင်၊ အမိဌာန်ပုတီးစိပ်ရပေဦးမည်။



မထေရ်မြတ်ကိုယ်စား ရုပ်ပွားတော်အား ဆပ်ကပ်လှူဒါန်းမည့် ကြာသင်္ကန်း

"မန္တန်တွေရွတ်မယ်ဆိုလည်း အများကြီး၊ ပုတီးစိပ်တွေကလည်း ကောင်းနိုးရာရာနည်းအမျိုးမျိုး။ ဒါပေမယ့်အဓိကကတော့ သရဏဂုံပဲ"

ကျေးဇူးရှင် ရွှေပေါက်ကျွန်းဆရာတော် မိန့်မှာစကားပြန်ကြားလာသလို ကောလီအဓိဋ္ဌာန်ကျင့်စဉ်က စိတ်အာရုံထဲ ဝင်ရောက်လာသည်။

သို့ဖြင့် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါးအား ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်ပါတ်၊ ဂုဏ်တော်နှစ်ဆယ့်လေးပါးအတွက် ပုတီး ၂၄ ပါတ်၊ ပွားများရန် ဂူရှေ့တွင် အဓိဋ္ဌာန်တင်၍ အဓိဋ္ဌာန်အတိုင်း ရတနာသုံးပါးဂုဏ်တော်များကို ပုတီး ၂၄ ပါတ် ပွားများအားထုတ်သည်။ ထို့နောက် မေတ္တာပို့အမျှဝေ။

"စံကျောင်းတော်မှာ ကြာသင်္ကန်းဆက်ကပ်ကြမယ်တဲ့။ ဦးစိုးပုတီးစိပ်နေလို့စောင့်နေတာ"

ပုတီးစိတ် အမျှဝေ မေတ္တာပို့ပြီးသည်နှင့် ဦးလှမြင့်တူတော်မောင် ဇော်နိုင်က ပြောလာသည်။

“အေးကွာ. . . အချိန်ရမယ်ထင်လို့ ပုတီးဝင်စိပ်လိုက်တာ။ လာ. . . လာ. . . သွားကြမယ်”

ဇော်နိုင်နှင့်အတူ ကျောက်လိုဏ်ဂူမှ စံကျောင်းတော်ပေါ် ပြန်တက်လာသည်။ စံကျောင်းတော်ပေါ်ရှိ ရှင်မဟာကဿပ ကိုယ်စား ရုပ်ပွားတော်အား ဆက်ကပ်လှူဒါန်းမည့် ကြာသင်္ကန်းကို သယ်ဆောင်လာကြသည့်မြင်ကွင်းကို ရိုက်လိုက်သည်။ ထို့နောက် ရုပ်ပွားတော်ပေါ်သို့ ကြာသင်္ကန်းလွှမ်းခြုံဆက်ကပ်သည့် မြင်ကွင်းအဆင့်ဆင့်အား ပူဇော်ကြည်ညိုနိုင်ကြစေရန် ရှုထောင့်အသီးသီးမှ မှတ်တမ်းရိုက်ယူရင်း ကြာသင်္ကန်းလှူဒါန်းသည့် ကုသိုလ်အား သာဓုခေါ်နေမိသည်။

ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသစ်မှ ဦးစိုးဝင်းဦးဆောင်သည့်အဖွဲ့မှ လှူဒါန်းသည့် မီးစက်နှင့် ဆရာတော်ဦးသုမနနှင့် ဝန်ဆောင်အကျိုးတော်ဆောင်အဖွဲ့တို့၏ ကြိုးပမ်းမှု၏အကျိုးကျေးဇူးကား အလောင်းတော်ကဿပ တစ်တောလုံး တစ်တောင်လုံးမီးများ ထိန်ထိန်လင်းလျက်။ မီးစက်ဖြင့် တစ်ညလုံးမီးအလင်းရောင်ပေးနိုင်ရန်



လိုအပ်သည့် ဒီဇယ်ဆီ အတွက် အလှူငွေကို လည်း ဘုရားဖူးအဖွဲ့ က ဝိုင်းဝန်းလှူဒါန်းကြ သည်သာ။ ကုသိုလ် ရေးလက်မနှေး တတ် ကြသည့် မြန်မာတို့ရဲ့ သဒ္ဓါအားတွေ။



နံနက်အာရုံ ထမနဲဆွမ်း ဆပ်ကပ်ရန်
ထမနဲ ထိုးနေကြစဉ်

နောက်တစ်နေ့ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်။ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့။

နံနက်အရုဏ်တွင် စံကျောင်းတော်တွင် သီတင်းသုံးတော်မူ နေသည့် မထေရ်မြတ်ကြီးအား ဆက်ကပ်လှူဒါန်းကြမည့် ထမနဲ ဆွမ်းအတွက် ဖေဖော်ဝါရီလ(၈)ရက်ညတွင် ထမနဲထိုးနေကြ သည့် မြင်ကွင်းကလည်း မြန်မာတို့၏ ၁၂ လရာသီ ကုသိုလ်တော် မြင်ကွင်းတစ်ရပ်။

လျှပ်စစ်မီးထိန်းလင်းသလို ဆီမီးရောင်ခြည်များကလည်း ထိန်ထိန်ဖြာလို့ပါလား။ ကိုးနဝင်းဘုရားဝင်းတစ်ခုလုံးသာမက ကွင်းပြင်တစ်ရပ်လုံး ဆီမီးများထွန်းညှိပူဇော်နေကြသည်မှာ ရှုမ ငြီးဖွယ် ပီတိဖြာဝေမြင်ကွင်းတွေ။ အလားတူ ဆီမီးရောင်ရှိန် အလင်းဖြာဝေနေသည့်အလှတွင် မီးပုံးပျံများလွှတ်တင်နေမှု၊ မီး ကျည်မီးပန်းများ ပစ်ဖောက်ပူဇော်နေမှုများကလည်း အလှတွင် အလှဆင့်။ ပသာဒမြင်ကွင်းကား မှတ်တမ်းတင်စရာ မြင်ကွင်း တွေချည်းမို့ အလောင်းတော်ကဿပ၏ ညအလှ မြင်ကွင်းများ အား အမိအရရိုက်နေရတော့သည်။ ညဆယ်နာရီထိုးအထိ ရိုက်

ကူးရေးတာဝန်တွင် နစ်နေသည်။

"ဦးစိုး. . . တစ်ခုခုသွားစားကြရအောင်။ ဟိုဘက်မှာ ဈေးဆိုင်တန်းတွေရှိတယ်"

အတူပါလာသည့် သန်မောင်က ရိုက်ကူးရေးရပ်နားလိုက်သည့် စိုးဟိန်းအားစားသောက်ရေးအတွက်အဖော်စပ်လာသည်။

"အစားက အချိန်မရွေးစားလို့ရပါတယ်ကွာ။ ရောက်တုန်းရောက်ခိုက် ညပိုင်းအတွက် စရဏပွဲများအားထုတ်ရဦးမယ်"

"ဘယ်မှာ အားထုတ်မှာလဲ"

"ကျောက်ဂူရှေ့မှာပဲ"

"တော်တော်အေးမှာနော် ဦးစိုး"

"အနွေးထည်ထူထူ ဝတ်ရမှာပေါ့"

သန်မောင်ကိုပြောပြီး အဆောင်ပြန်ကာ အနွေးထည်ထပ်ဝတ်သည်။ ထို့နောက် အလင်းတိုင်၊ အမွှေးတိုင်များယူကာ ကျောက်လိုဏ်ဂူသို့ ဆင်းလာခဲ့သည်။ အလောင်းတော်ကဿပတောတောင်ထဲတွင် ညဆယ်နာရီပင်ရှိလင့်ကစား သွားလာသူမပြတ်သေး။ တချို့လည်း အိပ်စက်အနားယူ၊ တချို့လည်း ဈေးဆိုင်တန်းလှည့်ပတ်စားသောက်၊ တချို့လည်း လှည့်လည် ပျော်ရွှင်လို့၊ တချို့လည်း ဘုရားစေတီများတွင် ပုတီးစိပ်တရားထိုင်။ အကျိုးတော်ဆောင်များကတော့ဘုရားဖူးဝေနေယျများနောက် တစ်နေ့စားရေးသောက်



နံနက်အာရုံ ထမနဲဆွမ်းဆပ်ကပ်လှူဒါန်းမှု


ကျောက်လိုဏ်ဂူရှေ့တွင် အဓိဋ္ဌာန်တင်နေသည့် စာရေးသူ

ရေးအတွက် စီစဉ်သူစီစဉ်၊ ဆရာတော်များအတွက်အာရုံကပ်ရန်ချက်ပြုတ်သူက ချက်ပြုတ်။ အနားမယူနိုင်ကြသေး။ ပင်ပန်းနေကြမည်ဖြစ်သော်လည်းကုသိုလ်ရေးအတွက် အားအင်များတက်ကြွနေပုံရသည်။ ပင်ပန်းနွမ်းနယ်မှုများ မတွေ့ရ။

ကျောက်လိုဏ်ဂူရှေ့တွင်လည်း အဓိဋ္ဌာန်ပုတီးစိပ်သူ၊ တရားထိုင်သူများရှိနေဆဲ။ နေ့ခင်းကကဲ့သို့သော မများ။ သည်အချိန်က ပုတီးစိပ်၊ တရားထိုင်ကြသူချည်းမို့ တိတ်ဆိတ်နေသည်။ ကျောက်ခက်များမှကျဆင်းလာသည့် ရေစက်သံ တဖြောက်ဖြောက်အသံက ပို၍ကျယ်လောင်နေသည်။ ပိုလည်း အေးစိမ့်နေသည်။

ကျောက်လိုဏ်ဂူတော်တံခါးတွင် ရွှေသင်္ကန်းကပ်လှူ၊ ဆီမီးအလင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်ပြီး ငါးပါးသီလခံယူပြီး ကျေးဇူးရှင် ရွှေဗျိုင်းနားဆရာတော်ဘုရား ချီးမြှင့်လမ်းညွှန်ပေးခဲ့သည့် "ပထဝီဗလသုန္ဒရီ"ဂါထာကို အဓိဋ္ဌာန်တင်ကာ သာသနာစောင့်နတ်မင်းများ၊ တောစောင့်နတ်၊တောင်စောင့်နတ်၊ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးများနှင့် ဆိုင်ရာဆိုင်ရာများအား ပင့်ဖိတ်အသိသက်သေထား၍"ပထဝီဗလသုန္ဒရီ"ကိုပွားများတော့သည်။

သည်တော သည်တောင်သည် သူတော်စင်ပုဂ္ဂိုလ်ထူးများ သီတင်းသုံးနေထိုင် တရားပွားများအားထုတ်ရာ မဟာမြိုင်တောနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် နေရာမြတ်၊ ထူးခြားသည့်

တော်ဘောင်။ မြတ်သည့် တောတောင်။

ထို့ကြောင့်လည်း ဂန္ဓာရီလမ်းတွင် လျှောက်လှမ်းနေကြသည့် ပါရမီရှင်သူတော်စင်များ လာရောက်အမိဋ္ဌာန်ဝင် တရားရှာမှီး အားထုတ်ရာ သာသနာ့အောင်မြေလည်းဖြစ်သည်။

ထို့ကြောင့် သည် သာသနာ့အောင်ဌာနေတွင် အောင်ဆု မင်္ဂလာဖြင့် အောင်ကြောင်းတွေရစေကြောင်း အောင်မြင်တိုး တက်စေသည့် "ပထဝီ ဗလသုန္ဒရီ"ဂါထာတော်အား အဓိဋ္ဌာန် တင် ပွားများခဲ့ခြင်း ဖြစ်သည်။

ပထဝီဗလ သုန္ဒရီ
သဗ္ဗညု ဗောဓိမဏ္ဍလံ
အသင်္ချေယျာမာရသေနာ
ဇေယျောဇေယျတု ဇေယျမင်္ဂလံ။
ဒေဝပုတ္တာ ကိလေသဥ္စ
ခန္ဓမဥ္စု အဘိသင်္ခါရာ
ပဥ္စမာရ်နံ ဇိနံဗုဒ္ဓေါ
တံတေဇသာ ဘဝတုမေ။

× × × × ×

တပို့တွဲလပြည့်နေ့ မနက်အာရုံအချိန်။

ထမနဲဆွမ်းတော်တင်ရန်အတွက် ညပိုင်းကထိုးထားသော ထမနဲဆွမ်းကို ဘုရားဖူးဝေနေယျများအား အကျိုးတော်ဆောင် အဖွဲ့က ပေးဝေနေသည်။ ဘုရားဖူးများကလည်း နံနက်စောစော ထကာ စနစ်တကျတန်းစီယူနေကြသည်။ စံကျောင်းတော်တွင်း၌ သက်တော်ထင်ရှား ကဿပမထေရ်မြတ်ကြီးအား ရည်မှန်းအာရုံ ပြုကာ ကိုယ်စားရုပ်ပွားတော်အား ဝန်ဆောင်သံဃာတော်များ



အဇာတသတ်မင်း လွမ်းစေတီ၌ ပူဇော်ကန်တော့နေကြစဉ်

ဦးဆောင်ကာ ဘုရားဖူးဝေနေယျများ ထမနဲဆွမ်းဆက်ကပ်လှူဒါန်းနေကြသည်။ အရှက်ဦးကုသိုလ်တော် မြင်ကွင်းကားစိတ်ချမ်းမြေ့စရာ မင်္ဂလာနံနက်ခင်းမြင်ကွင်း။

တောင်တော်ပေါ်တွင်ထမနဲဆွမ်းဆက်ကပ်လှူဒါန်းပြီးသည်နှင့် တည်းခိုဆောင်ဇရပ်များမှသည် တောင်ဘက်လျှိုမြောင်တောလမ်းအတိုင်း ခရီးဆက်ကြသည်။ တစ်မိုင်ခန့်ဝေးကွာသည့်တောတောင်ခရီး။ အဇာတသတ်မင်း၏ ဆုတောင်းပြည့်စေတီနှင့် လွမ်းစေတီဘုရားများဆီသို့။



အဇာတသတ်မင်း လွမ်းစေတီသို့ ခရီးလမ်း

အများစုက ခြေလျင်ခရီး။ သက်ကြီးရွယ်အိုတချို့သာဆင်စီး ခရီးဆက်ကြခြင်းဖြစ်သည်။ ဆင်စခန်းလည်း ဖြတ်ရသည်။ ချောင်းများလည်း ဖြတ်ရသည်။ တကယ့်တောလမ်းတောင်လမ်း။ လမ်းဘေးတွင် တောထဲ၌ပင် နားနေချက်ပြုတ်နေကြသည့် ဘုရားဖူးအုပ်စုကို တွေ့ရသည်။ ပုလဲ-ဂန့်ဂေါဘက်မှ ခြေလျင်လာကြသည့် ဘုရားဖူးများအုပ်စုဟု ကနီဆရာတော်က ရှင်းပြသည်။

ကိုယ့်ဘာသာချက်ပြုတ်စားသောက်ရန်ချက်ပြုတ်စရာအိုးခွက်ပန်းကန်များပါသယ်ဆောင်ပြီး တောတောင်လမ်းခရီးအဆင့်ဆင့်



ဆုတောင်းပြည့်ဘုရား၌ တောင်းဆုပြုနေကြစဉ်

ညအိပ်ခရီးလာရောက်ကြသည်။ ပုလဲ-ဂန့်ဒဂေါဘက်မှ ဘုရားဖူးများ၏ ကြည်ညိုသဒ္ဓါစိတ်အားကား ကြီးမားလွန်းလှပါလား။

"အဲဒီဘက်အရပ်ဒေသက လူတွေက ရှင်မဟာကဿပ မထေရ်မြတ်ကြီးကို ဘုရားလို ကိုးကွယ်ကြတာ"

ဆရာတော်ဦးသုမန ရှင်းပြသည့်စကား ပြန်ကြားလာသည်။ ဘုရားလိုကိုးကွယ်ကြတဲ့ ယုံကြည်ကိုးကွယ်စိတ်ကြောင့်လည်း

ပင်ပန်းခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းအား မညည်းညူနိုင်ကြဘဲ သာသနာအတွက် အားအင်တွေပြည့်နေကြလေခြင်းဟု တွေးမိလိုက်သည်။

လမ်းခရီးသွားလာရင်း သည်လမ်းသည်ခရီးတွင် မင်းအဇာတသတ်၏ ကဿပမထေရ်မြတ်အား ရှာပုံတော်ဖွင့်ခန်း ပြန်တွေးမိသလို ဆင်တပ်၊ မြင်းတပ်၊ စစ်သည်ဗိုလ်ပါရဲမက်များဖြင့် ကြွချီတော်မူလာသည့် ဆရာရှင်အတွက် သောကအပူ ဗျာပါဒနှင့် ယှဉ်ကြုံးမရဖြစ်နေမည့် အဇာတသတ်မင်း၏ ရုပ်ပုံလွှာကို မြင်ယောင်လာမိသလို သာသနာပြုမင်းအဇာတသတ်အကြောင်းလည်း တွေးမိရပြန်သည်။

× × × × ×

# သာသနာပြုမင်း အဇာတသတ်နှင့် ရှင်မဟာကဿပ

ရာဇဝင်သမိုင်းကြောင်းတွင် အဇာတသတ်မင်းအား အဖ သတ်သား ဟူ၍သာ အသိများကြသည်။

စင်စစ် အဇာတသတ်မင်းသည် ဆရာမှား၍ ဆရာဒေဝဒတ် အကြံကြောင့် အဖသတ်သည့် ပဉ္စာနန္တရိယကံထိုက်သူ ဖြစ်သွားခဲ့ သည်။ သို့သော်လည်း ဘုရားရှင်အားပစ်မှားခဲ့ကြသည့် သုပ္ပဗုဒ္ဓ နှင့် ဒေဝဒတ်တို့ မြေမျိုခံရပြီးသည့်နောက် တုန်လှုပ်ချောက်ချားပြီး "သည် တစ်ခါ မြေမျိုမှာငါအလှည့်ပဲ" ဟုတွေးမိကာ မြေသို့ပင် မနင်းရဲ လောက်အောင် ထိတ်လန့်နေတော့သည်။ ညလည်း အိပ်မရ။ စိုးရိမ်ကြောင့်ကြမှုများကြောင့် စိတ်လည်းမငြိမ်သက်။

သို့ဖြင့် သမားတော်ဇီဝက၏ အကြံပေးမှုအရ ဘုရားရှင်၏ တရားတော်အားနာကြားရန် တန်ဆောင်မုန်းလပြည့်ညကွင် ဝေဠုဝန်ကျောင်းတော်သို့ကြွရောက်ပြီး ဘုရားရှင်ကောကြား

တော်မူသည့် သာမညဖလသုတ္တန် ကြားနာရာမှ အေးချမ်းမှုရရှိပြီး သရဏဂုံတည်ကာ ရတနာသုံးပါး ယုံကြည်သက်ဝင်ရာ၌ အဇာတသတ်အား မှီသူမရှိဟူ၍ပင် ဘုရားရှင်က မိန့်တော်မူရလေသည်။

ထိုကဲ့သို့ ရတနာသုံးပါးအား ယုံကြည်ကိုးကွယ်ပြီး သာသနာတော်တွင် ဘုရားရှင်ပရိနိဗ္ဗာန်ပြုသည့်အခါ၌လည်း ဓာတ်တော်များကို ထိန်းသိမ်း၊ ဓာတ်တော်တိုက်များ တည်ဆောက်၊ ရှင်မဟာကဿပမထေရ်မြတ်နှင့်အတူ သာသနာ့တာဝန်များကို ထမ်းရွက်ခဲ့သည့် သာသနာပြုမင်းတစ်ပါးဖြစ်ခဲ့သည်။

အလားတူ ဘုရားရှင်၏တရားဒေသနာများ မပျက်စီး မပျောက်ကွယ်စေရန် သာသနာတော် အမွန့်ရှည်တည်တံ့ရေးအတွက် ပထမသင်္ဂါယနာတင်ရာတွင် သာသနာ့ဒါယကာအဖြစ် ရှင်မဟာကဿပမထေရ်မြတ်ဦးဆောင်မှုအတိုင်း စီမံပေးတော်မူခဲ့သည်။

ထို့ကြောင့်လည်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အဇာတသတ်မင်းမှာ ရှင်မဟာကဿပအား ဘုရားနှယ်ကိုးကွယ်ပြီးဆရာဒကာလက်တွဲကာသာသနာ့တာဝန်ထမ်းသာသနာပြုခဲ့သည့်မင်း ဖြစ်သည်။


× × × × ×

သက္ကရာဇ် ၁၄၈ ခုနှစ်၊ ပထမသင်္ဂါယနာတင်ပြီး ၁၈၆ နှစ်တွင် ရှင်မဟာကဿပမထေရ်ကြီးမှာ သက်တော်အားဖြင့် ၁၂၀၊ ဝါတော်အားဖြင့် ၅၀ ရှိလာခဲ့ပြီ။ အာယုသင်္ခါရလွှတ်ရန် ရက်မကျန်တော့သည်ကို ဆင်ခြင်မိပြီး မိမိ ပရိနိဗ္ဗာန်စံဝင်တော်မူရမည့်နေရာဌာနကို ဆက်လက်ဆင်ခြင်ရာ အတိတ်ဘဝ ရသေ့ညီ

နောင်သုံးဦးထားရှိခဲ့သည့် ကတိစကားအရ မိမိ၏ရုပ်ကလာပ်တော်သည် ညီငယ်ရသေ့ အရိမေတ္တေယျအလောင်းတော်နှင့်ထားရှိခဲ့သည့် သစ္စာအဓိဋ္ဌာန်အတိုင်း ညီတော် အရိမေတ္တေယျပွင့်တော်မူမှသာ ညီတော်၏လက်ဝါးပြင်တွင် တေဇောဓာတ်မီးလောင်ကျွမ်းရပေလိမ့်မည်။

သို့ဖြင့် မိမိ၏ရုပ်ကလာပ်တော်ကို ရှိခိုးပူဇော်ဆုတောင်းအဓိဋ္ဌာန်ပြုသူများ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးစီးပွားတိုးတက်စေပြီး မဂ်ဖိုလ်နိဗ္ဗာန်ဝင်နိုင်ကြစေရန် ရသေ့ညီနောင်ဘဝအဓိဋ္ဌာန်ပြုခဲ့ရာ မြန်မာနိုင်ငံချင်းတွင်းမြစ်အနောက်ဘက် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးအောက်တွင် ပရိနိဗ္ဗာန်ပြုမှသာ သင့်လျော်ပေမည်ဟု ဆင်ခြင်မိပြီး ပရိနိဗ္ဗာန်စံဝင်တော်မူရင် မဏိပူရ၊ အာသံ၊ စစ်တကောင်းမှတစ်ဆင့် ချင်းတွင်းမြစ်ကိုကျော်ကာ မဟာမြိုင်တောတန်းခရီးအတိုင်း ကြွတော်မူလေသည်။

မြန်မာနိုင်ငံအတွင်းသို့ ကြွလာတော်မမူမီ ဒါယကာဖြစ်သူ အဇာတသတ်မင်းထံ ဝင်တော်မူရာ မင်းအဇာတသတ် စက်တော်ခေါ်တော်မူနေကြောင်း မှူးမတ်များလျှောက်ထားသဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူရန် မြန်မာနိုင်ငံတွင်း ကြွတော်မူသွားကြောင်း မှူးမတ်များအား မိန့်ကြားခဲ့သည်ဟုလည်း အကျင့်ထူးကြောင့် အသိထူး သိသည့် ဆရာတော်တစ်ပါး၏ မိန့်ကြားမှုအရ သိမှတ်ရပါသည်။



# ရှင်မဟာကဿပ ပရိနိဗ္ဗာန်စံဝင်ခန်း

ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးအောက်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူတော့ မည်ကို နတ်၊ သိကြား၊ ဗြဟ္မာများ သိတော်မူသည်နှင့် တောင်သုံး လုံးကြား အလယ်ဗဟိုတွင် အလျားအနံအမြင့် ၃၅ တောင်ရှိ သော မြ၊ ဖန်၊ ရွှေ၊ ငွေရတနာများဖြင့် မွမ်းမံဆင်ထားသော မဟာ ဂန္ဓကုဋီတိုက်တော်ကြီးကို ဖန်ဆင်းတော်မူကြလေသည်။

မဟာဂန္ဓကုဋီတိုက်အလယ်၌လည်း အလျား ၁၆ တောင်၊ အနံ ၈တောင်၊ အမြင့် ၄တောင်ရှိသော မြသလွန်ညောင် စောင်း တော်နှင့် ၂၅တောင်အမြင့်ရှိ ကြေးပြသာဒ်ကို ဖန်ဆင်းတော်မူပြန် လေသည်။

ရှင်မဟာကဿပမထေရ်မြတ်သည် တောင်သုံးလုံးအောက်

ကျောက်လိုဏ်ဂူဝယ် နတ်တို့ဖန်ဆင်းသော ဂန္ဓကုဋိတိုက်အတွင်း မြသလွန်ညောင်စောင်းတွင် မြောက်သို့ ဦးခေါင်းပြုကာ လက်ျာနံဘက်စောင်း၍ အာယုသင်္ခါရလွှတ်တော်မူကာပရိနိဗ္ဗာန် စံဝင်တော်မူကြောင်း ဖတ်မှတ်ရသည်။

ရှင်မဟာကဿပမထေရ်မြတ်၏ ရုပ်ကလာပ်တော်အား မိစ္ဆာတို့၏အဖျက်ရန်မှ ကာကွယ်ရန်အတွက်လည်းကောင်း၊ လှူဒါန်းလာသမျှ ရွှေငွေရတနာ အဖိုးတန်ပစ္စည်းများအား မသမာသူ လက်မရောက်စေရန်အတွက်လည်းကောင်း မဟာဂန္ဓကုဋိတိုက် တော်ကြီး၏ လေးမျက်နှာတွင် ရွှေတံခါး၊ငွေတံခါး၊ကျောက်တံခါး တံခါးသုံးတန်အား တစ်ခုနှင့်တစ်ခု အတောင်ငါးဆယ်စီကွာခြား၍ တံခါးအဆင့်ဆင့် စီမံထားကြောင်းလည်း သိရသည်။

အလားတူ မထေရ်မြတ်၏ ရုပ်[illegible]မှ ကျောက်လိုဏ်ဂူဂန္ဓကုဋိတိုက်တော်၏အရပ်မျက်နှာအသီးသီးတွင် ဂန္ဓဗ္ဗနတ်မင်း၊ ကုမ္ဘဏ်နတ်မင်း၊ ဂဠုန်မင်း၊ နဂါးမင်း၊ ယက္ခဘီလူး မင်း၊ ဘုမ္မစိုးမင်း၊ အာကာသစိုးနတ်မင်း၊ အသူရာ နတ်မင်းနှင့် သမ္မာဒေဝနတ်အပေါင်း၊ ဝိဇ္ဇာဓိုရ်အပေါင်း စောင့်ရှောက်လျက် ရှိကြရာ ၂၆၀၀၀(နှစ်သောင်းခြောက်ထောင်)ကုန်သော အစောင့် အကြပ်များ ရှိနေကြသည်ဟုလည်း သိရပါသည်။


ရှင်မဟာကဿပမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော် မူသောနေ့ကား ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာတော်ခြောက်နှစ်၊ ဘိုးတော်အဥ္စနမင်း ပြုခွင်းသက္ကရာဇ် ၁၅၄ ခုနှစ်၊ တပို့တွဲလပြည့်နေ့ အင်္ဂါနေ့၊ နံနက်(၆)နာရီ အချိန်ဟု ဖတ်ရှုမှတ်သားရပါသည်။

× × × × ×

# အဇာတသတ်မင်း ရှာပုံတော်ဖွင့်ခန်း

ရှင်မဟာကဿပ ပရိနိဗ္ဗာန်စံဝင်တော်မူရန် မြန်မာနိုင်ငံတွင်းသို့ ကြွတော်မူသွားကြောင်း အဇာတသတ်မင်း သိရသည်နှင့် ပူဆွေးသောကရောက်ရပြီ။ ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံဝင်တော်မူကြောင်း ကြားသိရတုန်းကလည်း အပူသောကရောက်ခဲ့ရသည်။ ရင်တွင်းအပူကိုငြိမ်းစေရန် ထောပတ်ကန်တွင်စိမ်ရသည်ထိ အပူမီးတောက်လောင်ခဲ့ရသည်။

ဘုရားရှင် မရှိတော့သည့်နောက် သာသနာတွင် လက်တွဲသာသနာပြုခဲ့သလို ဆရာနှယ် လေးစား၍ ဘုရားနှယ် ကြည်ညိုပူဇော်လို့မှမဝသေး၊ ယခုတော့ အားကိုးအားထားရာ ရှင်မဟာကဿပလည်း ပရိနိဗ္ဗာန်ပြုပြန်ပြီ။ နောက်ဆုံးအနေဖြင့် ပူဇော်ကန်တော့ခွင့်ရရန် အရှင်မြတ်ရုပ်ကလာပ်တော်ရှိရာ လိုက်ရပေတော့မည်။ မတွေ့တွေ့အောင် ရှာဖွေကန်တော့ရန် မှူးမတ်ဗိုလ်ပါ၊ ဆင်တပ်၊ မြင်းတပ်ဖြင့် ရှာပုံတော်ဖွင့်ရပြီ။



ရှင်မဟာကဿပကြွရာလမ်းခရီးအတိုင်း လိုက်လာခဲ့ရာ မင်းကင်းမြို့တောင်ဘက် လေးမိုင်ခန့်အကွာတွင်ရှိသော မင်းဝင်ချောင်းသည် အဇာတသတ်မင်း ဝင်ရောက်ရှာဖွေသည်ကို အစွဲပြု၍ မင်းဝင်ချောင်းဟုခေါ်ကြသလို မြပန်းကန်အင်းမှာ ရှင်မဟာကဿပစျာပနတွင် အသုံးပြုရန် သယ်ဆောင်လာသည့် မြပန်းကန်များချရာနေရာဖြစ်ကြောင်း သိရသည်။

ထို့အတူ ဆင်များလွှတ်ကျောင်းရာနေရာကို ဆင်ဖမ်းကျွန်းဟုခေါ်ဆိုသလို ရှာပုံတော်ဖွင့် ခရီးနှင်ရာမှ အဇာတသတ် မင်း၏လက်တွင် ဆင်မြန်းထားသောလက်စွပ်မှ ကျောက်ပြုတ်ကျသည်ကိုပင်မသိ။ နောင်မှ မိမိလက်စွပ်တွင်ပြည်တန်ကျောက်မပါတော့ဘဲ ကျောက်အိုးချည်းသာဖြစ်နေကြောင်း သိရသည်။ ထိုနေရာကိုလည်းယခုအခါကျောက်အိုးရွာဟုခေါ်တွင်ကြောင်းသိရသည်။

အဇာတသတ်သည် အရှင်မြတ်ကြီးအား ဖူးလိုဇောနှင့် ခရီးပြင်းနှင်ရာ စီးတော်မြင်းမှာ မောပန်းလွန်းသဖြင့် ခွာယက်သည့်နေရာကို "မြင်းခွာတောင်" ဟုခေါ်ကြသည်။ ဆက်လက်၍ ခရီးနှင်လာခဲ့ရာ စီးတော်မြင်းမှာ မည်သို့မျှမခံနိုင်တော့ဘဲ အမောဆို့နှလုံးကွဲကာ မြေသို့ဗုံးဗုံးလဲသေဆုံးလေတော့သည်။

အဇာတသတ်မင်းခမြာ သေပွဲဝင်သွားသည့်မြင်းမှ မြင်းဇက်ကိုစုပုံပြီး -

"ကျွန်ုပ်၏ဆရာအရှင် ရှင်မဟာကဿပမထေရ်မြတ်၏ ရုပ်ကလာပ်တော်ရှိရာ အမှန်တွေ့ရှိဖူးခွင့်ရမည်ဆိုပါက ဤမြင်းဇက်သည် ကျောက်ဆောင်ကျောက်ခဲအတိဖြစ်ပါစေသား"ဟု အဓိဋ္ဌာန်ပြုရာမြင်းဇက်မှာကျောက်ဆောင်ကျောက်ခဲဖြစ်သွားတော့သည်။ထိုသို့ကျောက်အတိဖြစ်သွားသောမြင်းဇက်ပုံအနီးရှိချောင်း




အဇာတသတ်မင်း သစ္စာအဓိဋ္ဌာန်ပြုခဲ့ရာ သစ္စာရေတွင်း

ကိုယခုထက်တိုင်မြင်းဇက်ပုံချောင်းဟုခေါ်တွင်ကြောင်းသိရသည်။

ဆရာသခင် အရှင်မြတ်၏ ရုပ်ကလာပ်တော်အား ဖူးတွေ့ရမည်ဟူသော ယုံကြည်စိတ်ဖြင့် ခရီးဆက်နှင်လာရာ ဝေဘာရတောင်ဝှမ်းနှင့် မလှမ်းမကမ်းနေရာသို့ ရောက်လာခဲ့သည်။ ဆရာမြတ်၏ရုပ်ကလာပ်တော်ကို မဖူးမတွေ့ရနိုင်သေးသဖြင့် စိတ်မာတ်ကျဆင်း လက်မှိုင်ချရတော့မည့်အနေအထားရောက်နေပြီ။ သို့သော် ဆရာသခင်မြတ်ကို ဖူးတွေ့ရမည်ကို စိတ်၌ သိနေသလို ခံစားရသည်။

သို့ဖြင့် စွဲကိုင်လာသောလှံကို မြေသို့စိုက်ပြီး -

"ဤနေရာ ဤဌာနသည် ငါ၏ဆရာသခင် အရှင်မဟာကဿပမထေရ်မြတ် ပရိနိဗ္ဗာန်စံဝင်တော်မူရာ နေရာဌာန အမှန်ဖြစ်ခဲ့ပါသော် ငါသည် ဆရာမြတ်၏ရုပ်ကလာပ်တော်ကိုလည်း အမှန်တကယ် ဖူးတွေ့ရရိုးအမှန်ဖြစ်ခဲ့ပါသော် ယခု လှံစိုက်ထားသောမြေပြင်မှ ရေအလျှဉ်လျှံထွက်လာကာ ငါ၏ဆရာအရှင်

မထေရ်မြတ် ပရိနိဗ္ဗာန်စံဝင်ရာ အရပ်ဒေသသို့ စီးဆင်းပါစေသား"

ဟု အဓိဋ္ဌာန်ပြုလိုက်ရာ လှံစိုက်ထားရာမြေပြင်မှ ရေလျှံထွက်လာပြီး ရှင်မဟာကဿပရုပ်ကလာပ်တော်ရှိရာ လိုဏ်ဂူတွင်းသို့ ရေအလျဉ်စီးဆင်းလေတော့သည်။ ယခုအခါ လှံမှရေလျှံထွက်လာသောနေရာကို အဇာတသတ်မင်း သစ္စာပြုရာမှရေလျှံထွက်လာသဖြင့် သစ္စာရေတွင်းဟုခေါ်တွင်ပြီး ယခုထက်တိုင် ရေများလျှံထွက်လျက်ရှိနေသေးရာ ရောဂါဝေဒနာများပျောက်သည်ဟုယုံကြည်ကြပြီး ဆေးအဖြစ် သောက်သုံးကြသလိုအိမ်သို့ပင် ဆေးအဖြစ် သယ်ဆောင်လျက်ရှိနေကြသည်။

အဇာတသတ်မင်းသည် ရေအလျဉ်စီးဆင်းရာအတိုင်းလိုက်လာခဲ့ရာ တောင်သုံးလုံးကြား ကျောက်လိုဏ်ဂူတွင် နတ်သိကြားများ ဖန်ဆင်းစီမံထားသော ဂန္ဓကုဋိတိုက်တော်၏ မြသလွန်တော်ပေါ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူနေပြီဖြစ်သော ဇမ္ဗူရာဇ်ရွှေစင်ရွှေတုံးနှယ် တောက်ပဝင်းလက်လျက်ရှိသော အရှင်မြတ်၏ရုပ်ကလာပ်တော်ကို ဖူးတွေ့ရလေပြီ။

ဝမ်းနည်းကြေကွဲ၍မဆုံး။ သူ့အတွက် ဆရာတစ်ဆူ ဆုံးရှုံးရသလို သာသနာတော်အတွက်လည်း ဆုံးရှုံးမှုတစ်ပါး။ တရားကျေးဇူးရှင်၊ သာသနာတော်၏ကျေးဇူးရှင် အရှင်မဟာကဿပ၏ ကျေးဇူးတရားများကို အောက်မေ့ဆင်ခြင်ကာ ဦးချမဝ၊ ပူဇော်၍ အားမရ၊ အကြိမ်ကြိမ်ရှိခိုးနေမိတော့သည်။

ထို့နောက် ရွှေငွေရတနာကိုးမျိုးသော ကျောက်မျက်ရတနာ အတိပြီးသော ဆီမီးတန်ဆောင်၊ ပန်းခိုင်၊ ပန်းထီး၊ အလင်းတိုင်၊ တံခွန်ကုက္ကား၊ ရွှေငွေအတိ ပန်းပေါက်ပေါက်များကြဲမြောက် ပူဇော်မှု ပြုပြန်သည်။

အဇာတသတ်မင်းသာမကအတူပါလာကြသည့်မင်းပရိသတ် အပေါင်းကလည်း အရှင်မဟာကဿပ၏ ရုပ်ကလာပ်တော် တေဇောဓာတ်မီးလောင်ကျွမ်းသောအချိန်တွင် သဗ္ဗြဟ်စရိတ်နှင့် အရိမေတ္တာယျဘုရားပွင့်တော်မူသောအခါ ကျောင်းတော်ဆောက်လုပ်လှူဒါန်းရန် အဖိုးတန်ရတနာများကို အမိဋ္ဌာန်ပြုလှူဒါန်းခဲ့ကြသည်။

ထို့အပြင် အရှေ့၊ အနောက်၊ တောင်၊ မြောက် ခရီးတစ်သောင်းရှိသော စတုရန်းခရီးလေးသောင်းကျယ်ဝန်းသော မြေကို အလောင်းတော်ကဿပ ဝတ္တကမြေအဖြစ်သတ်မှတ်ပြီး ပါလာသည့် မှူးမတ်နောက်ပါများအား ရှင်မဟာကဿပ သာသနာ့မြေ ထိန်းသိမ်းစောင့်ရှောက်ရန် ဘုရားလူကြီး၊ ဥပသကာများအဖြစ် အမိန့်ချထားရစ်ခဲ့လေသည်။

ထိုသို့ သာသနာ့မြေအား စောင့်ရှောက်ရမည့်ဥပသကာများ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကျောက်လိုဏ်ဂူနှင့် တစ်မိုင်ကွာဝေးသောနေရာတွင် ရွာတည်ပေးခဲ့ပြန်သည်။ ထိုနေရာကို အဇာတသတ်မင်းကွင်း ဟု ခေါ်ဆိုကြသည်။

ထိုနေရာ၌ပင် အဇာတသတ်မင်းသည် လွမ်းစေတီနှင့် ဆုတောင်းပြည့်စေတီနှစ်ဆူ တည်ထားကာ -

“ဤစေတီနှစ်ဆူအား ငါမရှိသည့်နောက် ဘုန်းကံကြီးမားယောကျာ်းများနှင့်ပဋ္ဌာန်းဆက်ရှိကြကုန်သောခုနစ်ရက်သားသမီးအပေါင်း နောင်သောအခါကာလတွင် ဆက်လက်ပြုပြင်နိုင်ကြပါစေသား”

ဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့လေသည်။

ထိုသစ္စာအဓိဋ္ဌာန်ကြောင့်ဟုပင် ဆိုရလေမည်လားမသိ။ ဤမျှဝေးလံသောအရပ်တွင် တည်ထားခဲ့သော စေတီနှစ်ဆူ ကား ရွှေရောင်တဝင်းဝင်းနှင့် ဝင့်ထည်သပ္ပါယ် ကြည်ညိုဖွယ်ရှိနေဆဲ။ ဟိုးယခင် အနှစ်သုံးဆယ်ရောက်ခဲ့စဉ်က ထုံးဖြူဖြူ စေတီနှစ်ဆူ အဖြစ် ဖူးတွေ့ခဲ့ရသည်ကို ပြန်သတိရမိပြန်သည်။



စာရေးဆရာ လှသိန်းဝင်း(ကနီ) ကနဲရွှေသိမ်တော်ကျောင်းဆရာတော် အရှင်ဝါယာမိန္ဒ

"ဒီဘုရားနှစ်ဆူက အဇာတသတ်မင်းတည်ခဲ့တာလေဒါရိုက် တာရဲ့။ ဆရာသခင်ကိုရှာတွေ့ဖူးတွေ့ပါစေသားဆိုတဲ့ဆုတောင်း ပြည့်လို့ ဆုတောင်းပြည့်စေတီလို့ ဘွဲ့အမည်ပေးထားတာလေ"

ဘယ်ဘက်တွင်ရှိသော စေတီတော်ကိုညွှန်ပြရင်း ကနီ ဆရာတော် ဦးဝါယာမိန္ဒက ရှင်းပြသည်။ ထို့နောက် ညာဘက်ရှိ စေတီကို ညွှန်ပြရင်း -

"ဒါကတော့ ကိုယ့်တိုင်းပြည်ကို ပြန်ရတော့မှာမို့ ဆရာ ရှင်မထေရ်မြတ်ကြီးနဲ့ ဝေးကွာရပြီဆိုတာ သိတဲ့အသိကြောင့် လွမ်းစိတ်၊ ဆရာရှင်ကို လွမ်းဆွတ်မှုတွေနဲ့ တည်ထားခဲ့လို့ လွမ်းစေတီလို့ခေါ်တယ်လေ"



အဇာတသတ်မင်း ဆုတောင်းပြည့်စေတီ

ဆုတောင်းပြည့်စေတီနှင့် လွမ်းစေတီတို့၌လည်း ထမနဲဆွမ်း ကပ်လှူကြသူ၊ ဆီမီးနံ့သာ လှူဒါန်းပူဇော်ကြသူများစွာ။

ဆုတောင်းပြည့်ဘုရားတွင် ထူးခြားမှုတစ်ရပ်ကို သတိထား မိလိုက်သည်။ စေတီတွင်သက်ကယ်ချောင်းလေးများထောင်ကာ ဆုတောင်းနေကြခြင်း။

"ကျန်းမာရေးအတွက် အသက်ကယ်တဲ့အနေနဲ့ သက်ကယ် နဲ့ ဆုတောင်းအဓိဋ္ဌာန်ပြုနေကြတာလေ ဒကာစိုးဟိန်းရဲ့"

ဦးဝါယာမိန္ဒက ဤအရပ်ဒေသ၏ ထူးခြားသည့် ကျန်းမာ ရေးအဓိဋ္ဌာန်ဆုတောင်းကို ရှင်းပြသည်။

လွမ်းစေတီ၊ ဆုတောင်းပြည့်စေတီနှင့်ပတ်သက်သမျှ ဗီဒီယို မှတ်တမ်းရိုက်ပြီးပြန်လာခဲ့ရာ လမ်းခရီး ချောင်းတစ်ခုတွင် ဘုရား ဖူးများချောင်းတစ်လျှောက်ရေစီးထဲ၌လည်းကောင်း၊သဲထဲ၌လည်း ကောင်း တစ်စုံတစ်ရှာရှာဖွေနေကြသည်ကိုတွေ့ရာ -

"ဘာတွေ ရှာနေကြတာလဲဘုရား"

"ဒါက သပိတ်ဆေးချောင်းလို့ခေါ်တယ်။ ရှင်မဟာကဿပ ကြွလာစဉ်က ဆွမ်းဘုန်းပြီး သပိတ်ဆေးလို့ သပိတ်ဆေးချောင်းလို့ခေါ်တာလေ။ ဒီချောင်းထဲမှာရှိတဲ့ဆွမ်းလုံးလေးတွေပုံသဏ္ဍာန် ကျောက်ခဲလေးတွေ ခုထိရှိကြသေးတယ်။ အရှင်မြတ် သပိတ်ဆေးရာက ကျန်တဲ့ဆွမ်းလုံးလေးတွေလို့ ယူဆပြီး အဲဒီဆွမ်းလုံးပုံ ကျောက်ခဲလေးတွေရှာပြီး အိမ်ကဆန်အိုးထဲ ထည့်ထားရင် ဆန်ပွားတယ်၊ စားသောက်ရေးအဆင်ပြေတယ်၊ ဆန်ရေစပါးပေါတယ်လို့ ယုံကြည်ကြတယ်လေ"

ဆရာတော်ဦးဝါယာမိန္ဒက ရှင်းပြမှ ရှာဖွေနေကြသူများထံမှ ကျောက်ခဲလုံးလေးများကိုကြည့်ရှုရာ ဆရာတော် ဦးဝါယာမိန္ဒမိန့်သကဲ့သို့ ကျောက်ခဲလေးများမှာ ဆန်လုံးလေးများနှယ်ဖြစ်နေကြသည်ကို အံ့ဩဖွယ်တွေ့ရသဖြင့် ဗီဒီယို မှတ်တမ်းတင်ရပြန်သည်။



သပိတ်ဆေးချောင်းတွင် ဆွမ်းလုံးပုံ ကျောက်ခဲလေးများရှာဖွေနေကြသူများ

# ဝန်ဆောင်ဆရာတော်များ ရေသိမ်ဝင်ကြခြင်း

ကျိုက်ထီးရိုးဘုရားသို့ သုံးခေါက်ရောက်လျှင် ထောင်ကဲဖြစ်သည်ဟု ဆိုရိုးစကားယုံကြည်ကြသလို ကဿပမထေရ်မြတ် ရုပ်ကလာပ်တော်ရှိရာသို့ လာရောက်ပူဇော်ကြည်ညိုကြသူများသည်လည်း ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာပြီး အန္တရာယ်ကင်းရှင်းကာ အကြံအစည်များအောင်မြင်ကြခြင်း စသည့်အကျိုးကျေးဇူးတရားများ ခံစားရသည်ဟု ပြည်ဒွတ္တဘောင်မင်းကြီး၏ အယူအဆကိုလည်း သိရှိမှတ်သားရဖူးပါသည်။

ထိုသို့သောအကျိုးကျေးဇူးတရားများ ထူးခြားစွာရရှိကြမှုများကြောင့်လည်း ရာသီဥတုပွင့်လင်းသည့် တန်ဆောင်မုန်းလမှစကာ အမိဋ္ဌာန်ဝင်သူများ၊ လာရောက်ပူဇော်ကြသူများ ကိုယ့်အစီအစဉ်နှင့်ကိုယ် လာရောက်ကြည်ညိုပူဇော်ကြသည့်နှယ် ဖိုလ်ဝင်တောင်ဆရာတော်ဦးသုမန၏ သာသနာပြုပို့ဆောင်ပေးမှုအစီအစဉ်များကြောင့်လည်း တပို့တွဲ၊ တပေါင်းပွဲတော် ရာသီများ



ကျောက်ဂူတံခါးရှေ့တွင် ကြိုတင်ရောက်ရှိနေကြသော ဘုရားဖူးများ

တွင် ဘုရားဖူးများ ရောက်လာမစဲ တသဲသဲနှင့် ရှင်မဟာကဿပ အမိဋ္ဌာန်အောင်မြေသာသနာ့ဌာနေတွင် တောတောင်နေရာအနှံ့ ပရိသတ်များ စည်ကားလျက်ရှိနေကြသည်။

တပို့တွဲလပြည့်နေ့ မနက်ပိုင်းတွင် တစ်မိုင်ခန့်ကွာဝေးသည့် အဇာတသတ်ကွင်းရှိ အဇာတသတ်မင်း၏ကောင်းမှု ဆုတောင်းပြည့်စေတီနှင့် လွမ်းစေတီမှပြန်ရောက်သည်နှင့် အကျိုးတော်ဆောင်ဝန်ဆောင်အဖွဲ့မှ ချက်ပြုတ်ကျွေးမွေးသည့် နံနက်စာ စားနေစဉ်

"နေ့လယ်မှာ ဆရာတော်တွေ ကျောက်လိုဏ်ဂူတံခါးရှေ့မှာ ရေသိမ်ဝင်ကြမယ်။ ၂၀၀၇ ခုနှစ်ကစပြီး မနှစ်ကထိ နှစ်နှစ်ဆက်တိုက် နေ့ခင်းမှာ ကျောက်ဂူတံခါးဟသွားတာ ထူးခြားမှုပဲဆရာကြီး။ ဒီနှစ်လည်း အဲဒီလိုပဲ ထူးဦးမလားဆိုပြီး လာကြမယ့် ဘုရားဖူးတွေ အများကြီး။ ကြိုတင်ပြီးစီစဉ်ထားဖို့ လိုတယ်။ မနှစ်ကဆို လူများလွန်းလို့ တံတားတောင်ကျိုးသွားတာ"

ဦးလှမြင့်က ရှေ့ပိုင်းနှစ်နှစ်ကအတွေ့အကြုံများရှင်းပြသည်။ သို့ဖြင့် ဦးလှမြင့်တူ ဇော်နိုင်နှင့် သန်းမောင်ကို ရိုက်ကူးရေးအတွက်

ကျောက်လိုဏ်ဂူတွင် မီးချိတ်ဆွဲထားရန် ကြိုတင်စီစဉ်စေရတော့သည်။ စိတ်တိုင်းကျရိုက်ကူးနိုင်ရန်အတွက် ကိုယ်တိုင်လည်း နေရာကြိုတင်စီစဉ်နိုင်ရန် နားနေ၍မရတော့။ ထမင်းစားပြီးသည်နှင့် ထွက်လာခဲ့ရတော့သည်။ တည်းခိုဆောင်များအလွန် တောင်ပိုင်ဘိုးဘိုးကြီးနန်းနှင့် ကိုးမြို့ရှင်နန်းကို မှတ်တမ်းရိုက်ရန်ဝင်လိုက်စဉ် တောင်ပိုင်ဘိုးဘိုးကြီးနန်း၌အသက်(၇၀)အရွယ်အဘွားကြီးတစ်ဦး၏ ဆုတောင်းသံက ထူးခြားနေသည်။

"တောင်ပိုင်ကြီးဘုရား သမီးတော်ကြီးချွေးနဲစာဒိနှစ်မှာအရှင်မြတ်ကြီးသီတင်းသုံးတဲ့ ကျောက်လိုဏ်ဂူထဲလျှူဒါန်းလိုပါသဖြင့် ယခင်နှစ်ကနှယ်ယခု နှစ်လည်း ကျောက်ဂူတံခါးလျှူလို့ရအောင် ဖွင့်ပေးတော်မူပါ"

ရွှေထည်ထည့်ထားပုံရသော ရတနာဘူးအနီလေးကိုင်ကာ တောင်ပိုင်ကြီးအား ဆုတောင်းနေသည့်အသံ။ တောင်ပိုင်ကြီးအပေါ်ယုံကြည်စိတ်နှင့် လျှူဒါန်းလိုသည့်သဒ္ဓါတရားကား အဘွားကြီး၏ မျက်နှာတွင် ပေါ်လွင်နေသည်။ မျက်လုံးအစုံတွင်လည်း မျက်ရည်များဝဲနေလျက်။ ကလေးငယ်တစ်ဦးက မိဘထံ လိုချင်သည်ကို ငိုယိုတောင်းနေသည့်နှယ်။


"ဆရာစိုးရေ. . . ဆရာတော်တွေ ရေသိမ်ကြွတော့မယ်"

ဝန်ဆောင်သံဃာတော်များ အဆောင်မှထွက်လာကြသဖြင့် သန်မောင်က သတိပေးလိုက်သည်။

အဘွားကြီး၏ဆုတောင်းသံတွင် နစ်မျောနေမိသဖြင့် ဗီဒီယိုမှတ်တမ်းရိုက်ရမည်ကိုပင် သတိမရလိုက်။ သန်မောင့်အသံကြောင့် တောင်ပိုင်ကြီးနန်းမှဆင်းလာကာ ကျောက်လိုဏ်ဂူဆီသို့ သုဘ်ခြေတင်ရတော့သည်။ ကိုယ်က ရှေ့မှကြိုတင်ရောက်ထား

ပြီး ဆရာတော်များကြွလာမှုကအစ ရိုက်ရမည်မဟုတ်ပါလား။

ကျောက်လိုဏ်ဂူဆင်းရာ လှေကားတစ်လျှောက်တွင် လူများစွာရှိနေသလို တောင်အောက်ခြေတွင်လည်းလူများစွာ။ ကျောက်လိုဏ်ဂူတံခါးရှေ့တွင်ဝန်ဆောင်အကျိုးတော်ဆောင် အဖွဲ့သံဃာများသိမ်ဝင်ရန်အတွက် သစ်သားကွပ်ပျစ် သဘောမျိုးနေရာတွင် တော့ရှင်းလင်းထားလျက်။ သို့သော် ကျောက်လိုဏ်ဂူသွားရာ လှေကားတစ်လျှောက်နှင့် ကျောက်လိုဏ်ဂူအတွင်းတွင် ဘုရားဖူးများ နေရာယူထားကြပြီ။



မကြာမီ တာဝန်ကျလုံခြုံရေးများရောက်လာကာ-


"ကျောက်လိုဏ်ဂူထဲမှာ ဆရာတော်တွေသိမ်ဝင်ကြမှာပါ။ အားလုံးအပြင်ထွက်ပေးကြပါ"

မေတ္တာရပ်ခံ ပြောကြားမှုကြောင့် ကျောက်ဂူတံခါးရှေ့တွင် ရှင်းသွားပြီ။ သို့သော် ကျောက်လိုဏ်ဂူအပြင်တွင်မူ ပရိသတ်များစွာ။


မကြာမီဆရာတော်ဦးသုမနဦးဆောင်သည့်ဝန်ဆောင်သံဃာတော်များကြွလာကာ ကျောက်လိုဏ်ဂူတံခါးရှေ့တွင် သိမ်ဝင်ရန်နေရာယူကြသည်။ ထို့နောက် ကျောက်လိုဏ်ဂူအတွင်း၌ စံမြန်းနေသည့် ရှင်မဟာကဿပမထေရ်မြတ်အား အာရုံပြုကာ ကန်တော့ကြပြီး သံဃာတော်အရှင်မြတ်များ ကမ္မဝါဖတ်ကြပြီ။

# ဆန်းကြယ်ဂမ္ဘီရဖြစ်ရပ်ဆန်း

ကျောက်လိုဏ်ဂူတံခါးရှေ့မှ ရေသိမ်ဝင်သည့်ပွဲအား မှတ်တမ်းရိုက်ကူးနေစဉ် အပြင်ဘက်မှပရိသတ်များအသံများနှင့်အတူ အထက်ဘက်ကျောက်နံရံများဆီ လက်ညှိုးထိုးသူထိုး၊ လက်အုပ်ချီသူချီ။




ဆရာတော် ဦးသုမနနှင့် ဝန်ဆောင်သံဃာများ ရေသိမ်ဝင်နေကြစဉ်



ကျောက်လိုဏ်ဂူကျောက်တံခါးရှေ့တွင် ဝန်ဆောင်သံဃာများ ရေသိမ်ဝင်နေကြစဉ်

**အချိန်က ၁၂း၁၅ နာရီ။**

ထူးခြားမှုတစ်ရပ်ဟု သိလိုက်သည်။ သို့ဖြင့် အပြင်သို့တိုးဝှေ့ထွက်လာပြီးထူးခြားမှုကိုလိုက်ရှာသည်။တွေ့ပါပြီ။ကျောက်လိုဏ်ဂူသို့အဝင် အပေါ်ဘက်ကျောက်နံရံတွင် အလင်းတန်းတစ်ခု။ နေရောင်ထိုးစရာမရှိဘဲ ထူးဆန်းစွာပေါ်လာသောအလင်းတန်း။ ကင်မရာဖြင့် အမိအရရိုက်ယူသည်။ အလင်းတန်းဆီသို့ ZOOM IN လိုက်သည်။ အလင်းလာရာလမ်းကို ကြည့်သည်။ နေရောင်ခြည်ပေလားဟု။ နေရောင်ခြည်အလင်းတန်း မတွေ့ရ။ ငါးမိနစ်



ခန့်အတွင်းမှာပင် အလင်းတန်းမှာ တဖြည်းဖြည်းမှိန်ကာ ပျောက် ကွယ်သွားသည်။

ဆရာတော်များလည်း ကျောက်လိုဏ်ဂူတံခါးရှေ့မှထွက်လာကြပြီ။ သိမ်ဆင်းလောင်းလှူကြမည့် ဘုရားဖူးများ ကျောက်ဂူရှေ့တွင်သာမက တောင်ပေါ်ပြန်အတက် သံမဏိလှေကားများ၌လည်း တန်းစီလျက်၊ အပေါ်စီးမှရိုက်နိုင်ရန် အပေါ်သို့ ပြေးတက်ကာရိုက်ရသည်။ ထို့နောက် စံကျောင်းတော်ရှေ့မှ ရိုက်ယူနိုင်ရန် စံကျောင်းရှေ့သို့အလာ ဘုရားဖူးပရိသတ်က တိုးမရလောက်အောင် များပြားနေပြီ။

ထိုစဉ် "အောက်မှာ ကျောက်ဂူတံခါးပွင့်သွားပြီတဲ့" ဟူသောအသံကြားရသည်။ တောင်အောက်သို့ဆင်းရန် ကြိုးစားရပြန်သည်။ သို့သော် လူအုပ်က တိုးမရ။

"တံတား ကျိုးသွားပြီ။ တောင်အောက်ဆင်းတာတွေ ပိတ်လိုက်ပါ" ဟူသောအသံနှင့်အတူ တောင်အောက်ဆင်းသူများကိုပိတ်လိုက်ကြသည်။

သို့သော် စိုးဟိန်းကတော့ တာဝန်အရ တာဝန်ရှိသူများအားအကျိုးအကြောင်းရှင်းပြကာ တောင်အောက်သို့ တိုးတိုးဝှေ့ဝှေ့ရအောင်ဆင်းရသည်။ ကျောက်လိုဏ်ဂူသို့ကူးသော တံတားကျိုးသွားပြီ။ တာဝန်ရှိသူများကလည်း တာဝန်သိတတ်ကြသည်။ ချက်ချင်းပင် သစ်သားများသယ်ကာ ပြင်နေကြသည်။

စိုးဟိန်းအနေဖြင့် ကျန်နေသည့်သစ်သားတန်းလေးပေါ်မှ အသာအယာနင်းကာ ကျောက်လိုဏ်ဂူသို့ကူးသွားသည်။

ကျောက်ဂူတံခါးပွင့်သွားခြင်း မဟုတ်ပါ။ လက်တစ်ဝါးခန့် ဟသွားခြင်းသာဖြစ်သည်။ ကျောက်ဂူတံခါးအဟကြားသို့ လက်



ကျောက်ဂူတံခါးအဟ အတွင်းသို့ လှူဒါန်းမှုအသီးသီး

ဝတ်ရတနာများ၊ ငွေစက္ကူများ၊ ရွှေငွေရတနာများ အလုအယက် ထိုးသွင်းလှူဒါန်းနေကြသည်။ တစ်ချိန်တည်းမှာပင် ကျောက်ဂူ တံခါးတွင် ရောင်ခြည်အလင်းတန်းထွက်လာသည်။ ဗီဒီယိုကင်မ ရာဖြင့် မှတ်တမ်းယူရန်ဖြစ်သော်လည်း အရေးကောင်းဒိန်းဒေါင်း ဖျက်ဆိုသကဲ့သို့ ကင်မရာဘက်ထရီအားက ကုန်သွားသည်။ ရိုက် ၍ မရတော့။ ဓာတ်ပုံကင်မရာဖြင့် ရိုက်သူကရိုက်နေကြသည်။ လက်ကိုင်တယ်လီဖုန်းဖြင့် ရိုက်သူကရိုက်ကြသည်။ ရိုက်ထားသူ များထံမှတောင်းယူရန်သာ စဉ်းစားရင်း မထေရ်မြတ်ကြီးအား အာရုံပြုကာ ပူဇော်ကန်တော့နေမိတော့သည်။

သိပ်မကြာလိုက်၊ ဂျိုင်းခနဲ အသံကြားလိုက်ရသည်။

“ကျောက်ဂူတံခါးကြီး ပိတ်သွားပြီ” အသံတွေ ထွက်ပေါ်လာ သည်။ ကြည့်လိုက်တော့ လက်တစ်ဝါးခန့်ဟနေသော ကျောက်ဂူ တံခါးနံရံကား ပကတိစေ့စေ့စပ်စပ်ဖြစ်သွားပြီ။ ထိုးထည့်ထား သော ငွေစက္ကူများပင် မတွေ့ရတော့။



ကျောက်လိုဏ်ဂူတော် ကျောက်တံခါး ပကတိအနေအထား

၂၀၀၇ခုနှစ်မှသည် ယခု ၂၀၀၉ ခုနှစ်ထိ တပို့တွဲလပြည့်နေ့တိုင်းထူးခြားဖြစ်စဉ်ဖြစ်ပေါ်နေသည်မှာ သုံးကြိမ် ရှိနေပြီ။

အဘယ်ကြောင့် သည်နေ့မှဖြစ်ရလေသနည်း။ တပို့တွဲလပြည့်နေ့သည် ရှင်မဟာကဿပ အာယုသင်္ခါရလွှတ်သောနေ့၊ ပရိနိဗ္ဗာန်စံဝင်သောနေ့။

"ရှင်မဟာကဿပလား"

"ပေါင်လောင်ရှင်ကဿပလား"

ပေါင်လောင်ရှင်ကဿပနှင့် တတိယမဟာသာဝက ရှင်မဟာကဿပတို့ သံသယပွား ငြင်းဆိုနေကြသော အငြင်းပွားစရာများအပေါ် -

"ငါသည် တပို့တွဲလပြည့်နေ့မှာ ပရိနိဗ္ဗာန်စံဝင်တော်မူသွားတဲ့ တတိယမဟာသာဝက ရှင်မဟာကဿပ"

ဟု အသိပေး နိမိတ်ပြသောအားဖြင့် တပို့တွဲလပြည့်နေ့တွင် သည်သို့ ထူးခြားမှုများပြနေလေရော့သလားဟု တွေးမိရ



သိမ်ဆင်းလောင်းလှူမှု ကုသိုလ်တော်မြင်ကွင်း

ပြန်သည်။

"ဒကာကြီးရ ထူးတာတော့ ထူးတယ်။ နောက်နေ့ အဲဒီအချိန်တွေမှာ ကျုပ်တို့ စောင့်ကြည့်တယ်။ ဘာအလင်းတန်းမှ မရှိဘူး။ နေရောင်ခြည်အလင်းတန်းဆိုရင် နောက်နေ့တွေလည်း ရှိရမယ်။ ကျန်တဲ့အချိန်လည်း ရှိရမယ်လေဗျာ"

ဆရာတော်ဦးသုမနက ကျောက်နံရံတွင် တပို့တွဲလပြည့်နေ့တိုင်း (၃)နှစ်ဆက်တိုက် ထူးခြားစွာပေါ်လာသော အလင်းတန်းနှင့်ပတ်သက်၍ ရှင်းပြသံက နားထဲကမထွက်။


မည်သို့ပင်ဖြစ်စေ တပို့တွဲလပြည့်နေ့၊ နေ့လယ် ၁၂ နာရီနှင့် ၁ နာရီကြား ကျောက်ဂူတံခါးဟခြင်း၊ အလင်းတန်းပေါ်ခြင်း၊ ရောင်ခြည်ထွက်ခြင်းတို့ သုံးနှစ်ဆက်တိုက် ထူးခြားစွာဖြစ်ပေါ်နေသည်ကား ဤသာသနာ့မြေ၏ ထူးဆန်းမှုတစ်ရပ်။ ဆန်းကြယ်ဂမ္ဘီရဟုပင် ဆိုရပေတော့မည်။

× × × × ×

# ထွန်းလင်းဖြာဝေ သာသနာ့မြေ

တပို့တွဲလပြည့်နေ့ည။ ဆီမီးကိုးထောင် ပူဇော်ကြသည်။ တစ်ဟောလုံး တစ်တောင်လုံး သာသနာ့အလင်းရောင် ဖြာဝေခဲ့ပြီ။ လပြည့်ည၏လနှင့် ဆီမီးရောင်ထိန်ထိန်လင်းနေသည့် ကိုးနဝင်းစေတီနှင့် ကဿပသာသနာ့မြေအလှကား မည်သည့်ပန်းချီမှ မမီနိုင်သော ပန်းချီကားတစ်ချပ်နှယ်။ ထွန်းလင်းဖြာဝေနေသည့် သာသနာ့မြေ၏အလှကျက်သရေကို ခံစားရင်း ကြည်နူးသာယာနေမိသည်။ မြို့ပြတွင် မခံစားနိုင်သော လပြည့်ည၏အလှဟုဆိုကလည်း မမှား။

နံနက်တွင် တောင်ပေါ်မှပြန်ဆင်းကြမည့် ဘုရားဖူးများအား ကျောက်မြောင်းစခန်းတွင် ကျွေးမွေးရမည့်တာဝန်ကြောင့် ချက်ပြုတ်ရေးတာဝန်ယူထားရသည့် အကျိုးတော်ဆောင်အဖွဲ့ကား ချောင်းမကြီးစခန်းသို့ ဆင်းသွားကြပြီး အေးချမ်းလှသည့် ရာသီ။ ရေတသွင်သွင်စီးနေသော ကျောက်မြောင်းစခန်း၏ ကျောက်ဆောင်ကျောက်တုံးများကြားတွင် မီးအလင်းရောင်မရှိ။




သဘာဝလရောင်အောက်တွင် ချက်ပြုတ်ကြမည့် အကျိုးတော်ဆောင်အဖွဲ့၏ သာသနာရေးအတွက် အားထုတ်ကြိုးပမ်းမှုများကိုလည်း မှတ်တမ်းတစ်ရပ်အနေဖြင့် ရေးသွင်းရပေဦးမည်။

ကဿပသာသနာမြေတွင် မီးကျည်မီးပန်းများ ပစ်ဖောက်သူက ပစ်ဖောက်။

မီးပုံးပျံလွှတ်သူက လွှတ်၊
ဆီမီးထွန်းသူများက ထွန်း၊
ပုတီးစိပ်သူက စိပ်၊
တရားထိုင်သူက ထိုင်၊
နံနက်အရုဏ်ပြန်ဆင်းရမည်မို့ အပြန်ခရီးတွက် ပြင်သူကပြင်၊
အစောအိပ်သူက အိပ်
ကိုယ့်အတွေးနှင့်ကိုယ်။ လှုပ်ရှားမှုက အမျိုးမျိုး။

စိုးဟိန်းကတော့ ထုံးစံအတိုင်း စံကျောင်းတော်ရှိ ကိုယ်စားရုပ်ပွားတော်ရှေ့နှင့် ကျောက်လိုဏ်ဂူတံခါးရှေ့တွင် အဓိဋ္ဌာန်တင်၊ ပုတီးစိပ်၊ တရားထိုင်၊ ဝေနေယျအပေါင်းအား မေတ္တာပို့

အမျှဝေ။

မဟာမြိုင်တောတွင်ရှိနေသော သူတော်စင်အပေါင်းထံမှလည်း မေတ္တာခံယူ။ ကုသိုလ်ကောင်းမှုအစုစုကို သက်သေ အမှုထားသစ္စာဆို။

ရွှေဖျိုင်းနားဆရာတော်ဘုရား၏ ဆုတောင်းအတိုင်း -

"မရှိစကား မကြားရ၊ ပေးပါစကား မပြောရဘဲ လောကအကျိုး၊ သတ္တဝါများအကျိုး၊ သာသနာအကျိုးသယ်ပိုးနိုင်သော သာသနာပြုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ရပါစေသား" ဟု. . . ။

တစ်ဆက်တည်းမှာပင် ဆုတောင်းနှင့်အတူ ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်၏ ဆုံးမဩဝါဒကို သတိရမိပြန်သည်။

"သူတကာထက် ထူးချင်ရင် ထူးထူးကဲကဲကျင့်ရမယ်။ အကျင့်ထူးမှ ပုဂ္ဂိုလ်ထူး။ အကျင့်ထူးမှ အသိထူးရမယ်"

ပုဂ္ဂိုလ်ထူးဖြစ်ရန် ဆုတောင်းရုံနှင့်တော့မဖြစ်နိုင်သေး။ ထူးထူးကဲကဲ ကျင့်ကြံအားထုတ်နိုင်ရန်လည်း လိုပေဦးမည်။ ပုတီးလေးကိုးပတ်စိပ်၊ နာရီဝက်လောက် တရားထိုင်ရုံနှင့်တော့ မည်သို့မျှ အသိထူးမရနိုင် သူလိုကိုယ်လို ပုတီးစိတ်၊တရားထိုင်ရုံသာ ဖြစ်၍ သူလိုကိုယ်လိုအဆင့်သာရှိမည်။

"သူလိုကိုယ်လိုနေ၊ သူလိုကိုယ်လိုစား သူလိုကိုယ်လိုကျင့်နေရင် သူလိုကိုယ်လိုသေပြီး၊သူလိုကိုယ်လိုရောက်တဲ့နေရာပဲရောက်မှာ" ရွှေပေါ်ကျွန်းဆရာတော်ဘုရား၏ ဆုံးမဩဝါဒ စကားက နားထဲက မထွက်။

သူတကာထက် ထူးထူးကဲကဲကျင့်ကြံအားထုတ်မှ သူတကာထက်ထူးတဲ့ အသိထူးကိုရမယ်။ အသိထူးရအောင် ထူးထူးကဲကဲကျင့်ရဦးမှာ ပါလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရပြန်သည်။

# သာသနာအောင်မြေမှအပြန်

“တောင်ပေါ်မှဆင်းကြမည့် ဘုရားဖူးများ နံနက်အရုဏ်အလင်းလာမှသာ တောင်ပေါ်မှဆင်းကြပါရန်နှင့် ညပိုင်းတွင်တောင်ပေါ်မှမဆင်းကြရန် ဝန်ဆောင်ဆရာတော်များက သတိပေးမိန့်ကြားအပ်ပါတယ်”

အနယ်နယ်အရပ်ရပ်မှ စရိုက်အမျိုးမျိုး၊ စိတ်အထွေထွေ၊ ပုံစံအသွယ်သွယ်၊ ရည်ရွယ်ချက်အသီးသီးဖြင့် ရောက်လာကြသည့် ဘုရားဖူးဝေနေယျအပေါင်းအား အုပ်ချုပ်ရသည့် အကျိုးတော်ဆောင်ဝန်ဆောင်ဆရာတော်များတာဝန်ကလည်းမသေးလှ။

တချို့က ညကတည်းက တောင်အောက်ရှိ ကားစခန်းဆီသို့ သွားလိုကြသည်။

တချို့ကလည်း မနက်လင်းမှသွားလိုကြသည်။



အပြန်ခရီး ချောင်းပကြီးစခန်းတွင် တစ်ထောက်နား စားသောက်

တချို့ကလည်း အရုဏ်နံနက်အစော သွားလိုကြသည်။

ကိုယ့်အစီအစဉ်နှင့်ကိုယ် ဆင်းရမည်ဖြစ်သဖြင့် ကိုယ့်စိတ်ဆန္ဒနှင့် ကိုယ်။

သို့သော် မည်သို့ပင်သွားသွား ကားစခန်းတွင် စုရပ်အဖြစ်ဆုံကြပြီး လူစုံမှသာ အလာကနှယ် ကိုယ့်ကားနံပါတ်နှင့် ကိုယ်တစ်စုတစ်ဝေးတည်း ပြန်ကြရမည်ဖြစ်သည်။ နံနက်အစောကိုမူ ချောင်းမကြီးစခန်း၌ ကျွေးမွေးမည်ဖြစ်ရာ ချောင်းမကြီးစခန်းတွင်လည်း ခရီးတစ်ထောက်နားရဦးမည်။

စိုးဟိန်းတို့ရိုက်ကူးရေးအဖွဲ့ကိုမူ ဆရာတော်ဦးသုမနက ဂျစ်ကားတစ်စီး သီးသန့်ပေးထားသည့်အတွက် ကိုယ့်အစီအစဉ်နှင့်ကိုယ် သွားနိုင်သည်။ သို့သော် အရုဏ်အလင်းလာမှ တောင်ပေါ်မှဆင်းရန် ဦးလှမြင့်နှင့်စီစဉ်ထားသည်။

ကားစခန်းသို့ဆင်းရမည်က ခြေလျင်ခရီးဖြစ်သည်။

အလင်းရောင်က “လ” အလင်းရောင်သာရှိသည်။ လမ်းက တောင်ဆင်း တောင်တက်။ ကိုယ်မကျွမ်းသော ခရီးလမ်း။ ခလုတ်ကန်သင်းများ ရှိနိုင်သည်။ ကျောက်တုံးကျောက်ခဲများလည်း ရှိသည်။ မမြင်မကန်း ဝိုးတဝါးအလင်းရောင်တွင် ချော်လဲနိုင်သည်ကိုတွက်ရမည်။

သို့ဖြင့် မနက်အစောအရုဏ်တွင် ဦးလှမြင့်၏ ဇနီးဒေါ်အုန်းကြည်က ပစ္စည်းများကိုဆင်ဖြင့်သယ်သည်။

စိုးဟိန်း၊ ဦးလှမြင့်၊ သန်မောင်နှင့် ဇော်နိုင်ကတော့ ရိုက်ကူးရေးကင်မရာပစ္စည်းများနှင့်အတူ ဆင်းကြပြီ။ ရာသီက အေးအေးမြမြ။အရုဏ်အလင်းတွင်သဘာဝတောတောင်အလှကပသာဒမြင်ကွင်းတွင် ဆန်းနေသည်။ ပူလောင်သော မြို့ပြအလှနှင့် ဆန့်ကျင်ဘက် ရှားပါးလှသော သဘာဝအလှ။ အေးချမ်းစေသည့် အေးမြသောအလှ။ သဘာဝတရား၏အလှ။ ရင်အေးပြီး စိတ်ကြည်လင်စေသည့် အလှအေး။ မျက်စိအမြင်တွင် လှနေသော်လည်း လိုအပ်သောအလင်းမရှိသဖြင့် ကင်မရာဖြင့်တော့ ရိုက်၍မရနိုင်ခဲ့။

ကားစခန်းတွင် တော်တော်များများရောက်နေကြပြီ။ စားသောက်ဆိုင်များတွင် စည်ကားနေပြီ။ မည်သို့ပင်ဖြစ်စေ ဆရာတော်နှင့်အဖွဲ့ ရောက်လာသည်ထိစောင့်ကြရပေဦးမည်။

သို့သော် စိုးဟိန်းတို့ကား ချောင်းမကြီးစခန်းမှ ကြိုတင်စောင့်ကာ နောက်မှဆင်းလာကြမည့် ကားကာန်းကြီးများနှင့် ကျောက်မြောင်းစခန်းတွင် စားသောက်မှုကို ရိုက်ရမည့်အတွက် ချောင်းမကြီးစခန်းသို့ ကြိုတင်ဆင်းသွားကြသည်။

ရေတသွင်သွင်စီးဆင်းနေသော ကျောက်တုံးကျောက်ဖျာ

များတွင် ထင်းမီးဖြင့် ချက်ပြုတ်နေကြသည့် ချက်ပြုတ်ရေးအဖွဲ့ကို တွေ့ရသည်။ ဘုရားဖူးခရီးသွား တစ်ပြုံတစ်မကြီးအတွက် သဘာဝရာသီအအေး ဒဏ်ကို မီးဖိုလှုံရင်း ချက်ပြုတ်နေကြမည့် ထမင်းချက် အဖွဲ့၏ဒုက္ခကို စာနာတွေးတောမိလိုက်သည်။

မကြာမီ ကားဟွန်းသံများကြားရသည်။ တောင်ဆင်းတောင်တက် အကွေ့အပတ်လမ်းပေမို့ ကားဟွန်းသံများပေး၍ ဆင်းလာကြခြင်း။ (၄၂)ကြိမ်မြောက် အလောင်းတော်ကဿပဘုရားဖူးအဖွဲ့၏ မှန်လုံကားတန်းကြီးကို မြင်ရပြီ။ တစ်စီးပြီး တစ်စီးဆင်းလာကြသည်။ ရေမျှားစီးဆင်း၊ ကျောက်ဖျာကျောက်တုံးများကြားတွင် ကားတန်းကြီးက သဘာဝအလှပန်းချီကား။

ယာဉ်များရပ်နားသည်နှင့် ဘုရားဖူးများဆင်းလာကာ ကျွေးမွေးရာနေရာတွင် ထုံးစံအတိုင်း တန်းစီနေရာယူ။ ဧည့်ခံ ကျွေးမွေးသည့် ဘဲဥဟင်းနှင့် ငါးပိကြော်ကို နှစ်ခြိုက်စွာစားကြသောက်ကြ။ ချောင်းမကြီးစခန်းတွင် မနက်စာ စားသုံးနေကြသည့် မြင်ကွင်းကလည်း ကျောင်းသားဘဝ ပျော်ပွဲစားထွက်ခဲ့ကြသည်ကို သတိရစရာ။

စားသောက်ပြီးကြသည်နှင့် ရှေ့ခရီးဆက်ကြတော့မည်။ သည်ခရီးက အပြန်ခရီး။ ဖိုလ်ဝင်တောင်ထိ တိုက်ရိုက်သွားကြမည်။ ဖိုလ်ဝင်တောင်တွင် မနက်စာစားပြီးနောက် နောက်တစ်နေ့တွင် မန္တလေးသို့ကူးကာ ကိုယ့်အရပ် ကိုယ့်ဒေသသို့ မီးရထားနှင့်ပြန်လိုသူပြန်၊ ကားဖြင့် ခရီးဆက်လိုသူဆက်။

တစ်နှစ်တစ်ရာသီ၏ တပို့တွဲလခရီးစဉ်ကား အောင်မြင်စွာပြီးဆုံးခဲ့ပြီ။

သည်ခရီးစဉ် လိုက်ပါလာသူဘုရားဖူးများထဲတွင် အဝိဋ္ဌာန်



အသီးသီးနှင့် ဆုတောင်းအမျိုးမျိုးတောင်းကြသူများ ပါလာကြမည်။ မည်သူတွေ မည်သို့အကျိုးထူး၍ အလောင်းတော်ကဿပ သာသနာအတွက် မည်သို့အကျိုးပြုလှူဒါန်းကြလေဦးမည်နည်း။ ထူး၍လည်း ဤလမ်းခရီးအား ခက်ခဲစွာလာခဲ့ကြခြင်းဖြစ်သည်။

မည်သို့ဖြစ်စေ ထူးသည့်သာသနာ့မြေနှင့် ပါရမီထူးကြသည့် ဝေနေယျများ ဆက်လက်၍ထူးနေကြဦးမည်သာ။ အလောင်းတော်ကဿပသာသနာလည်း ဆက်လက်ထူး၍ ဆက်၍ထွန်းလင်းနေဦးတော့မည်ကို အကြွင်းမဲ့ယုံကြည်နေမိပါသည်။

# ကဿပရှင်းတမ်း

"အလောင်းတော်ကဿပ" ဟု စဉ်ဆက်ခေါ်ဆိုခဲ့ကြသည့် အစဉ်အလာအရ အလောင်းတော်ကဿပဟုသာ အသိများ နှုတ်ကျိုးနေကြသည်။

ဤအခေါ် ဤအသုံးကို စိုးဟိန်းအနေဖြင့် နားအကြားအရ အတွေးမှားစရာဟု ခံစားရသည်။ အလောင်းတော်ဟူသည် မဖြစ်သေးသောဘဝ၊ လောင်းလျာဟု နားလည်ကြသည်။ သို့အတွက် အလောင်းတော်ကဿပဟုခေါ်ဆိုနေကြခြင်းသည် ကဿပလောင်းလျာဘဝ၊ ကဿပမဖြစ်သေးသောဘဝဟုလည်း နားလည်နိုင်သည်။ ထို့ကြောင့် အလောင်းတော်ကဿပဟု ခေါ်ဆိုသုံးနှုန်းနေခြင်းသည် ကဿပမဖြစ်သေးသောဘဝတစ်ခု သို့မဟုတ် ပိပ္ပလိလုလင်လေလားဟုလည်း အဓိပ္ပာယ်ယူဆနိုင်သည်။

စင်စစ် အလောင်းတော်ကဿပသည် ကဿပမထေရ်မြတ်၏ ရုပ်အလောင်းတော်၊ တစ်နည်းအားဖြင့် ကဿပမထေရ်မြတ်၏ရုပ်ကလာပ်တော်ကို ရည်ညွှန်းဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် "အလောင်းတော်ကဿပ" ဟုခေါ်ဆိုမည့်အစား "ကဿပရုပ်အလောင်းတော်" သို့တည်းမဟုတ် "ကဿပရုပ်ကလာပ်တော်" ဟုခေါ်ဆိုကြလျှင် အဓိပ္ပာယ်ဒွိဟ နားလည်မှု လွဲစရာ အကြောင်းမရှိနိုင်တော့ဟု စိုးဟိန်း အတွေးအမြင်ရှုထောင့်မှ သုံးသပ်မိရပြန်သည်။

ခေါ်ဝေါ်သုံးနှုန်းမှုပြောင်းခြင်း၊ မပြောင်းခြင်းကား စိုးဟိန်းထက် အသိဉာဏ်အမြင်ကျယ်သော ပညာရှင်များ၏အပိုင်းသာဖြစ်သည်။ စိုးဟိန်းအနေဖြင့် စိုးဟိန်းအတွေးအမြင်ကို ဘောအမြင်ပရိသတ်တစ်ဦးအနေဖြင့် တင်ပြရခြင်းသာဖြစ်ပါသည်။ (ဤအကြောင်းအရာကိုလည်း နေလဂျာနယ် ၂၀၀၉ ခုနှစ်၊ ဇွန်လထုတ်တွင် ဆောင်းပါးအနေဖြင့် ရေးခဲ့ဖူးပါသည်။)

× × × × ×

အလားတူ"အလောင်းတော်ကဿပ" ဟူ၍သာပြောနေကြသည်။သည်"ကဿပ"သည်မည်သည့်"ကဿပ"ဖြစ်သနည်း။

အများအနေဖြင့် ဂေါတမမြတ်စွာဘုရားရှင်လက်ထက်ခုတင်ဧတဒဂ်ရ "တတိယမဟာသာဝက ရှင်မဟာကဿပ" ဟုယူဆသတ်မှတ်ယုံကြည်ကြသည်။

သို့သော် အချို့က "ပေါင်လောင်ကဿပ" ဟုဆိုကြပြန်သည်။

ဤနေရာတွင် (၂၆-၁၀-၂၀၀၉) ထုတ် FAVOURITE NEWS ဂျာနယ်စာမျက်နှာ ၁၆ တွင် မုံရွာမိဒီယာရေးသားသည့်

အလောင်းတော်ကဿပနှင့်စပ်လျဉ်း၍ဟူသော ဆောင်းပါး၌ -

"မုံရွေးဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း သုံးသပ်ရေးသားထားပါသည် -

ပေါင်လောင်အရှင်မဟာကဿပ

ပေါင်လောင်အရှင်မဟာကဿပမထေရ်လည်း ကျောက်ရစ်ပရိမ္မ၊ အနိမ့်၊ အမြင့်နှင့် မြေတူး၊ ယောမြို့မြင်မှ စသည်တို့၌ (၃၇) ဆူသောဘုရားတို့ကို တည်တော်မူ၏။ ပျံလွန်ရာအရပ်ကိုလည်း အရှင်မဟာကဿပသချိုင်းတော်ဟူ၍ တွင်ရစ်ခဲ့၏။ ဆင်ယင်မြို့ဘုန်းကြီးက အုဋ္ဌ်ကို အလောင်းထုလုပ်၍ထားသည်ကို မပြတ်ပင်ဖူးမြော်မည်ဟု သွားကြ၏။

ယခုအခါ လူအချို့က သာကေတအဝင်တွင် မဟာကဿပအလောင်းတော်ပင် တောင်သုံးလုံးကြားမှာရှိသည်ဟူသော ဥဒါန်းစကားကိုမှီ၍ ရဟန္တာအရှင်မြတ် သချိုင်းတော်ပင်ဖြစ်သည်ဟူ၍ ထင်မှတ်ကြ၏။ မိုးညှင်းလက်ထက် အညာမိုးညှင်းသားတို့ကို တွင်းသင်းတိုက် ကပိုင်မြေတွင်ထား၍စောင့်ရှောက်စေ၏။

သက္ကရာဇ် ၁၁၂၈ ခု၊ အတုလဆရာတော် ဘုရားရှိခိုးသွား သောနှစ်၊ ထိုကပိုင်သားတို့ အဇာတသတ်မင်းကြီး လှူခဲ့သော ဟန်ကျောက်စာ ရေးထိုးထားခဲ့လေသော် မုချပင် အရှင်မဟာကဿပအလောင်းမှန်ပြီဟူ၍ အထင်ရှိကြသည်။ အမရပူရမြို့တည်မင်းတရားလက်ထက် ကျောက်စာ အသစ်ရေးထိုးရာတွင်လည်း အတုလဆရာတော်စကားကိုအခိုင်စွဲ၍ နေကြချေပြီ။

## အလောင်းတော်ကဿပနှင့် ကဿပသချိုင်းတော်သည် သီးခြားစီရှိနေပေလိမ့်မည်ဟု တွေးဆယူဆနိုင်ပေသည်။

အထက်ပါအတိုင်း မုံရွေးဆရာတော်ဘုရားကြီးက ပုံတောင်ပုံညာမဟာရာတောင်တန်း ပရိနိဗ္ဗာန်ပြု ရဟန္တာအရှင်မြတ် အလောင်းတော်ကဿပနှင့်စပ်လျဉ်း၍ သုံးသပ်ရေးသားထားခဲ့ပါသည်။

ဟူ၍ ရေးသားဖော်ပြထားခဲ့ပါသည်။

FAVOURITE NEWS ဂျာနယ် မုံရွာမီဒီယာ၏ဆောင်းပါးပါ အထက်ပါစာပိုဒ်အရပင် ပေါင်လောင်ရှင်ကဿပ ပရိနိဗ္ဗာန်ပြုရာအရပ်သည် ကဿပသချိုင်းတော်ဟု တွင်ခဲ့သည်မှာထင်ရှားပေပြီ။ ကဿပသချိုင်းတော်မှသည် အလောင်း တော်ကဿပဟူ၍ ပြောင်းလဲခေါ်တွင်မှုကို မတွေ့ရှိရ။ သို့အတွက် အလောင်းတော်ကဿပနှင့် ကဿပသချိုင်းတော်သည် သီးခြားစီရှိနေပေလိမ့်မည်ဟု တွေးဆယူဆနိုင်ပေသည်။

အလားတူ ထိုဆောင်းပါး၌ပင် ပေါင်လောင်ရှင်ကဿပ၏ သာသနာပြုမှုများကိုဖတ်ရှုရာ ပေါင်လောင်ကဿပသည် ပုဂံ၌မင်းနန်သူဘုရားအနီးသိတင်းသုံးသာသနာပြုစဉ်မထေရ်ကျောင်း၊ မင်းနန်သူဘုရား၊သိမ်၊ပိဋကတ်တိုက်တို့ကို တည်ဆောက်ခဲ့ကြောင်း သိရသည်။ ထို့အတူ ပုဂံမှ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်တောကျောင်းကြီးသို့ ကြွရောက်သိတင်းသုံးစဉ် ပုဂံမင်းနန်သူဘုရားကျောင်းအတိုင်း မထေရ်ကျောင်း၊ ဘုရား၊ သိမ်၊ ပိဋကတ်တိုက်၊ ရွှေဂူကြီး ဘုရားကျောင်းတည်ဆောက် သာသနာပြုခဲ့ကြောင်း သိရပြန်သည်။ ထိုမှတစ်ဆင့် ပေါင်

လောင်ရှင်ကဿပသည် မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ တော ကျောင်းကြီးမှ ချင်းတွင်းမြစ်ကိုဖြတ်ကာ ဖိုးငံတောကျောင်း၊ တုံရွာ တောကျောင်း၊ ယင်းမာပင်မြို့နယ်၊ ကျောက်ဖြတ်ရွာ၊ ရေပုတ်ရွာ၊ ဖိုလ်ဝင်တောင်၊ မင်းစုရွာတောကျောင်းများမှ ယောနယ်သို့ ထွက်ခွာလာပြီးပုံတောင်ပုံညာမဟူရာတောင်တွင်တောရဆောက် တည်ပရိနိဗ္ဗာန်ပြုသွားကြောင်း ဖတ်မှတ်ရပြန် သည်။

ထိုဖော်ပြချက်အရ ပေါင်လောင်ရှင်ကဿပသည် သီတင်း သုံးရာအရပ်၌ ဘုရား၊ ကျောင်း၊ သိမ်တည်ဆောက် သာသနာ ပြုတတ်သည်ကို သိရှိရသည်။ အကယ်၍သာ အလောင်းတော် ကဿပလိုဏ်ဂူတော်သည် ပေါင်လောင်ရှင်ကဿပ ပရိနိဗ္ဗာန် နေရာအရပ်ဖြစ်ရိုးမှန်ပါလျှင် ထိုဝန်းကျင်တွင် ပေါင်လောင်ရှင် ကဿပ၏ သာသနာပြုသာသနိကအဆောက်အဦး ရှိနိုင်ပေ လိမ့်မည်ဟု တွေးဆမိပြန်သည်။

သို့သော် အလောင်းတော်ကဿပတွင် တတိယသာဝက ရှင်မဟာကဿပနှင့် ဆရာဒကာဖြစ်သော အဇာတသတ်မင်း၏ ကောင်းမှုတော်များသာ တွေ့နေရသည်မှာ ပေါင်လောင်ရှင် ကဿပသချိုင်းတော်ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားတွေးဆစရာဖြစ် လာရသည်။ အဇာတသတ်မင်းနှင့်ဆက်စပ်သည်မှာ တတိယ သာဝကကြီး ရှင်မဟာကဿပသာဖြစ်သည်မှာ သမိုင်း၌လည်း ထင်ရှားပါသည်။

ထိုကဲ့သို့ပင် မုံရွာမီဒီယာဆောင်းပါးဖော်ပြချက်အရ ပေါင် လောင်အရှင်ကဿပသည် ယောနယ်၊ ထီးလင်းမြို့ စီရင်စု ပေါင်း လောင်းရွာ (ယခု ပေါက်မြို့နယ်၊ ညောင်ဝန်ရွာ) သားဖြစ်သည်။ ပုဂံနေပြည်တော် ပုံသကူမထေရ် အရှင်သီလဗုဒ္ဓိထံ ပရိယတ်

ပဋိပတ်များသင်ကြားခဲ့ယူသည်။ နရသူမင်းလက်ထက် ပုံသကူ မထေရ်နှင့် နရသူမင်း မသင့်မတင့်ဖြစ်၍ ရှင်မဟာကဿပ ပေါင်လောင်ရှမ်းတို့ထံ ကြွရောက်သီတင်းသုံး သာသနာပြုသည်ဟု ဖတ်မိသိရှိရသည်။

သို့သော် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတုတ္ထအကြိမ်ထုတ်ဝေသော ပုပ္ပါးသာသနာပြုဆရာတော် အရှင်ကဝိန္ဒ (ပုပ္ပါး)၏ အလောင်းတော်ကဿပသမိုင်းသစ်စာအုပ်တွင် ပေါင်လောင်ရှင်ကဿပသည် သလ္လာဝတီခေါ်တွင်သော ချင်းတွင်းမြစ်၏အနောက်ဘက် မနုသီဟမင်းတည်ထောင်သော ကူးခန်းကြီးမြို့၊ ယခု ပခုက္ကူခရိုင်၊ ပခန်းကြီးမြို့ဇာတိ ဖြစ်ကြောင်းသိရသကဲ့သို့ သက္ကရာဇ် ၅၃၆ခုနှစ်တွင် နန်းတက်တော်မူသော နရပတိစည်သူမင်းလက်ထက် သီလသီတင်း သန့်ရှင်းဖြူစင်သည့် ပုံသကူဆောင် ထင်ရှားသောမထေရ်တစ်ပါးဟု မှတ်သားရပြန်သည်။

ထိုကဲ့သို့ပင် ပေါင်လောင်ရှင်ကဿပ၏ဇာတိ ကူးခန်းကြီးမြို့၊ ဂူနီနတ်ဝင်အရပ်သို့ ပေါင်လောင်ရှမ်းတို့ ဖျက်ဆီးလေသော် မယ်တော်မှာ ပဋိသန္ဓေရင့်မာစွာဖြင့် ပေါင်လောင်ရှမ်းတို့ ယက်ဝယ်ပါရကြောင်း -

"မာတာမယ်ရှင်၊ မြတ်သခင်ကို၊ ဝမ်းတွင်းဇာတိ၊ ရင့်မာဘိသား၊ ရှိသည့်နှစ်သာ၊ ကြုံဆဲခါဝယ်၊ မိစ္ဆာရောင်ရမ်း၊ ပေါင်လောင်ရှမ်းတို့၊ ယူဖမ်းသွားရာ၊ မိမာတာသော်၊ ပူဆာဒုက္ခ၊ နွမ်းနယ်ဘိလျက်၊ မချိအောင်ပင်၊ မြတ်သခင်ကို၊ ဝမ်းတွင် ပိုက်ကာ၊ လိုက်ရရှာသည်၊ ကြမ္မာဝိပါတ်မကင်းတည်း" ဟူ၍ ပညာရှိများ စပ်ဆိုခဲ့သောလင်္ကာဖြင့် ဖော်ပြခဲ့သည်။

အလားတူ စာမူခွင့်ပြုချက်၉၆/၂၀၀၄ (၂)အရ ၂၀၀၄ခုနှစ်

တွင် ထုတ်ဝေခဲ့သော ဦးစိုးထွန်း(မဟာဝိဇ္ဇာ)စုစည်းတင်ပြသည့် ပေါက်မြို့နယ် ရွှေမုဋ္ဌော၊ ရွှေပေါင်လောင်၊ ဘုရားသမိုင်း၌လည်း ပေါင်လောင်းရှင်ကဿပ၏ ဇာတိမှာ ရေစကြိုမြို့နယ်၊ ကူနီအရပ် (ကိုကြီးကျော်နန်းစိုက်ရာအရပ်)ဟု ဖော်ပြထားပြီး ပေါင်လောင် ရှင် ကဿပ၏ မယ်တော်မှာ ပဋိသန္ဓေ ရင့်မာစွာနှင့် ပေါင်လောင် ရှမ်းတို့ လက်တွင်းသို့ ပါရှိသွားလေသည်ဟု ဖော်ပြထားပါသည်။

သို့အတွက် ဇာတိခြားနားမှုကွဲများဖြစ်နေကြသည့် ပေါင် လောင်ရှင်ကဿပ၏ သမိုင်းကြောင်းအမှန်ကိုပင် စိစစ်ဖော်ထုတ် ကြရန် တာဝန်တစ်ရပ်ရှိနေပါသေးပါလားဟူသော အတွေးဝင် လာရပြန်သည်။

× × × × ×

အလောင်းတော်ကဿပသည် တတိယမဟာသာဝက ရှင်မဟာကဿပဟုပဲ ယုံကြည်ယုံကြည်၊ ပေါင်လောင်ရှင်ကဿပ ဟုပဲ အာရုံပြုပြု နှစ်ပါးစလုံးသည် သီလ၊ သမာဓိစင်ကြယ်မြင့် မြတ်ကြသော မထေရ်မြတ်များသာဖြစ်ကြပါသည်။ ကုသိုလ်ရကြ မည်မှာ မလွဲပါ။

သို့သော် ဦးထိန်ဝင်းအမည်ရှိ ကျွန်တော်၏ ဓမ္မမိတ် ဆွေတစ်ဦးအား အဂ္ဂိရတ်နှင့်ပတ်သက်၍ ကျွန်တော့်တွင်ရှိသော ဓာတ်လုံးတစ်လုံးကိုပြသပြီး -

"ဒီဓာတ်လုံး အခြေအနေပြောပြပါဦး" ဟု မေးလိုက်ရာ -

"အိမ်ရှေ့မင်းနဲ့ပေါင်းမှ မင်းဆရာဖြစ်မှာပေါ့ ဒါရိုက်တာကြီး ရယ်" ဟု ရယ်ရယ်မောမော ပြောဆိုလာသည်။

သဘောပေါက်သွားပါသည်။ ကျွန်တော်၏ ဓာတ်လုံးမှာ သွပ်လုံးသာဖြစ်ပါသည်။ ရွှေမကျွေးရသေးပါ။

"အိမ်ရှေ့မင်းနှင့်ပေါင်းမှ မင်းဆရာဖြစ်မည်" ဆိုသကဲ့သို့ သွပ်နှင့်စခန်းသွားနေလျှင် သွပ်နှင့်ထိုက်တန်သော သိဒ္ဓိသာရပေမည်။ ရွှေနှင့် စခန်းသွားမှသာ ရွှေနှင့်ထိုက်သော သိဒ္ဓိရပေမည်မဟုတ်ပါလား။

ထိုကဲ့သို့ပင် အကျင့်သီလပြည့်စုံစင်ကြယ်သော မထေရ်နှစ်ပါးမှန်သော်လည်း ဘုရားရှင်လက်ထက်မှုကင်ဇတေဂ်တတိယမဟာသာဝက ရှင်မဟာကဿပ၏ဘုန်းတန်ခိုးနှင့် ပေါင်လောင်ရှင်ကဿပ၏ဘုန်းတန်ခိုးယှဉ်ကြမည်ဆိုလျှင် ဝါတော်အရပင်ခြားနားလွန်းလှပေပြီ။ ဦးထိန်ဝင်းစကားနှင့် ပြောမည်ဆိုပါက မင်းဆရာဖြစ်လိုပါက အိမ်ရှေ့မင်းနှင့်သာ ပေါင်းကြရပေမည်။

× × × × ×

ထိုကဲ့သို့ပင် အလောင်းတော်ကဿပသည် မြတ်စွာဘုရားရှင်လက်ထက် မှုတင်ဆောင် ဇတဒဂ်ဘွဲ့ရ တတိယမဟာ သာဝက ရှင်မဟာကဿပမထေရ်မြတ်ဖြစ်ကြောင်း အကျင့်ထူးကျင့်ကြံအားထုတ်ပွားများရာမှ အသိထူးရကာ သိဒ္ဓိထူးများ ရကြသည့်သူတော်စင်ပုဂ္ဂိုလ်များထံမှ ကြားသိခဲ့ရသည်လည်းရှိသည်။

ထို ပုဂ္ဂိုလ်ထူးများထဲတွင် ရဟန်းပုဂ္ဂိုလ်များပါသလို လူပုဂ္ဂိုလ်များလည်းပါဝင်ကြပါသည်။ ထိုပုဂ္ဂိုလ်ထူးများသည် ဘုရားရှင်၏တရားဒေသနာကို သူလိုကိုယ်လို ကျင့်ကြံအားထုတ်ပွားများခဲ့ကြခြင်းမဟုတ်။

ငါးလတိုင်တိုင် ထိုင်ရာမထ၊ ကျိန်းစက်ခြင်းမရှိ ဆွမ်း လည်းမစား၊ ကုဋိမသွား ထူးထူးကဲကဲ ကျင့်ကြံအားထုတ်ခဲ့ကြသည့်ရဟန်းပုဂ္ဂိုလ်များ။ သရဏဂုံကို နေ့ညမပြတ်ပွားများ၊ ဘုရားဂုဏ်တော်တစ်ပါးလျှင် ရှစ်သောင်း လေးထောင်၊ ဂုဏ်တော်ကိုး

ပါး ခုနစ်သိန်းငါးသောင်းခြောက်ထောင်ကို အဓိဋ္ဌာန်ဖြင့် ကျင့်ကြံ အားထုတ်ပွားများခဲ့ကြသည့် ရဟန်းသူတော်စင်များ၊ တောကိုး တောတောင်ကိုးတောင် မြစ်ဆိပ်ကိုးဆိပ်တွင် အဓိဋ္ဌာန်ဖြင့် ကျင့် ကြံအားထုတ်၊ သင်္ချိုင်း(၉၉)သင်္ချိုင်းတွင် ကမ္မဋ္ဌာန်းတရား အား ထုတ်ပွားများခဲ့ကြသည့် ပုဂ္ဂိုလ်မြတ်များ။

ထိုကဲ့သို့ သူတကာထက် ထူးထူးကဲကဲ ကျင့်ကြံအားထုတ်ခဲ့ ကြသဖြင့် သူတကာထက်ထူးထူးကဲကဲသိမြင်ကာသူတကာထက် ထူးသော သူတော်စင်ပုဂ္ဂိုလ်များ၏ မိန့်ကြားစကားကို ယုံကြည် မှုဖြင့် အလောင်းတော်ကဿပအား တတိယမဟာသာဝက ရှင် မဟာကဿပအမှတ်ဖြင့် စိတ်တွင် အာရုံထား၍ ယုံကြည်သဒ္ဓါ ကုသိုလ်ပွားရှိခိုးပူဇော်နေကြခြင်းဖြစ်သည်။

စင်စစ် ကျွန်တော်တို့နိုင်ငံတွင် ဆံတော်ရှင်ကျိုက်ထီးရိုးကဲ့သို့ ထူးခြားဆန်းကြယ် တန်ခိုးထင်ရှားသည့်ဘုရား အပါအဝင် မန္တလေး မဟာမြတ်မုနိနှင့် ရွှေတိဂုံစေတီတော်မြတ်ကဲ့သို့ ဂုဏ်ယူ ဝင့်ကြွားစရာ တန်ခိုးကြီးထင်ရှားသည့် ဘုရားစေတီများကြောင့် ဗုဒ္ဓဘာသာနိုင်ငံများအလယ်တွင် မြန်မာသည် ထင်ရှားနေရ သည်။

ယခုတစ်ဖန် ဘုရားရှင်လက်ထက်တော်က ထင်ရှားခဲ့သည့် ပထမသင်္ဂါယနာတင် တတိယမဟာသာဝက အရှင်မဟာ ကဿပ၏ရုပ်ကလာပ်တော်သည် အတိတ်ဘဝ ဆုတောင်း အဓိဋ္ဌာန်အရ မြန်မာနိုင်ငံ၌ပင် တည်ရှိနေကြောင်း အကျင့်ထူး ကျင့်ကြံ၍ အသိထူးရကြသည့် သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ် မြတ်စကား ကြားနာသိမှတ်ရသောအခါ မြန်မာနိုင်ငံသည် ဘာသာသာသနာအရ ထူးကဲမြင့်မြတ်သည့် နိုင်ငံအဖြစ် ဂုဏ်ယူ

ဝင့်ကြွားခဲ့ရသည်။

သို့သော် အလောင်းတော်ကဿပသည် ရှင်မဟာကဿပ မဟုတ်၊ ပေါင်လောင်ရှင်ကဿပဖြစ်နိုင်ဟု စာပေအတွေးအမြင်အရ ရေးသားပြောကြားလာကြသောအခါ စိတ်တွင်မတင်မကျ ဒွိဟဖြစ်ရပြန်သည်။

မည်သို့ဖြစ်စေ ယုံကြည်သဒ္ဓါစိတ်သည်သာ အဓိကဖြစ်ပါသည်။ အကျိုးထူးရလိုပါလျှင် ပုဂ္ဂိုလ်ထူးကိုသာ အာရုံပြုပွားများကန်တော့ရပေမည်။ သို့အတွက် ပေါင်လောင်ရှင် ကဿပအား ပြစ်မှားခြင်းမဟုတ်ပါ။ ရဟန်းတော်များအား ရှိခိုးပူဇော်ရာတွင် ဝါတော် အရ၊ ဝါတော်အစဉ်လိုက် ကန်တော့ကြရမည်ဖြစ်ရာ ဝါတော်ကြီးသော ရှင်မဟာကဿပမထေရ်မြတ်ကြီးအား ဦးစွာအာရုံထားပူဇော်ခြင်းဖြစ်ပါသည်။

ပေါင်လောင်ရှင်ကဿပလား၊ ရှင်မဟာကဿပလား စိတ်ဘဝင်မကျစရာအတွေးများကြောင့် စိတ်တွင် ဒွိဟဖြစ်နေကြချိန်တွင် ၂၀၀၇ ခုနှစ်မှစ၍ ၂၀၀၉ ခုနှစ်ထိ နှစ်စဉ် တပို့တွဲလပြည့်နေ့ နေ့ ၁၂ နာရီနှင့် ၁ နာရီကြားတွင် ကျောက်လိုဏ်ဂူတော်တံခါး လက်တစ်ဝါးခန့်ဟသွားခြင်း၊ ရောင်ခြည်တော်လွှတ်ခြင်း၊ ထူးခြားသည့် အလင်းတန်းထွက်ပေါ်လာခြင်း စသည့် ထူးခြားဖြစ်စဉ်များဖြစ်လာသည်မှာ သုံးနှစ်ဆက်တိုက်ရှိသည်မှာ အထင်ရှားသာဓကများဖြစ်သည်။ အခြားနေ့များတွင် ဖြစ်ပေါ်ခြင်းမရှိဘဲ တပို့တွဲလပြည့်နေ့တွင်မှ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်နေသည်မှာလည်း ထူးခြားသည့်ဖြစ်ရပ်။ တပို့တွဲလပြည့်နေ့သည် တတိယမဟာသာဝက ရှင်မဟာကဿပ မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ရာ ရှင်မဟာကဿပ

မထေရ်မြတ်ကြီးသည် စိတ်ဘဝင်ဒွိဟဖြစ်နေကြသည့် ဘုရားဖူးဝေနေယျများအား တန်ခိုးပြနေခြင်းပေလားဟုလည်း စိတ်၌တွေးမိရပြန်သည်။

အလားတူ အလောင်းတော်ကဿပသာသနာ့နေရာတွင် ရှင်မဟာကဿပမထေရ်မြတ်ကြီးနှင့် ဆရာဒကာဖြစ်ခဲ့သော ပထမသင်္ဂါယနာတင် သာသနာ့ဒါယကာ အဇာတသတ်မင်း၏ သစ္စာရေး၊ ဆုတောင်းပြည့်ဘုရား၊ လွမ်းစေတီ၊ ကံကျွေးချွှာ စသည့်ကောင်းမှုတော်များ အထင်ရှားရှိနေသည်။

သို့သော် သမိုင်းကြောင်းအရ ပေါင်လောင်ရှင်ကဿပသည် နရသူမင်း လက်ထက်ဟုဆိုဆို၊ နရပတိစည်သူမင်း လက်ထက်ဟုမှတ်မှတ် ဤမင်းများ၏ကောင်းမှုတော်သာသနိကအဆောက်အဦစေတီများ တည်ရှိမနေခြင်းကလည်း သမိုင်းအရစဉ်းစားစရာ။

မည်သို့ပင်ဖြစ်စေ ဆိုခဲ့သည့်အတိုင်း ဘုရားရှင်၏တရားတော်ကို ဘုရားဟောအတိုင်း သူလိုကိုယ်လို ကျင့်ကြံခြင်းမဟုတ်ဘဲ သူတကာထက် ထူးထူးကဲကဲကျင့်ကြံအားထုတ်ပွားများမှုကြောင့် အသိထူးရကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ သူတော်စင် ပုဂ္ဂိုလ်ထူးများ၏စကားများအရ သူတော်စင်များ တရားရှာကျင့်ကြံပွားများရာ သူတော်စင်များဌာနေ မဟာမြိုင်တောနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော ဤနေရာတွင် ရှင်မဟာကဿပရုပ်ကလာပ်တော်၊ ပေါင်လောင်ရှင်ကဿပရုပ်ကလာပ်တော်သာမဟုတ် အခြားကဿပရုပ်ကလာပ်တော်များလည်း ရှိနေကြသည်ဟု ကြားသိရပြန်သောအခါ ဤတော ဤတောင်သည် ထူးမြတ်သည့် သာသနာ့မြေပါလားဟု သိလာမိတော့သည်။

ထိုကဲ့သို့ ထူးခြားမြင့်မြတ်သော ဤတော ဤတောင်သို့ ရှင်မဟာကဿပမထေရ်မြတ်ကြီးအား ဦးထိပ်ထားကာ ပေါင်လောင်ရှင်ကဿပနှင့် သာသနာတွင် ထင်ရှားသည့် အခြားသော ကဿပများပါ ပူဇော်ရည်မှန်းကန်တော့ကြရန် အရောက်လာသင့်သော ထူးခြားမြင့်မြတ်လှသည့် သာသနာ့အောင်မြေ သာသနာ့ဌာနေဟုပင် သတ်မှတ်ရပေတော့မည်။ ထူးသည့်ပုဂ္ဂိုလ်များလာသလို လာသည့်သူများလည်း ထူးကြပါသည်ဟုလည်း ဆိုရပေတော့မည်သာ။

စိုးဟိန်း(မန်းတက္ကသိုလ်)

အမှတ် ..........
ရက်စွဲ ..........
စာကြည့်တိုက်



# အလောင်းတော်ကဿပလိုဏ်ဂူ လပြည့်နေ့မတိုင်မီ အလင်းတန်းကြီးဖြတ်သန်းသည် ဂူပေါက် ဟရုံမှ ဟသွားသည်

(၄၃)ကြိမ်မြောက် အလောင်းတော်ကဿပဘုရားဖူးခရီးစဉ် ၂၉ ၊ ၁ ၊ ၂၀၁၀ (၁၃၇၁ တပို့တွဲလပြည့်နေ့) ဝန်ဆောင်ဆရာတော်များ ရေသိမ်ဝင်ကြပြီးနောက် ၂၀၀၇ခုနှစ်မှစ၍ နှစ်စဉ် တပို့တွဲလပြည့်နေ့တိုင်း ကျောက်လိုဏ်ဂူတော် ကျောက်တံခါး ရှေ့ ဂမ္ဘီရဆန်းဆန်း ထူးခြားဆန်းကြယ်သောဖြစ်ရပ်များကို ၁၃၇၁ တပေါင်းလဆန်း(၃)ရက် ၁၈၊ ၂၊ ၂၀၁၀ Favourite News Journal (ဖေးဘရိတ် သတင်းစာစောင် အမှတ် ၂/၇) စာမျက်နှာ(၂၃)တွင် ဖော်ပြခဲ့သောဆောင်းပါးအား နောက်ဆက်တွဲအဖြစ် ဖော်ပြလိုက်ပါသည်။

ပုပ္ပါးသာသနာပြုဆရာတော် ဦးကုမာရသည် ၁၃၂၄ ခုနှစ်တွင် အလောင်းတော်ကဿပသို့ စတင်ရောက်ရှိခဲ့ရာမှ ထူးခြားသော သာသနာ့ဌာနနှင့်မြင့်မြတ်သော သာသနာ့မြေဖြစ်နေတော့သဖြင့် ခုနှစ်ရက်သားသမီးအပေါင်း လာရောက်ဖူးမြော်စေလိုသော စေတနာ၊ ကဿပမထေရ်မြတ်၏သာသနာတော် ထွန်းလင်းတိုးတက်စေလိုသောဆန္ဒနှင့် အလောင်းတော်ကဿပ

ဘုရားဖူးကို ဦးဆောင်စီစဉ်ပို့ဆောင်ပေးခဲ့သည်။ ဦးကုမာရနှင့် အတူ ပုပ္ပါးဦးကဝိန္ဒနှင့် ဦးသုမန(ယခု ဖိုလ်ဝင်တောင်ဆရာတော်) တို့ကလည်း ကူညီပံ့ပိုးပေးခဲ့ကြသည်။

ဆရာတော်ဦးကုမာရ၊ ဦးကဝိန္ဒတို့ ပျံလွန်တော်မူသွားပြီး နောက် တစ်ပါးတည်းကျန်ရစ်ခဲ့သည့် ဖိုလ်ဝင်တောင် သာသနာ ပြု ဆရာတော်ဦးသုမနမှာ ရွှေဘိုရန်ကြီးအောင်ဆရာတော်၊ မန္တလေးခွေးချိုတိုက်ဘုရင်ကျောင်းဆရာတော်၊ စစ်ကိုင်းဒီပါ အေးမြ ဆရာတော်၊ တံတားဦးကိုင်းထောက် ဆရာတော်တို့၏ ပေါင်းစုမှုအားဖြင့် အလောင်းတော်ကဿပဘုရားဖူးဝန်ဆောင် အဖွဲ့ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ရန်ကုန် ထောက်ကြန့်ပုပ္ပါးကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိစ၊ မန္တလေးခွေးချိုတိုက်ဆရာတော်ဦးဇဝန၊ ခွေးချိုတိုက် ဘုရင်ဆရာတော်၊ မတောင့်တဆရာတော်၊ ရွှေသမင်ဆရာတော်၊ ကနီဆရာတော်၊ ကံဆွယ်ဆရာတော်တို့လည်း ဝန်ဆောင် ဆရာတော်များအဖြစ် အလောင်းတော်ကဿပသာသနာ့စခန်း



တပို့တွဲလပြည့်နေ့ မတိုင်မီ ကျောက်လိုဏ်ဂူတံခါး ရွှေချပူဇော်နေကြသူများ

ထွန်းကားစည်ပင်ရေးကို ကြိုးပမ်းလာခဲ့သည်မှာ ၂၀၁၀ ပြည့်နှစ်တွင် (၄၂)ကြိမ်မြောက်အထိ ဘုရားဖူးဝန်ဆောင်ပို့ဆောင်ရေး အကျိုးဆောင်ခဲ့ကြပြီး အလောင်းတော်ကဿပ သာသနာ့မြေတွင် ရေ၊ မီး၊ တည်းခိုဇရပ်၊ စားသောက်နေထိုင်ရေး အဆင်ပြေလာခဲ့ကြသည်။

## စီးပွားရေးဈေးကွက်ဖြစ်လာ

ယခင်က လူသူမသိ၊ သွားလာရေးခက်ခဲသော အလောင်းတော်ကဿပသာသနာ့မြေမှာ သွားလာရေးအဆင်ပြေ၊ လူသိများလာကာ တဖြည်းဖြည်း စည်ကားလာမှုအပေါ် ဘုရားဖူးအကျိုးဆောင်အဖွဲ့များအနေဖြင့် "အလောင်းတော် ကဿပဘုရားဖူး"ဟူ၍ ခေါင်းစီးတပ်ရလောက်သည့် ခရီးစဉ်တစ်ခုဖြစ်လာခဲ့ပြီး ဘုရားဖူးဈေးကွက် ဖြစ်လာခဲ့သည်။

အလားတူ အလောင်းတော်ကဿပသာသနာအကြောင်းတေးသီချင်း၊ CD၊ တိပ်ခွေ၊ ဗွီစီဒီများ၊ စာအုပ်များလည်း ဈေးကွက်ဝင် တွင်ကျယ်လာခဲ့သည်။

## ဂမ္ဘီရဖြစ်ရပ်ဆန်းများဖြင့် ကဿပ

၂၀၀၇ ခုနှစ်မှသည် ၂၀၀၉ ခုနှစ်ထိ တပို့တွဲလပြည့်နေ့တိုင်းကျောက်ဂူတံခါးဟသွားခြင်း၊ အလင်းတန်းထွက်ပေါ်ခြင်း စသည့်ဂမ္ဘီရဆန်ဆန် ထူးခြားဖြစ်ရပ်များကြောင့် တပို့တွဲလပြည့်နေ့တိုင်း အလောင်းတော်ကဿပသို့ အရောက်သွားချင်ကြသူများ တစ်နှစ်ထက်တစ်နှစ် များလာခဲ့သည်။ အထူးသဖြင့် Media ခေတ်၌ဂျာနယ်များ၏ရိုက်ခတ်မှုကြောင့် ၂၀၀၉ခုနှစ်တွင် ကျောက်လိုဏ်ဂူတော်တံခါးဟသွားခြင်းသတင်းမှာ မြန်မာပြည်အနှံ့ ပြန့်သွားရာမှ အလောင်းတော် ကဿပသည် ၂၀၀၉ခုနှစ်၏ စိတ်ဝင်စား

ဖွယ်အကြောင်းအရာထဲတွင်တစ်ခုအပါအဝင်ဖြစ်သွားခဲ့သည်။


ထို့ကြောင့်လည်း ၂၀၁၀ပြည့်နှစ်၊ (၄၂)နှစ်ကြိမ်မြောက် ဘုရားဖူးခရီးစဉ်မှာ နှစ်စဉ်ပို့ဆောင်ပေးနေကြထက် နှစ်ဆပိုလာခဲ့သည်။

## ထူးဆန်းသောအလင်းတန်း

ဇန်နဝါရီလ ၂၇ရက်နေ့ ဖိုလ်ဝင်တောင်မှ အလောင်းတော်ကဿပသို့ မှန်လုံကားတန်းများဖြင့် ခရီးဆက်လာရာ နံနက် ၂နာရီခန့်တွင် ကပိုင်၌ ခေတ္တနားပြီး ခရီးဆက်ထွက်လာစဉ် ကောင်းကင်တွင် ဝိုင်းဝန်းနေသော “လ”ကိုဖြတ်ကာ အဖြူရောင်အလင်းတန်းကြီးတစ်ခုကို နံနက် ၃း၁၅ နာရီထိ တွေ့မြင်နေရသည်။ နံနက် ၃း၁၅ နာရီမှ ထူးဆန်းသောအလင်းတန်းကြီးမှာ တဖြည်းဖြည်းချင်း မှေးမှိန်ပျောက်ကွယ်သွားသည်ကို (၄၂)ကြိမ် ဘုရားဖူးခရီးသည်များထူးခြားမှုကို စတင်တွေ့ခဲ့ကြသည်။ စနေထောင့်မှ တနင်္ဂနွေထောင့်သို့ဖြတ်သွားသော အဖြူရောင်အလင်းတန်း၊ နဂါးငွေ့တန်းဟု လူကြီးသူမများက ပြောကြသည်။

## တိုးတိုးဇွေဇွေ လပြည့်နေ့

လူအများ စိတ်ဝင်စားနေကြသည့် တပို့တွဲလပြည့်နေ့ ကျောက်လိုဏ်ဂူတံခါးရှေ့တွင် လူအများ တိုးမပေါက်။ မွန်းတည့် ၁၂နာရီတွင် ဝန်ဆောင်ဆရာတော်များ ကျောက်လိုဏ်ဂူတံခါးရှေ့တွင် ရေသိမ်ဝင်ကြသည်။ ယခင်နှစ် တပို့တွဲလပြည့်နေ့ မွန်းတည့် ၁၂ နာရီနှင့် ၁ နာရီကြား ဆရာတော်များ ရေသိမ်ဝင်ချိန်နှင့် သိမ်ဝင်ချိန်တွင် ကျောက်ဂူတံခါးဟာခြင်း၊ ထူးဆန်းသည့် အလင်းတန်းထွက်ခြင်းကြောင့် ဒီနှစ်မှာလည်း ထူးခြားမည်ဟု မျှော်လင့်စောင့်ကြည့်နေကြရာဆရာတော်များသိမ်ဝင်ပြီး၍ကျောက်လိုဏ်



တပို့တွဲလပြည့်နေ့ နေ့ပိုင်း ဆရာတော်များရေသိမ်ဝင်ပြီးသည့်တိုင် ထူးခြားဖြစ်ရပ်ကို စောင့်မျှော်တွေမြင်ကြည့်ရှု ကြည်ညိုလိုကြသူများ ကျောက်လှိုဏ်ဂူ တံခါးရှေ့တွင် ဖွဲကောင်းကောင်းဖြင့် မျက်တောင်မခတ် စောင့်ဆိုင်းနေကြသူများ

ဂူမှထွက်ခွာသွားသည့်တိုင် ထူးခြားမှုမရှိသေးသော်လည်း ဘုရားဖူးများကားနေရာမရွေ့ ကျောက်လိုဏ်ဂူရှေ့တွင် ကျောက်လိုဏ်ဂူကျောက်တံခါးဆီသို့ အာရုံစိုက်နေကြသည်။

မွန်းလွဲ ၂ နာရီခန့်တွင် ကျောက်လိုဏ်ဂူသို့ ပေးထားသော လျှပ်စစ်မီးပြတ်သွားသည်။ ကျောက်ဂူအတွင်း၌ မှောင်အတိကျသွားသည်။ လင်းနို့ချေးနံ့၊ လူနံ့၊ ချွေးနံ့များဖြင့် နံစော်နေသော လေထုအတွင်း မွှေးရနံ့ပျံ့လွင့်လာသည်။ ကျောက်လိုဏ်ဂူ တံခါးရှေ့တွင် မွှေးရနံ့သင်းပျံ့သွားသည်။ ထို့နောက် အလင်းတန်းတစ်ခုသည် ကျောက်လိုဏ်ဂူအတွင်းသို့ လှိုင်းတစ်ခုနှယ် လင်းလက်ဖြတ်ဝင်သွားသည်။

## ဟာရုံမျှ ဟာသွားသည့် ကျောက်တံခါး

ဗီဒီယိုကင်မရာဆရာများ မီးကိုဖွင့်ပြီး ကျောက်လိုဏ်ဂူသို့

မီးထိုးလိုက်သည်နှင့် -

"ကျောက်တံခါး ဟနေပြီ"

"ဟိုး . . . ထိပ်ဆုံးမှာ ပိုက်ဆံနှစ်ရွက်မရှိတော့ဘူး" ဟု အသံတွေ ထွက်ပေါ်လာသည်။ သည်တစ်နှစ်လည်း ကျောက်လိုဏ်ဂူကျောက်တံခါး ဟသွားသည်။ ကျောက်ဂူနံရံတွင် ထိုးထည့်ထားသော ငွေစက္ကူအချို့ ကျောက်ဂူအတွင်းသို့ ဝင်သွားသည်။ ဟသည်ဆိုရုံမျှသာ ဟသွားသည်။ ထူးခြားသည်ကား အမွှေးရနံ့နှင့် အလင်းတန်း။

ယခင်နှစ်များက တပို့တွဲလပြည့်နေ့တွင် ညပိုင်း၌ ဆီမီးကိုးထောင် ပူဇော်၊ မီးကျည်များ ပစ်ဖောက်၊ နောက်တစ်နေ့မနက်လင်းမှ တောင်ပေါ်မှပြန်ဆင်းပြီး ချောင်းမကြီးတွင် ရေစီးနေသော စမ်းရေများကြား ကျောက်ဖျာများ၊ ကျောက်တုံးများပေါ်တွင် နံနက်စာစားပြီးမှ ဖိုလ်ဝင်တောင်သို့ ခရီးဆက်ကြသည်။ သည်နှစ်တော့တပို့တွဲလပြည့်ညမှာပင်တောင်ပေါ်မှပြန်ဆင်းခဲ့ကြရသည်။

## နောက်ဆုံးအစီအစဉ်

စင်စစ်ဝန်ဆောင်သံဃာတော်များမှာ သက်တော်များကြီးရင့်နေကြပါပြီ။ ဖိုလ်ဝင်တောင်ဆရာတော် ဦးသုမန၏ သက်တော်မှာ (၇၆)နှစ်ရှိပြီဖြစ်သလို ပုပ္ပါးဆရာတော် ဦးပဏ္ဍိစမှာလည်း (၇၅)နှစ်ရှိနေပြီး ရှေ့ပြေးဦးဆောင်ရသော မန္တလေးခွေးချိုတိုက်ဆရာတော်၏ သက်တော်မှာလည်း (၇၄)နှစ်ရှိနေပြီ။ ကနီဆရာတော်သည်ပင် သက်တော် (၆၀) ကျော်နေပြီဖြစ်ကြရာ ယခုတော့များပြားလွန်းလှသည့် ဘုရားဖူးလူစုလူဝေးကြီး၏ ဒုက္ခဒဏ်ကို မခံနိုင်လေရော့သလား။ ဆရာတော်ဦးသုမနနှင့် ဝန်ဆောင်အဖွဲ့ ပို့ဆောင်ပေးနေသော အလောင်းတော်ကဿပဘုရားဖူးခရီးစဉ်

နောက်ဆက်တွဲ (၄) ... ..... ရက်စွဲ ... ... ... ...



ကား သည်တစ်ကြိမ်နောက်ဆုံးအစီအစဉ်ဖြစ်ကြောင်းနှင့် နောက်နောင်လည်း ပို့ဆောင်ပေးတော့မည်မဟုတ်ကြောင်း ကြေညာသွားသည်။

## ကိုယ်တိုင်သာ လာကြ

ဆရာတော်ဦးသုမနအား လျှောက်ထားမေးကြည့်ရာတွင် "ဘုန်းကြီးတို့အသက်တွေလည်း ကြီးပြီဒကာကြီး။ အပင်ပန်းလည်း မခံနိုင်တော့ဘူး။ ပြီးတော့ ဘုန်းကြီးတို့ဆောင်ရွက်ပေးတာဟာ သွားရေးလာရေး၊ တည်းခိုရေး၊ နေရေးထိုင်ရေး၊ သောက်သုံးရေကအစ အားလုံးအဆင်ပြေနေကြပါပြီ။ ကိုယ့်အစီအစဉ်နဲ့ကိုယ်လည်း လာလို့ရနေကြပြီပဲ။ ဟိုးအရင်က ခရီးကြမ်းခက်ခဲ၊ တည်းခိုစရာမရှိ သောက်ရေမရှိ ဘုရားဖူးတွေ အဆင်မပြေမှာစိုးလို့ ဘုန်းကြီးတို့ တာဝန်ယူပို့ပေးနေတာ။ အခုတော့ အားလုံးအဆင်ပြေနေပြီပဲ။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်လာဖူးကြပေါ့ကွယ်။ သာသနာအတွက် ဘုန်းကြီးတို့တာဝန် ကျေပါပြီ"


ဆရာတော်ဦးသုမန၏ ရင်တွင်းစကားဖြစ်ပါသည်။

***စိုးဟိန်း (မန်းတက္ကသိုလ်)***

### ဝမ်းမြောက်ဖွယ် နောက်ဆက်တွဲ သတင်း

ဆရာတော်ဦးသုမနနှင့် ဝန်ဆောင်သံဃာတော်များမှ ဘုရားဖူးပို့ဆောင်ရေး ရပ်နားလိုက်ပြီဟု ကြေညာသော်လည်း တပည့်ဒကာဝေနေယျအများ၏ မေတ္တာရပ်ခံတောင်းဆိုမှုများကို မျက်ကွယ်မပြုနိုင်တော့ပဲ သာသနာ့အကျိုး မထေရ်မြတ်အကျိုး ခုနစ်ရက်သားသမီးအကျိုးအတွက် ဘုရားဖူးပို့ဆောင်ပေးခြင်းကို ယခင်အတိုင်း ပြန်လည်ပို့ဆောင်ဝန်ဆောင်ပေးရပြန်သည်မှာ မေတ္တာနှင့် ခန္တီတရားလက်ကိုင်ထားသော သာသနာပြုပုဂ္ဂိုလ်များ၏ မြင့်မြတ်သော စိတ်ထားဟုပင်ဆိုရပေမည်။

၂၇၈၉၆



- တတိယမဟာသာဝက ရှင်မဟာကဿပ လား?
  ပေါင်လောင်ရှင် ကဿပလား?
  ကဿပရှင်းတမ်း
- ရှင်မဟာ ကဿပ ဘဝထေရုပ္ပတ္တိနှင့် သာသနာခရီး
- အလောင်းတော် ကဿပ ခရီးစဉ်
- အလောင်းတော် ကဿပ သာသနာပြု ဆရာတော်များ
- ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ ထူးခြားဖြစ်ရပ်ဆန်းများ